# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၀၀)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဂါနာနိုင်ငံသံအမတ်ကြီး အာကူရာ ဆီကီဝါ အာဟန်ကော်ရာအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကွာလာလမ်ပူမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဂါနာနိုင်ငံ သံအမတ်ကြီး အာကူရာ ဆီကီဝါ အာဟန်ကော်ရာအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်**

တွေ့ဆုံစဉ် မြန်မာ - ဂါနာ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂါနာနိုင်ငံသံအမတ်ကြီး အာကူရာ ဆီကီဝါ အာဟန်ကော်ရာ အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်**

စာ - ၈

**ဒေသတွင်းတင်းမာမှုများ မြင့်တက်နေသည့်ကြားက ဂျပန်ဝန်ကြီးချုပ် အရှေ့အလယ်ပိုင်း သုံးနိုင်ငံသို့ သွားမည်**

နိုင်ငံတကာသတင်း ၊ စာ - ၁၄


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# နှစ် ၁၀၀ သမိုင်းသင်ခန်းစာ

ယနေ့မှစ၍ နှစ်ပေါင်း ၁၀၀ နောက်ကြောင်းပြန်ရေတွက်လျှင် ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံနှင့်တကွ နိုင်ငံသူ နိုင်ငံသားများအားလုံး သူ့ကျွန်ဘ၀ ကျရောက်နေခဲ့ရချိန်ဖြစ်သည်။ စင်စစ်အားဖြင့် ယင်းကာလတွင် မြန်မာနိုင်ငံဟူ၍ပင် မရှိတော့ပြီ။ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရချိန်မှစ၍ မြန်မာဟူသည်မှာ အိန္ဒိယ၏ ပြည်နယ်တစ်ခုသာဖြစ်သွားခဲ့ရပြီ ဖြစ်သည်။ အိန္ဒိယသည်ပင် နယ်ချဲ့၏ သိမ်းပိုက်ခံ ကိုလိုနီနယ်မြေ ဖြစ်သည့်အလျောက် မြန်မာမှာမူ ကျွန်ထက်နိမ့်ကျသည့် အခြေအနေဟူ၍ပင် နာနာကြည်းကြည်းဆိုခဲ့ကြသည်။ မြန်မာသည် အိန္ဒိယ၏ ပြည်နယ်တစ်ခုဖြစ်လာခဲ့သည့်အတွက် အိန္ဒိယသားတို့ လာရောက်စီးပွားရှာသည့် နေရာဒေသဖြစ်ခဲ့သည့်အပြင် လူ၀င်မှုဆိုင်ရာတို့မှာလည်း တံခါးမရှိ၊ ဓားမရှိအခြေအနေမျိုး ဖြစ်ပေါ်ခဲ့ပြီး လက်ရှိမြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာများ၏ မြစ်ဖျားခံရာများ ဖြစ်ခဲ့ရသည်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အကြောင်းပြု၍ အုပ်စိုးသူနယ်ချဲ့တို့ကို ဆန့်ကျင်မှုများ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်နိုးကြားမှုများ ပေါ်ပေါက်လာခဲ့သည်။ ရခိုင်နှင့် တနင်္သာရီ၊ ပဲခူးတို့မှာ ၁၈၂၄ ခုနှစ်တွင်လည်းကောင်း၊ မြေထဲမြို့မှသည် မြန်မာနိုင်ငံကို ထက်၀က်ပိုင်း ဖြတ်လျက် မြန်မာနိုင်ငံအောက်ပိုင်းသည် ၁၈၅၂ ခုနှစ်တွင်လည်းကောင်း နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ပြီးဖြစ်ရာ နှစ်ပေါင်း၇၀ ခန့် သူ့ကျွန်ဘ၀တွင် ဖိနှိပ်ခံခဲ့ရပြီးနောက် ရုန်းကန်မှုများ စတင်လာခဲ့ခြင်းလည်းဖြစ်သည်။ နယ်ချဲ့အုပ်စိုးသူတို့၏ လက်အောက်ခံကျွန်ဘ၀ဟုဆိုရာတွင် စိတ်ခံစားမှုသက်သက်မျှသာ မဟုတ်ဘဲ နှိမ့်ချဆက်ဆံမှု၊ ခွဲခြားမှုများကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသည့် လက်တွေ့ဘ၀များမှ ထွက်ပေါ်လာရခြင်းလည်း ဖြစ်သည်။

ဥရောပတိုက်သားများသာ ၀င်ရသည့် နေရာများ၊ မြန်မာတိုင်းရင်းသားများကို ခန့်ထားခြင်းမပြုသည့်ရာထူးများ၊ လူလူချင်း အတူတူ နှိမ့်ချဆက်ဆံခံရမှုများအပေါ် နာကြည်းစိတ်များက ကြာမြင့်လာချိန်တွင် ရုန်းကန်အုံကြွမှုများကို ဖြစ်ပေါ်လာစေခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်တွင်လည်း အုပ်စိုးသူတို့က လက်အောက်ခံတိုင်းပြည်မှ လူမျိုးစုများအတွင်း သွေးခွဲရေးလုပ်ငန်းများကို စနစ်တကျ ပညာသားပါပါ ဆောင်ရွက်ခဲ့ရာ ရာစုနှစ်ပေါင်းများစွာ အတူပူးပေါင်း ယှဉ်တွဲနေထိုင်ခဲ့ကြသည့် လူမျိုးများအကြား သံသယများနှင့် ပဋိပက္ခအကြောင်းများလည်း ပေါ်ပေါက်လာခဲ့သည်။

“ဗြိတိသျှတို့ကလည်း မြန်မာတို့ ‘ဘယ်ကလာသည်’ နှင့် အခြားလူမျိုးများနှင့် မည်သို့ ဆက်နွယ်သည်ကို သေချာစဉ်းစားလာသည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းတို့သည် လူမျိုးခွဲရေး သီအိုရီ၏ အထွတ်အထိပ်ကာလ ဖြစ်သည်။ ယဉ်ကျေးမှုအရ လူမျိုးခွဲဗေဒကို ကိုလိုနီလုပ်ငန်းတစ်ခုအဖြစ် မွေးထုတ်သည်။ အင်ပိုင်ယာအတွင်းရှိလူများကို အမျိုးအစားခွဲရန်နှင့် ရှေးအခါက ရွှေ့ပြောင်းအခြေချခြင်းနှင့် မကြာသေးမီအချိန်က သမိုင်းဖြစ်စဉ်တို့မှ လက်ရှိအနေအထားနှင့် စရိုက်လက္ခဏာတို့ကို မည်သို့ဖြစ်ပေါ်စေခဲ့သည်ကို နားလည်ရန် အင်တိုက်အားတိုက် ကြိုးပမ်းသည်။ ယင်းတို့သည် သိပ္ပံနည်းကျကျ ကြိုးပမ်းမှုများဖြစ်သော်လည်း အင်္ဂလိပ်လူမျိုးတို့သည် ထိပ်တန်းတွင်ရှိသည်ဟု ဖော်ပြလိုသည့် နည်းလမ်းတစ်မျိုးလည်းဖြစ်သည်” ဟူ၍ သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးက ၎င်း၏ မြန်မာ့သမိုင်းအပေါ် အမြင်၌ ဖော်ပြထားရာ သွေးကွဲနေသူများ၊ သွေးခွဲနေသူများ စဉ်းစားကြဖို့ပင် ဖြစ်သည်။

ခြုံ၍ဆိုရလျှင် နိုင်ငံအတွင်း အဘက်ဘက်မှ အားနည်းချိန် အထူးသဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ချိန်တွင် လွတ်လပ်ရေးနှင့် အတူ နိုင်ငံတစ်ခုလုံးပါ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ဆုံးသွားခဲ့ဖူးသည်။ မြန်မာလူမျိုးတို့ ကမ္ဘာကို ကြည့်မြင်လာနိုင်အောင် မျက်စိဖွင့်လာသည့်အချိန်တွင် အမျိုးသားစိတ်တို့ နိုးကြားတက်ကြွလာခြင်းနှင့်အတူ ကျွန်ဘ၀ကို စတင်တွန်းလှန်လာခဲ့သည်။ ယနေ့ မိမိတို့နိုင်ငံနှင့် လူမျိုးတို့ ရင်ဆိုင်နေကြရသည့် ပြဿနာတို့၏ ဇာစ်မြစ်များမှာ နယ်ချဲ့ခေတ်၏ ဆိုးမွေများဖြစ်သည်တို့ကို သမိုင်းသင်ခန်းစာ ယူနိုင်ကြရန်နှင့် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် စည်းလုံးညီညွတ်မှု၊ ကမ္ဘာကို ကြည့်မြင်နိုင်မှုတို့ဖြင့် အောင်မြင်စွာ တည်ဆောက်သွားကြရန်သာ ဖြစ်ပါကြောင်း။ ။



## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးဆိုင်ရာ လုပ်ငန်းများညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို KG+12 စနစ်သစ်ပညာရေးသင်ရိုးညွှန်းတမ်းဖြင့် ၂၀၁၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ်တွင် အားလုံးပြီးစီးမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည်KG+12 ပညာရေးစနစ်သစ်ဖြင့် အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးသို့ ကူးပြောင်းကြမည့် ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာတက္ကသိုလ်များနှင့် ဆက်စပ်ဝန်ကြီးဌာနရှိ တက္ကသိုလ်များအနေဖြင့် စနစ်သစ်သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေဖြစ်မည့် တက္ကသိုလ်သင်ရိုးညွှန်းတမ်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပညာရပ်နယ်ပယ်နှင့် ပညာရှင်များ ပိုမိုပြည့်စုံကျယ်ပြန့်စွာ ပါဝင်နိုင်ပြီး ပညာရပ် အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သုတေသနညီလာခံများ နှစ်စဉ်ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် Digitalization လုပ်ငန်းစဉ် အောင်မြင်စေရေးနှင့် လုပ်ငန်းများ ပိုမိုမြန်ဆန်ပြီး ထိရောက်မှန်ကန်စေရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှစတင်၍ (၄)နှစ်သင် ပညာရေးအထူးပြုဘွဲ့သင်တန်းများ ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ဒေသနှင့် လိုက်လျောညီထွေသည့် ဘွဲ့သင်တန်း၊ ဒီပလိုမာ သင်တန်းများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်အပါအဝင် ဦးစားပေးလုပ်ငန်း (၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အဆင့်မြင့်ပညာရေးမှ အရည်အသွေးရှိသော ဘွဲ့ရမောင်မယ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကတက္ကသိုလ်များ အရည်အသွေးပြည့်ဝ၍ တိုးတက်ရေး အားပေးကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် စာမေးပွဲစနစ်များ နိုင်ငံတကာအဆင့်မီတိုးတက်အောင် ဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်များစာကြည့်တိုက်ကို ထိထိရောက်ရောက် အသုံးချဆောင်ရွက်ရေး ပိုမိုမြှင့်တင်ဆောင်ရွက်စေလိုပါကြောင်းစသည်ဖြင့် အကြံပြုဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က အဆင့်မြင့်ပညာရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲမှ ဆွေးနွေးရရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်စီစဉ်နေမှု အခြေအနေများကိုလည်းကောင်း၊ ပါမောက္ခချုပ်များကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာဆင့်စိုးက လွတ်လပ်စွာရပ်တည်သော တက္ကသိုလ်များအဖြစ် ထူထောင်နိုင်ရန်အတွက် တက္ကသိုလ်အလိုက် ကြိုတင်လုပ်ငန်းစဉ်များနှင့် ပါမောက္ခချုပ်များကော်မတီက ကူညီဆောင်ရွက်ပေးမည့် အထောက်အကူပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က National Qualification Framework နှင့် စပ်လျဉ်း၍လည်းကောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံတက္ကသိုလ်များ၏ဘဏ္ဍာရေးစနစ်၊ Good Practice Guidelines for University Gover-nance and Management တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က တက္ကသိုလ်များတွင် e-payment system နှင့် Digitalization လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ စနစ်တကျဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်မည့်အစီအစဉ်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံး၏ နှစ်စဉ် Data Renew လုပ်ရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများကအဆင့်မြင့်ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ




## အလောင်းတော်ကဿပသို့ သွားရောက်နိုင်သည့် ဘုရားဖူးကားလမ်း ပြန်လည်ဖွင့်လှစ်

**ကနီ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ ရုပ်ပွားတော်တည်ရှိရာနေရာ စံကျောင်းတော်သို့ သွားရောက်နိုင်သည့် ကပိုင်-သပိတ်ဆေးဘုရားဖူးရာသီလမ်းမှာ ဇန်နဝါရီ ၃ ရက် ညပိုင်းက မိုးရွာမှုကြောင့် ဘုရားဖူးလမ်းကို ယာယီပိတ်ထားရပြီး ယခု ဇန်နဝါရီ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း အလောင်းတော်ကဿပဘုရား ဂေါပက ဥက္ကဋ္ဌ ဦးအောင်ကိုလင်းထံမှ သိရသည်။

သန်းဌေးအောင် (ကနီ)

# တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းတစ်ကျွန်းလျှင် ဟိုတယ်တစ်လုံးသာ တည်ဆောက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းတစ်ကျွန်းလျှင် ဟိုတယ်တစ်လုံးသာ တည်ဆောက်ခွင့်ပြုရန်ကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်သင့်

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်း သာယာလှပသော ကျွန်းများ တည်ရှိကြောင်း၊ ကျွန်းများ၌ ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရန်ရှောင်ရန်များကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသခံဆလုံလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ကျွန်းများ၌ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဈေးကွက်ခိုင်မာသော ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်သင့်ကြောင်း ပြောကြားသည်။

### သတိပြုဆောင်ရွက်သင့်

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတွင်းနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပြီး တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းများသည် သဘာဝအတိုင်းရှိနေဆဲဖြစ်ရာ မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာကြီးအတွက်ပါ သဘာဝအမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းလိုသည့် ဆန္ဒ (Desire)၊ ဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှုစွမ်းရည်(Skill) သုံးခုပေါင်းစပ်၍ ချင့်ချိန်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ယခုကဲ့သို့ ခရီးစဉ်ဒေသ မရှိတော့ပါကြောင်း၊ ကျွန်းစုများတွင် သဘာဝအတိုင်းရှိခြင်း၊ သန္တာကျောက်တန်းများ ရှင်သန်မှုရှိခြင်း၊ သဘာဝမျိုးကွဲမျိုးစိတ်များ၊ ရေနေသတ္တဝါများပေါများစွာ တည်ရှိနေခြင်းတို့ကြောင့် ရေရှည်အတွက် ရည်ရွယ်ချက်ထား ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျွန်းတစ်ခုချင်း၏ သဘာဝအကျယ်အဝန်းအနေအထားပေါ် ကြည့်ရှုသုံးသပ်ဆောင်ရွက်သင့်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးကျွန်းများ ခရီးစဉ်အတွက် စီမံကိန်း (Master plan) ရေးဆွဲဆောင်ရွက်သင့်ပြီး မြိတ်ကျွန်းစုဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး (Master plan) အား သက်ဆိုင်ရာဌာနများပါဝင်မှုဖြင့် ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း၊ လက်ရှိခွင့်ပြုထားပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများအပေါ်တွင်လည်း ပြန်လည်စိစစ်သုံးသပ် Monitor လုပ်သင့်ပါကြောင်း၊ ခရီးစဉ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးကို ဦးစားပေးကာ သတိပြုဆောင်ရွက်သင့်ပါကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ကျွန်းများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစိစစ်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု "Toursim For All" ဟူသော ဆောင်ပုဒ်နှင့်အညီ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများအလုပ်အကိုင် တိုးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပုလဲမွေးမြူရေးလုပ်ကွက်များ ခွင့်ပြုဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ်းခြေဒေသများနှင့် ကျွန်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပုလဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။



တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းတစ်ကျွန်းလျှင် ဟိုတယ်တစ်လုံးသာ တည်ဆောက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျွန်းများတွင် လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေအရာရှိအဆင့်-၃ မွမ်းမံသင်တန်းအမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ဥပဒေအရာရှိအဆင့်-၃ မွမ်းမံသင်တန်းအမှတ်စဉ် (၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စု ရှေ့နေချုပ်ရုံး တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်ဥပဒေရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးအရာရှိများ၊ မြို့နယ် ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ မွမ်းမံသင်တန်းများအား ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် တရားစွဲအမှုလိုက်ဘာသာရပ်အပြင် ရုံးလုပ်ငန်းဆိုင်ရာကိစ္စ၊ စီမံရေးရာကိစ္စ၊ ငွေစာရင်းနှင့် ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များနှင့် Legal English ဘာသာရပ်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ပါကြောင်း၊ ဥပဒေအရာရှိများသည် တရားစွဲဆိုခြင်း မပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ အမှုရုပ်သိမ်းခြင်း၊ အမှုပိတ်သိမ်းခြင်း၊ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းခြင်းကိစ္စများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလများအတွင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တောင်းခံသည့် ဥပဒေအကြံဉာဏ်များကို မှန်မှန်ကန်ကန် အကြံပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ဥပဒေအရာရှိများသည် တရားလို၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ဥပဒေဘောင်အတွင်းမှ ဖြေရှင်းပေးရသည့်နည်းတူ တရားခံတစ်ဦး၏ ရသင့်ရထိုက်သည့် အခွင့်အရေး မဆုံးရှုံးစေရေးကိုလည်း ကာကွယ်ပေးရမည် ဖြစ်ကြောင်း၊ သင်တန်းတွင် ဆွေးနွေးပို့ချသည့် ဘာသာရပ်များကို မှတ်သားပြီး သင်တန်းကာလကို အကျိုးရှိအောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။




အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ရက်သတ္တ လေးပတ်ကြာပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၌ ပထမအကြိမ် အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ၌ ပထမအကြိမ် ကျင်းပသော "အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံ" (Sports Science and Sports Medicine Conference 2020) ကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံသို့ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ၊ UK၊ US၊ Korea နိုင်ငံများမှ ပညာရှင် ၁၂ ဦးက လာရောက်ဆွေးနွေးကြမည်ဖြစ်သည်။ ညီလာခံတက်ရောက်သူများအား တက်ရောက်ကြောင်း (Certificate) လက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး ညီလာခံ၌ မြန်မာဘာသာပြန်စက်များ၊ နားကြပ်များလည်း စီစဉ်ပေးထားမည်ဖြစ်သည်။

အဆိုပါညီလာခံတက်ရောက်လိုသူများသည် ဖုန်းနံပါတ် - ၀၉.၂၅၇၅၇၃၃၄၄၊ ၀၉.၂၅၅၉၆၃၂၀၀ တို့သို့ ဇန်နဝါရီ ၄ ရက်မှစတင်၍ ငွေကျပ် ၃၅၀၀၀ ပေးသွင်းကာ စာရင်းပေးသွင်း မှတ်ပုံတင်နိုင်ကြသည်။ လူဦးရေကန့်သတ်ထားခြင်းကြောင့် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ပြီး ညီလာခံ၌ ပြခန်းများ၊ GYM များ၊ ကျန်းမာရေးနှင့် သက်ဆိုင်သော အစားအသောက်အချိုရည်များ၊ အားကစားနှင့် ပတ်သက်သော လုပ်ငန်းများ၊ အားကစားကိရိယာဆိုင်များ၊ ဆေးကုမ္ပဏီများ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများမှ ပြခန်းများ ပါဝင်ခင်းကျင်းပြသကြမည်ဖြစ်ကြောင်း လူထုအားကစားနှင့်ပညာပေးဌာနခွဲမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ရေစကြိုမြို့နယ် ချစ်သူကျေးရွာနှင့် ညောင်ပင်ကျေးရွာ ကူးတို့ဆိပ် ဒီပသရဖူဇက်ရေယာဉ်ဆိပ်ကမ်းနှင့် ကျေးလက်ကုန်ထုတ်လမ်းဖွင့်လှစ်




**နေပြည်တော် ဇန်နဝါရီ ၇**

ရေစကြိုမြို့နယ် ချစ်သူကျေးရွာနှင့် ညောင်ပင်ကျေးရွာ ကူးတို့ဆိပ် ဒီပသရဖူဇက်ရေယာဉ် ဆိပ်ကမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ချစ်သူကျေးရွာဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီပသရဖူဇက်ရေယာဉ်ဆိပ်ကမ်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်တေဇနိယ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နယူးဇီလန်သံရုံးနှင့် ဂျာမန်သံရုံးတို့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်နှင့် ဂျာမနီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) မှ ကိုယ်စားလှယ်များ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒီပသရဖူဇက်ရေယာဉ် ဆိပ်ကမ်းဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူက ကူးတို့ဆိပ် ဆောင်ရွက်ရခြင်း၊ ဇက်ရေယာဉ် ပြေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဇက်ရေယာဉ်စီးနင်းခွင့် လက်မှတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒီပသရဖူဇက်ရေယာဉ်ဆိပ်ကမ်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင် တေဇနိယနှင့် တာဝန်ရှိသူများက ဇက်ရေယာဉ် ဆိပ်ကမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် ဒီပသရဖူ(၁)၊ ဒီပသရဖူ (၂) ဇက်ရေယာဉ်များဖြင့် ချစ်သူကျေးရွာမှ ညောင်ပင်ကျေးရွာသို့ လိုက်ပါစီးနင်းကြပြီး အလယ်ကျွန်းကျေးရွာများ၏ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုအားပေးကြသည်။

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်သွယ်အကြား အလယ်ကျွန်းပေါ်ရှိ ကျေးရွာနေပြည်သူများသည် ရေစကြိုမြို့နှင့် ကူးလူးသွားလာရာတွင် ခက်ခဲမှုများ ကြုံတွေ့နေကြရမှုကို ကူညီဖြေရှင်းပေးနိုင်ရန် ဆရာတော် ဒေါက်တာ အရှင် တေဇနိယနှင့် စေတနာရှင်များက ကူးတို့ဆိပ်နှင့် ဇက်ရေယာဉ် ပြေးဆွဲပေးနိုင်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ယခုအခါ ဇက်ရေယာဉ် ပြေးဆွဲပေးနိုင်ခဲ့သဖြင့် အလယ်ကျွန်းပေါ်ရှိ ကျေးရွာနေပြည်သူများ၏ လယ်ယာထွက်ကုန်များ၊ လယ်ယာသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ သယ်ပို့မှု အဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလယ်ကျွန်းပေါ်ရှိ ကျေးရွာနေပြည်သူများ အသုံးပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ညောင်ပင် – တေရော် ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ခဲ့ရခြင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့ပြီးသော စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ညောင်ပင်–တေရော် ကျေးလက်ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသနေတောင်သူများစိုက်ပျိုးထားသည့် မြေပဲ၊ ကုလားပဲ၊ နေကြာနှင့် ဆောင်းသီးနှံ စိုက်ခင်းများကို ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးအတွက် နည်းပညာဖြန့်ဝေပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်ချမ်းသာဓမ္မဗိမာန်တွင် အလယ်ကျွန်းပေါ်ရှိ ကျေးရွာများ၌ သီတင်းသုံးတော်မူလျက်ရှိကြသည့် သံဃာတော်များအား သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ညောင်ပင်–တေရော် ကျေးလက်ကုန်ထုတ်လမ်းသည် ရေစကြို အလယ်ကျွန်းပေါ်ရှိ စိုက်ပျိုးမြေဧက ၅၃၆၃ ဧက၏ စိုက်ပျိုးထုတ်လုပ်မှုနှင့်အတူ ကျေးရွာ ၁၂ ရွာမှ အိမ်ထောင်စု ၉၃၇၇ စုကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကျောက်တန်းမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်တို့နှင့်အတူ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလိုတွေ့ဆုံရခြင်းမှာ ဌာနဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ ဆွေးနွေးရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ ပေါင်းစည်းပြီး လူထုတွေ့ဆုံပွဲများလုပ်ရန် ကိစ္စများအတွက် ဖြစ်ကြောင်း၊ ပြည်သူများ၏ မျှော်လင့်ချက်များ အကောင်အထည်ဖော်နိုင်ရန် လွှတ်တော်၊ အစိုးရ၊ ပြည်သူများ ပူးပေါင်းပြီး ဆောင်ရွက်နိုင်သည့် အခြေအနေမျိုးဖြစ်အောင် လုပ်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ အခက်အခဲများကို အောက်ခြေမှာပင် ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**ဆန်းကျော်ဦး (ပြန် /ဆက်)**


## ထူးခြားသည့် အနိမ့်ဆုံး ညအပူချိန်

**နေပြည်တော် ဇန်နဝါရီ ၇**

ထူးခြားသည့် အနိမ့်ဆုံး ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ပင်လောင်းမြို့၊ မင်းတပ်မြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် မိုးညှင်းမြို့၊ လွိုင်လင်မြို့၊ ဖလမ်းမြို့နှင့် မင်းကင်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာဒေဗီ ဘန်ဒါရီ ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တူရကီသမ္မတနိုင်ငံ သမ္မတ ရီဆက်တေယစ်အာဒိုဂန်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း တူရကီနိုင်ငံကိုယ်စား မိမိမှ နှုတ်ခွန်းဆက်သလိုက်ပါသည်။

အနာဂတ်ကာလတွင် တူရကီနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေး၊ အမျိုးသားသဟဇာတဖြစ်မှု တိုးမြှင့်လာစေရေးနှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြောစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် တူရကီနိုင်ငံမှ ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း မိမိအနေဖြင့် အလေးအနက်ထားဖော်ပြလိုပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြောရေးအတွက် ထပ်လောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ကေ၊ ပီ၊ ရှာမာအိုလီ ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နီပေါအစိုးရနှင့် နီပေါပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများကို လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း တိုးတက်သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် အင်မရန်ခမ်း ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိမှ ဝမ်းမြောက်ဂုဏ်ယူစွာ လှိုက်လှိုက်လှဲလှဲ နှုတ်ခွန်းဆက်သအပ်ပါသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် တန်ဖိုးထားပါကြောင်းနှင့် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံအကြား ရှည်လျားသည့် သမိုင်းကြောင်း ရှိခဲ့ပါသည်။ အနာဂတ်တွင်လည်း ပါကစ္စတန်-မြန်မာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆက်ဆံရေးသည် ပိုမိုတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများ ဆက်လက်တိုးတက် ကြွယ်ဝချမ်းသာပါစေကြောင်း မိမိမှ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီမှ ချမှတ်ထားသောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ယင်းနောက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့နှင့် ဆက်သွယ်ဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေးနှင့် နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အလံတင်အခမ်းအနား စီစဉ်ရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ ကျန်းမာရေး၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးဆပ်ကော်မတီများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ် အပြီးသတ်အတည်ပြုရေးညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ် အပြီးသတ်အတည်ပြုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁၉၉၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူကုန်ကူးခြင်းအား ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခုအဖြစ် မှတ်ယူကာ အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိသားစုများနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ မိမိတို့ ပံ့ပိုးကူညီပေးသော ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ ရရှိခံစားရသည့် လူကုန်ကူးခံရသူများအနေဖြင့် ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းမှုနှင့် ထိရောက်မှု ရှိ/မရှိကို သိရှိနိုင်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ၎င်းတို့၏လိုအပ်ချက်နှင့် ပံ့ပိုးကူညီမှုများ ကိုက်ညီပြီး အောင်မြင်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စံလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း။

ယခုစံလုပ်ငန်းအစီအစဉ် နည်းပညာပိုင်းဆိုင်ရာ အကူအညီအတွက် IOM (Myanmar) မှ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဌာနများအလိုက် အကြံပြုချက်များ ပေးပို့ပြီးဖြစ်သဖြင့် အတည်ပြုရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှု ကျူးလွန်သူများနှင့် ပတ်သက်၍ သတင်းပေးစေခြင်း၊ ကျူးလွန်သူများအား အရေးယူဆောင်ရွက်ခြင်း၊ အသိပညာပေးမှုများ အရှိန်အဟုန်မြှင့်ခြင်း၊ နိုင်ငံတကာ ကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက စံလုပ်ငန်းဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**



# စီပီယူများနှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း

မြတ်မြတ်စိုး

စီပီယူ ( CPU) ဟု ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများတွင် အများသိပြီး အသိများနေသော အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units – CPUs) ၏ ဖြစ်ထွန်းတိုးတက်မှုနှင့်ပတ်သက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖြင့် တစ်နည်း၊ သတင်းဆောင်းပါးများဖြင့် တစ်သွယ် သတင်းအချက်အလက်များ မျှဝေလျက်ရှိပါသည်။ ယခုအခါ စီပီယူလုပ်ငန်းများ စတင်လည်ပတ်လျက်ရှိသည်ကို ကျေနပ်ဖွယ်တွေ့ရှိရပါသည်။

**စီပီယူများ၏ အဓိကလုပ်ငန်းတာဝန်များ**

စီပီယူများ၏ အဓိကလုပ်ငန်းတာဝန်များ အနေဖြင့် (၂၆–၈–၂၀၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ဆောင်းပါးကို အကိုးအကား ပြုမည်ဆိုလျှင် စီပီယူများသည် အဂတိလိုက်စားမှု ပြဿနာပေါ်ပေါက်နိုင်သော အခြေအနေကို ဖော်ထုတ်ရန်၊ ပြဿနာများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန်နှင့် အဂတိလိုက်စားမှု ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ရန်၊ လျော့ကျစေရန် ပြုပြင်ပြောင်းလဲရန်တို့ ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတာဝန်များအနက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်း (Corruption Risk Assessment – CRA ) လုပ်ငန်းကို အများနားလည်သဘောပေါက်စေရန်အလို့ငှာ ဝက်ဘ်ဆိုက်အချို့တွင် ရှာဖွေတွေ့ရှိရသော အချက်အလက်များကို မျှဝေလိုပါသည်။

**စီအာရ်ဆိုသည်မှာ**

အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု (Corruption Risk –CR ) ကို ဦးစွာရှင်းလင်းလိုပါသည်။ စီအာရ်သည် အခြားသော ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေးစသည်တို့ဆိုင်ရာ Risks များနှင့် ကွာခြားမှုမရှိသော်လည်း အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု (စီအာရ်)ကမူ ပိုမိုဆိုးရွားသော သို့မဟုတ် စိုးရိမ်ရသော Risks အမျိုးအစားတွင် ပါဝင်ပါသည်။

ကိုယ်ကျင့်သိက္ခာနှင့်မညီသော ပြုမူလုပ်ဆောင်ချက်နှင့် ကျင့်ဝတ်ချိုးဖောက်မှုအပါအဝင် အဂတိလိုက်စားသော အပြုအမူ၏ ပိုမိုကျယ်ပြန့်သည့် ယူဆချက်တွင် Risk များ ဧကန်အမှန် ဖြစ်လာရခြင်းမှာ ပြစ်မှုကျူးလွန်ရန် သို့မဟုတ် အဂတိလိုက်စားရန် ရည်ရွယ်ချက်သာမက သက်မွေးဝမ်းကျောင်းမှုစွမ်းဆောင်ရည်နှင့် လေ့ကျင့်မှု၊ ပညာပေးမှု၊ မှန်ကန်သော လမ်းညွှန်မှုနှင့် ကြီးကြပ်မှုများ လျော့နည်းခြင်းများကြောင့်လည်းဖြစ်နိုင်ပြီး ပေါ့လျော့မှုသက်သက်ကြောင့်လည်း ဖြစ်နိုင်သည်ဟု SEE2020Series က ဆိုထားပါသည်။

စီအာရ်သည် အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများနှင့် လှုပ်ရှားမှုများအားလုံးနီးပါးတွင် ရှိနေနိုင်ပါသည်။ ထို့ပြင် P–P–P ဟု ခေါ်သော အစိုးရ– ပုဂ္ဂလိကလက်တွဲဆောင်ရွက်မှုများအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် ဆက်ဆံမှုရှိသော အစိုးရဌာန အဖွဲ့အစည်းများတွင် စီအာရ် ဥပမာ အကျိုးစီးပွားပဋိပက္ခ ဖြစ်နိုင်ခြေရှိမှု ပိုမို၍ ပေါ်ပေါက်နိုင်ပါသည်။ ယင်းသို့သော အခြေအနေတွင် အဆိုပါဌာန အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ မူလပင်ရင်းစီအာရ်များအပြင် ယင်းသို့ လက်တွဲဆောင်ရွက်မှုနှင့် ဆက်စပ်ဖြစ်ပေါ်သည့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို စီမံခန့်ခွဲနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

စိုးရိမ်ရပြီး ပုံမှန်စီအာရ်အမျိုးအစားအချို့တွင် ဌာနဆိုင်ရာဝန်ထမ်းက လာဘ်တောင်းခြင်း၊ လာဘ်ယူခြင်း၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ရာထူးအာဏာ အလွဲသုံးခြင်း၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာ ဘဏ္ဍာရန်ပုံငွေကို အလွဲသုံးစားပြုခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော သို့မဟုတ် ကျင့်ဝတ်သိက္ခာနှင့်မညီသော ပြင်ပဩဇာလွှမ်းမိုးမှု သို့မဟုတ် ဌာနဆိုင်ရာဝန်ထမ်းအပေါ် ဖိအားပေးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခဖြစ်မှုများ ပါဝင်ပါသည်။ ပုံမှန်တွေ့ရှိရသော စီအာရ်အမျိုးအစားများအချို့ကိုသာ ဖော်ပြနိုင်ပြီး မျက်မှောက်ဒစ်ဂျစ်တယ်ကမ္ဘာ ခေတ်ကာလတွင် ပုံမှန်မဟုတ်သော စီအာရ်များလည်း ပေါ်ပေါက်နိုင်သည်ဖြစ်ရာ လုံးဝပြီးပြည့်စုံသော စီအာရ်အမျိုးအစားစာရင်းကိုမူ ပြုစုနိုင်ရန် မလွယ်ကူကြောင်း သတိပြုသင့်ပါသည်။

**စီအာရ်အေဆိုသည်မှာ**

www.gateway.transparency.org က စီအာရ်အေဆိုသည်မှာ အဂတိလိုက်စားမှု အခွင့်အလမ်းများ ပေါ်ပေါက်နိုင်သည့် စနစ်တစ်ခုအတွင်း အားနည်းချက်များကို အမျိုးအမည်ခွဲခြားဆုံးဖြတ်ရန် ရှာဖွေသော လက်သုံးကိရိယာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ စီအာရ်အေသည် အခြားသော အဂတိလိုက်စားမှု ဆန်းစစ်ခြင်း လက်သုံးကိရိယာများနှင့် မတူသည့်အချက်မှာ စီအာရ်အေသည် အဂတိလိုက်စားမှုဖြစ်နိုင်ခြေကို ဆန်းစစ်ရာတွင် ထင်မြင်ယူဆချက်ထက် ဖြစ်ပေါ်နိုင်ခြေများမှုအပေါ် စူးစိုက်သည့် လက်သုံးကိရိယာ ဖြစ်ပါသည်။

စီအာရ်အေသည် အဂတိလိုက်စားမှုကျူးလွန်မှုကို အရေးယူအပြစ်ပေးခြင်းဟူသော အကျင့်ပျက်သည့် အလေ့အကျင့်ကို တန်ပြန်ပြစ်ဒဏ်ခတ်သည့် Reactive Measure မျိုးမဖြစ်စေရန်အတွက် သက်ဆိုင်သည့် ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် အန္တရာယ်ရှိမှုကို လေ့လာဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုတင်လုပ်ဆောင်သည့် Proactive Measure ဖြစ်ပါသည်။ ပြစ်ဒဏ်ချမှတ်မှု တစ်ခုသည် ဆုံးရှုံးသွားသည့် ပြည်သူတို့၏ ယုံကြည်မှုနှင့် ပေးဆပ်လိုက်ရသည့် ဌာနအဖွဲ့အစည်း၏ ပုံရိပ်ကျဆင်းမှုတို့ကို မည်သို့မျှ ပြန်လည်မရရှိနိုင်ပါ၊ မည်သည့်အရာနှင့်မျှလည်း အစားထိုး၍ မရနိုင်ပါ။

**စီအာရ်အေ၏အကျိုးကျေးဇူးများ**

အကျိုးသက်ရောက်မှုရှိသော စီအာရ်အေ ယန္တရားသည် သက်ဆိုင်ရာအာဏာပိုင်များက မိမိတို့၏လုပ်ငန်းတာဝန်ကို လွတ်လပ်၍မျှတစွာ လုပ်ဆောင်နေကြောင်း ယုံကြည်မှု၊ လေးစားမှုကို မြှင့်တင်ပေးခြင်းနှင့် အဆင့်မြင့်ဌာနဆိုင်ရာ အကြီးအကဲများအား ယင်းသို့ဆန်းစစ်မှုက မိမိတာဝန်ယူထားသော ဌာနအဖွဲ့အစည်းကို စနစ်တကျနှင့် နေရာတကျဖြစ်စေခြင်း အကျိုးကျေးဇူးများ ရရှိစေပါသည်။ စီအာရ်အေဆောင်ရွက်ခြင်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ ကျင့်ဝတ်သိက္ခာနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကိစ္စရပ်များကို မိမိ၏လုပ်ငန်းစဉ်တွင် ထားရှိစေခြင်း အကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့ပြင် သာမန်အန္တရာယ်ရှိနိုင်ခြေများကို ဖော်ထုတ်ပေးနိုင်စွမ်းကြောင့် ပြုပြင်ပြောင်းလဲမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့အတွက် စေ့ဆော်မှု၊ အတွေးအခေါ်များနှင့် အခြေခံများလည်း ဖြစ်ပေါ်စေပါသည်။

စီအာရ်အေကိုကောင်းမွန်ကျနစွာ ဆောင်ရွက်နိုင်မည်ဆိုလျှင် ယင်းသည်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ပေါ်လစီ၏ အရေးပါပြီး အကျိုးရှိသော အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်ပါသည်။ စီအာရ်အေ ဆောင်ရွက်မှုတစ်ခုတည်းကြောင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကောင်းမွန်သော စည်းမျဉ်း၊ ကောင်းမွန်သော ဌာနတွင်းလုပ်ငန်းစဉ်များကို အစားထိုးနိုင်သည်ဟု မဆိုနိုင်သော်လည်း စီအာရ်အေ၏ အဓိကအကျိုးကျေးဇူးတစ်ခုသည် အဂတိလိုက်စားမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှု၊ ဖြောင့်မတ်တည်ကြည်မှု အခြေအနေအပေါ် ပိုမိုနားလည်နိုင်စွမ်း ရှိလာခြင်းပင် ဖြစ်ပါသည်။

**လက်သုံးကိရိယာ**

CPU များအား စီအာရ်အေလုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိသော်လည်း အစိုးရဌာနအများစုသည် မည်သည့်နေရာမှစပြီး လုပ်ကိုင်ဆောင်ရွက်ရမည်ကို ဘဲဥအစရှာမရသကဲ့သို့ ဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ စီအာရ်အေသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လက်သုံးကိရိယာ (preventive tool) တစ်ခုဖြစ်ရာ၊ ယင်းသို့ဆန်းစစ်မှုပြုလုပ်နိုင်ရန် မိမိတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်စသည်တို့တွင် လာဘ်ပေးလာဘ်ယူဖြစ်နိုင်ခြေရှိသော၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော ဟာကွက်၊ ပျော့ကွက်များကို ခွဲခြားဖော်ထုတ်ရန် ဖြစ်ပါသည်။ ပြဋ္ဌာန်းဥပဒေမည်သည် ပြင်ဆင်ပြောင်းလဲရန် အဆင့်များစွာဖြင့် အချိန်ယူရသည်ဖြစ်ရာ အုပ်ချုပ်ရေး/ စီမံခန့်ခွဲရေးဥပဒေ (Administrative law)၏ သဘောသဘာဝအရ တစ်ဆင့်ခံဥပဒေပြုအာဏာ (Subordinate legislative power) ရရှိသည့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဌာနအဖွဲ့အစည်းများသည် မိမိတို့ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်စသည်တို့ကို ရှေ့ပြေးစီမံကိန်းသဘောမျိုး စီအာရ်အေ စမ်းသပ်လုပ်ဆောင်ရန် စဉ်းစားသင့်ပါသည်။ အထူးသဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးသည့် အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်သင့်ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းလျက်ရှိသည့် ကိုရီးယားသမ္မတနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် (Anti–Corruption and Civil Rights Commission – အေစီအာရ်စီ)၏ စီအာရ်အေနည်းလမ်းဖြင့် အဂတိလိုက်စားမှု ကြိုတင်တားဆီးဆောင်ရွက်မှုကို ထပ်မံ၍မျှဝေလိုက်ပါသည်။

အေစီအာရ်စီသည်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများတွင် အဓိကနယ်ပယ် လေးရပ်ဖြစ်သည့် လိုက်နာမှု (Compliance)၊ အကောင်အထည်ဖော်ဆောင်မှု (Execution)၊ အုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများ (Administrative procedures)နှင့် ထိန်းချုပ်ခြင်း (Corruption Control) တို့ကို ကြည့်ရှုစစ်ဆေးပါသည်။ ယင်းနယ်ပယ်တစ်ခုစီအတွက် criteria ခေါ် စံနှုန်းများသတ်မှတ်ပြီး စံနှုန်းတစ်ခုစီအတွက် စစ်ဆေးမှုစာရင်း (Checklist) ထားရှိပါသည်။

ဥပမာအနေဖြင့် လိုက်နာမှုနယ်ပယ် (Compliance) ကို လေ့လာလျှင် criteria သုံးခု ရှိသည့်အနက် မျက်နှာသာပေးဆက်ဆံမှု၊ ဖြစ်ထွန်းနိုင်ခြေရှိမှု (Possibility of preferential treatment) စံနှုန်း၏ Checklist တွင် (၁) လူတစ်ဦးတစ်ယောက်အား ဥပဒေအရဖြစ်စေ၊ လက်တွေ့ဖြစ်စေ အကျိုးခံစားခွင့် သို့မဟုတ် အခွင့်အရေးပေးမှု (benefits or favours) ရှိ၊ မရှိ၊ (၂) ယင်းသို့ဖြစ်စေရန် အကျိုးခံစားခွင့်၊ အခွင့်အရေးများ ဖန်တီးထားသည့် သတ်မှတ်ချက်များတွင် လက်ခံရရှိသူများ၊ လုပ်ထုံးလုပ်နည်းများ၊ ရည်ရွယ်ချက်များကို ရှင်းလင်းကျနစွာ သတ်မှတ်ထားခြင်း ဟုတ်၊ မဟုတ်၊ (၃) အခြားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် နှိုင်းယှဉ်လျှင် အကျိုးခံစားခွင့်၊ အခွင့်အရေးများက အုပ်စုအချို့အတွက်သာ ကန့်သတ်ထားခြင်း ဖြစ်၊ မဖြစ်၊ (၄) အခြားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် နှိုင်းယှဉ်လျှင် အကျိုးခံစားခွင့်၊ အခွင့်အရေးများက ပမာဏနှင့် အတိုင်းအတာ လွန်ကဲခြင်း ရှိ၊ မရှိနှင့် (၅) အဂတိလိုက်စားနိုင်ရန် ချိန်ရွယ်ထားသကဲ့သို့ရှိသည့် မျက်နှာသာပေးမှု သို့မဟုတ် အကျိုးခံစားခွင့်များကို ထိန်းချုပ်ရန် သီးခြားယန္တရားတစ်ရပ်ထားရှိရန် လိုအပ်မှု ရှိ၊ မရှိတို့ကို ထည့်သွင်းပြီး ဆန်းစစ်ကြောင်း တွေ့ရှိရပါသည်။

**အေစီအာရ်စီ၏အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ**

ဆက်လက်၍ အုပ်ချုပ်မှုဌာနများနှင့် နီးစပ်မှုရှိနိုင်သည့် အေစီအာရ်စီ၏အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ (Administrative procedures) နယ်ပယ်တွင် ဆန်းစစ်မှုပြုလုပ်ခြင်းကို လေ့လာကြည့်မည်ဆိုလျှင် လက်လှမ်းမီမှု (Accessibility)၊ ဖွင့်လှစ်ချပြမှု (Openness)နှင့် ကြိုတင်ခန့်မှန်းနိုင်မှု (Predictability) စံနှုန်း သုံးခုအနက် ဖွင့်လှစ်ချပြမှုစံနှုန်း၏ Checklist တွင် (၁) သတင်းအချက်အလက်ထုတ်ဖော်အသိပေးမှု (Information disclosure) ကို ကိုင်တွယ်သည့် လုပ်ထုံးလုပ်နည်းများအတွက် သီးခြားယန္တရား ရှိ၊ မရှိ၊ (၂) သတင်းအချက်အလက်ထုတ်ဖော်အသိပေးမှုကို သီးခြားအကျိုးသက်ဆိုင်သူ အုပ်စုများအတွက်သာ ကန့်သတ်ထားရှိမှု ဖြစ်၊ မဖြစ်၊ ယင်းအတိုင်းအတာကို တိုးချဲ့ရန် လိုအပ်၊ မလိုအပ်၊ (၃) သီးခြားသတင်းအချက်အလက် ထုတ်ဖော်အသိပေးသည့်စနစ် မထားရှိခြင်း သို့မဟုတ် မလိုအပ်ဟုယူဆခြင်းအတွက် မှန်ကန်ကြောင်း ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိနှင့် (၄) အနာဂတ်ကာလအတွက် အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာရှိမှု မြှင့်တင်ရန် သတင်းအချက်အလက်ထုတ်ဖော်အသိပေးမှု စနစ်တစ်ခုဖော်ဆောင်ရန် လိုအပ်၊ မလိုအပ်တို့ကို စစ်ဆေးရန်ဖြစ်ပါသည်။

ကြိုတင်ခန့်မှန်းနိုင်မှု (Predictability) စံနှုန်း၏ Checklist တွင် (၁) ဥပဒေပြဋ္ဌာန်းချက်များ၌ ပြည်သူတို့၏ အသနားခံစာများ၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို လျှောက်ထားရန် လိုအပ်သော အထောက်အထားများနှင့် အချိန်ကာလသတ်မှတ်ချက် ပါ၊ မပါ၊ (၂) အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတ်မှတ်ချက်များ၏ အဓိပ္ပာယ်ကို အများပြည်သူက အလွယ်တကူနားလည်နိုင်မှု ရှိ၊ မရှိ၊ (၃) အများပြည်သူက ကြိုတင်ခန့်မှန်းနိုင်မှုနှင့် နားလည်မှုကို အားနည်းစေနိုင်သော ခက်ခဲသည့် သို့မဟုတ် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ သုံးထားသည့်အတွက် မှန်ကန်ကြောင်း ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိ၊ (၄) ကြိုတင်ခန့်မှန်းနိုင်ရန် နည်းပါးခြင်းအတွက် မှန်ကန်ကြောင်း ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိနှင့် (၅) ယင်းသို့နည်းပါးခြင်းကြောင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ဘေးထွက်ဆိုးကျိုးများကို တားဆီးကာကွယ်ရန် ပိုကောင်းလာစေမည့် ဆောင်ရွက်ချက်များ လိုအပ်မှု ရှိ၊ မရှိတို့ ပါဝင်ပါသည်။

ကိုရီးယားနိုင်ငံ၏ စီအာရ်အေတွင် နယ်ပယ်လေးရပ် ခွဲခြားပြီး ဆန်းစစ်သော်လည်း မိမိတို့အတွက်

*စာမျက်နှာ ၇ သို့*

> **“စီအာရ်အေကို ကောင်းမွန်ကျနစွာ ဆောင်ရွက်နိုင်မည်ဆိုလျှင် ယင်းသည်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ပေါ်လစီ၏ အရေးပါပြီး အကျိုးရှိသော အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်ပါသည်။ စီအာရ်အေ ဆောင်ရွက်မှုတစ်ခုတည်းကြောင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကောင်းမွန်သော စည်းမျဉ်း၊ ကောင်းမွန်သော ဌာနတွင်းလုပ်ငန်းစဉ်များကို အစားထိုးနိုင်သည်ဟု မဆိုနိုင်သော်လည်း စီအာရ်အေ၏ အဓိကအကျိုးကျေးဇူးတစ်ခုသည် အဂတိလိုက်စားမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှု၊ ဖြောင့်မတ်တည်ကြည်မှု အခြေအနေအပေါ် ပိုမိုနားလည်နိုင်စွမ်း ရှိလာခြင်းပင်ဖြစ်”**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ စတုတ္ထအကြိမ်ညှိနှိုင်းစည်းဝေး




**နေပြည်တော် ဇန်နဝါရီ ၇**

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မိမိတို့အဖွဲ့ကို တာဝန်စတင်ပေးကတည်းကပင် အစည်းအဝေးကျင်းပလာခဲ့သည်မှာ စတုတ္ထအကြိမ်သို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ ပထမဆုံးအကြိမ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ ဒုတိယအကြိမ်ကို နိုဝင်ဘာ ၈ ရက်နှင့် တတိယအကြိမ်ကို နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးများတွင် စာအုပ်အရွယ်အစားနှင့် စာအုပ်ထွက်ရှိလာမည့်အချိန်ကို သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် ပထမဆုံးမြန်မာဘာသာဖြင့် ဦးစွာထုတ်ပြန်ပြီးမှသာ အင်္ဂလိပ်ဘာသာပြန် ထုတ်ပြန်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြပါကြောင်း။

အဓိက ဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများနှင့် အဖွဲ့အစည်းများထံမှ ရရှိထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများမှန်ကန်မှု ရှိ၊ မရှိကို တာဝန်ယူစစ်ဆေးပေးပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ရန်အတွက် စာတည်းပိုင်းဆိုင်ရာလုပ်ငန်းများ၊ Layout Design များနှင့် Proto-col ဆိုင်ရာ ညီညွတ်မှု ရှိ၊ မရှိ ဆန်းစစ်ပြင်ဆင်ပေးမည် ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများ အနေဖြင့် ပွင့်လင်းစွာ သဘောထားများ တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ဝင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ တတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ နှစ်ပတ်လည် အစီရင်ခံစာအတွက် သတင်းအချက်အလက် ပေးပို့ခဲ့သည့် စာရင်းနှင့် ပေးပို့ရန် ကျန်ရှိသည့် စာရင်းအခြေအနေ၊ ဝန်ကြီးဌာနများမှ နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်းမည့် အချက်အလက်ပေးပို့မှု အခြေအနေ၊ နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် နှစ်ပတ်လည်အစီရင်ခံစာ ရေးသားထုတ်ဝေနိုင်ရေးကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

---



## ❑ *ကျောဖုံးမှ*

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းအထွေထွေမန်နေဂျာ ဦးသက်ခိုင်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်ဇော်ဦး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးလှအောင်၊ လက်ထောက်မန်နေဂျာ ဦးကျော်ဦးလွင်နှင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးသောင်းကြည်တို့ ဦးဆောင်၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းအထွေထွေမန်နေဂျာ ဦးသက်ခိုင်က "မြန်မာကျပ်ငွေနဲ့ ပြသရောင်းချတဲ့ ဒီပွဲကို ရတနာကုန်သည် ၂၀၂၃ ဦး တက်ရောက်ခဲ့ပါတယ်။ ပြပွဲမှာ ကျောက်စိမ်းအတွဲ ၃၆၉၅ တွဲနဲ့ ကျောက်မျက်အတွဲ ၂၈၆ တွဲ ပြသခဲ့ပြီး မြန်မာငွေ ကျပ်သန်း ၅၉၄၅၉ ဒသမ ၈၀ တန်ဖိုးရှိတဲ့ ကျောက်စိမ်းအတွဲ ၃၄၉၁ တွဲနဲ့ ငွေကျပ်သန်း ၃၆ ဒသမ ၉၂ သန်းတန်ဖိုးရှိတဲ့ ကျောက်မျက်အတွဲကိုးတွဲ ရောင်းချခဲ့ရပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ယခုကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲတွင် တန်ဖိုးအမြင့်ဆုံးအဖြစ် အလေးချိန် ၅၈၀ ကီလိုရှိ ကျောက်စိမ်းတွဲ အမှတ် ၁၄၆၉ ကို မြန်မာငွေကျပ်သိန်း ၅၈၀၀ ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။ **မင်းမင်းဇော်(ကလေး၀)**

**ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဆင်နွှဲမနေ့အပြီး တာဝန်ရှိသူများက မီဒီယာများအား တွေ့ဆုံရှင်းလင်းစဉ်။**

---

*စာမျက်နှာ ၆ မှ*

ယင်းနယ်ပယ် လေးရပ်လုံး လိုအပ်မည်ဟု သတ်မှတ်၍ မရနိုင်ပါ။ မိမိတို့၏ နောက်ခံအနေအထားနှင့် အပ်စပ်မှုရှိသလောက် နယ်ပယ်နှင့် စံနှုန်းများနှင့် မိမိတို့နှင့် အသုံးတည့်မည့် နယ်ပယ်နှင့် စံနှုန်းများကိုသာ စဉ်းစားသင့်ပါသည်။ အေစီအာရ်စီအား ဥပဒေအရ အဂတိလိုက်စားမှု၏ အန္တရာယ်ရှိမှုများကို လူထုအသိပညာပေးရေးမြှင့်တင်ရန်နှင့် စီအာရ်အေဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အတွက် ဥပဒေပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန် ရည်ရွယ်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် သက်ဆိုင်သည့် အဆိုပြုလွှာနှင့် အချက်အလက်များကို အေစီအာရ်စီသို့ ပေးပို့ပြီး ဆန်းစစ်ခြင်းခံရကြောင်း၊ စီအာရ်အေဆန်းစစ်မှုတွင် အစိုးရဝန်ကြီးဌာနများမှ အဆိုပြုသော ဥပဒေမူကြမ်းများနှင့် တည်ဆဲဥပဒေများလည်း အကျုံးဝင်ကြောင်း၊ အေစီအာရ်စီက ဆန်းစစ်မှုပြုလုပ်ပြီးလျှင် ရလဒ်နှင့် ထောက်ခံတင်ပြချက်များကို အစိုးရဌာနများအား မျှဝေအသိပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

**အကြံပြုတင်ပြချက်**

စီပီယူများအနေဖြင့် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်းလုပ်ငန်းကို အများပြည်သူနှင့် ထိတွေ့ဆက်ဆံမှုများပြီး ပြည်သူ့ဝန်ဆောင်မှုပေးရသော ရုံးဌာနများမှ စတင်ခြင်းက ပိုမိုလွယ်ကူနိုင်မည်ဖြစ်ပါသည်။ မိမိတို့၏ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များကိုဆန်းစစ်ရန် Checklist ထားရှိ ဆောင်ရွက်သင့်ပါသည်။

များမကြာသေးမီက စီပီယူများအား ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် အိုင်စီတီအခြေပြု အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းယန္တရား (ICT-based Proactive Beneficiary/ Citizen Engagement – PBE-Mechanism) ကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် စီပီယူများ၏ လက်သုံးကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်ရန် မိတ်ဆက်ပေးခဲ့ပြီး ယခုအခါ လက်တွေ့လည်း စမ်းသပ်လည်ပတ်မှု လုပ်ဆောင်နေကြပြီ ဖြစ်ပါသည်။ PBE သည် မိုဘိုင်းဖုန်းမှတစ်ဆင့် ဌာနဆိုင်ရာ၏ ဝန်ဆောင်မှုအပေါ် တုံ့ပြန်မှုကို ပြည်သူထံမှ ရရှိနိုင်သည့် နည်းလမ်းဖြစ်၍ စီပီယူများအနေဖြင့် မိမိဌာနအဖွဲ့အစည်း၏ ဝန်ဆောင်မှုပေးမှုအပေါ် ပြည်သူ့ထံဆက်သွယ်ပြီး တုံ့ပြန်မှု (feedback) ရယူခြင်းဖြင့် လုပ်ငန်းဆောင်တာများ၏ ဟာကွက်၊ အားနည်းချက်များကို သိရှိနိုင်ပြီး စီအာရ်အေလုပ်ငန်းတွင် ထည့်သွင်းဆက်စပ်အသုံးပြုရန်လည်း ဖြစ်နိုင်ကြောင်း အကြံပြုလိုပါသည်။ ယခုမိတ်ဆက်ထားသည့် PBE ယန္တရားမှာ ပြည်သူ့အသံကို အလေးတယူနားထောင်ပေးခြင်း ဖြစ်ပါသည်။

ဌာနဆိုင်ရာ CPU များအနေဖြင့် စီအာရ်အေဆောင်ရွက်နိုင်ရန် အထက်တွင် ဖော်ပြသည့်အတိုင်း နယ်ပယ်ခွဲပြီး Checklist လုပ်ရန် တိုက်တွန်းလိုပါသည်။ Checklist သည် ဌာနအဖွဲ့အစည်းများနှင့် မ "စိမ်း"ပါ။ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုသုံးသပ်ခြင်း (Review) လုပ်ငန်းစဉ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့်အတူ ပုဂ္ဂလိကကဏ္ဍအပါအဝင် ဆက်စပ်သောဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပေါင်းစည်းဖြေဆိုထားသည့် Self-Assessment Checklist အပေါ် နိုင်ငံဆိုင်ရာ သုံးသပ်မှု အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို အမှတ်ရစေလိုပါသည်။

စီအာရ်အေလုပ်ဆောင်ရာတွင် ဘာသာရပ် (သို့မဟုတ်) နယ်ပယ်အပေါ်မူတည်ပြီး Risk သတ်မှတ်ချက်ကလည်း ကွဲပြားသွားနိုင်ပါသည်။ ဥပမာ ကုန်သွယ်မှု (trade) နယ်ပယ်တွင် အကောက်ခွန်နှင့် ကုန်သွယ်မှုလုပ်ငန်းများသည် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို ဖုံးကွယ်ထား၍ မရနိုင်အောင် အကာအကွယ်မဲ့စေပါသည်။ လုပ်ငန်းချောမွေ့စေရန်ပေးရသော အဖိုးအခများမှအစ အစစ်အမှန်မဟုတ်သည့် ကြေညာလွှာများ၊ ကုန်ပစ္စည်းအတုများ၊ တရားမဝင်ကုန်ပစ္စည်းများနှင့် လာဘ်ပေးမှုများအထိ တွေ့နိုင်သည့်အတွက် အဂတိလိုက်စားမှုကလည်း ပုံစံမျိုးစုံဖြင့် ပေါ်ပေါက်နိုင်ပါသည်။ စီအာရ်အေလုပ်ငန်းအတွက် အကောက်ခွန် (Customs)၊ ကုန်စည်ကုန်သွယ်ရေး (Trade in Goods)၊ ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in Services)၊ ရင်းနှီးမြှုပ်နှံမှု (Investment) စသည်ဖြင့် ကဏ္ဍများ၊ နယ်ပယ်များ ခွဲခြားဆောင်ရွက်သင့်ပါသည်။ ဌာနအလိုက်ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို Stock – taking ပြုလုပ်ပြီး ကဏ္ဍအလိုက် Checklist ပြုစုသင့်ပါသည်။ လိုအပ်သည်ထက်ပိုပြီး အထောက်အထားစာရွက်စာတမ်းများ တောင်းခံခြင်းမျိုး၊ အချိန်ဆွဲထားခြင်းမျိုး၊ အဆင့်များစွာသတ်မှတ်ထားခြင်းမျိုး စသည်တို့ကြောင့် အကျင့်စာရိတ္တပျက်ပြားနိုင်သည်၊ တစ်နည်းအားဖြင့် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိနိုင်သည်ဖြစ်ရာ ပြည်သူနှင့် ထိတွေ့လုပ်ကိုင်ဆောင်ရွက်ရသော အောက်ခြေရုံးများ၏ အခက်အခဲများကိုလည်း အထက်ရုံးများမှနားထောင်ပေးမှသာ စီအာရ်အေလုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

စီအာရ်အေဆောင်ရွက်ကြရာတွင် ချဉ်းကပ်ပုံ နည်းလမ်းများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြဘဲ ကိုယ်သန်ရာနည်းလမ်းကို အသုံးပြုကြခြင်းဖြစ်ရာ၊ အချို့က စီအာရ်အေကို အခြေခံအရင်းအမြစ်ဖြစ်သည့် စစ်တမ်းများ၊ မေးခွန်းလွှာများ၊ Checklist များ၊ စံသတ်မှတ်ချက်များဖြင့် ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုကြပြီး အချို့က တစ်ဆင့်အရင်းအမြစ်ဖြစ်သည့် သုတေသနပြုလုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနည်းလမ်းကို အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခု ကိုရီးယားနိုင်ငံ အေစီအာရ်စီက အသုံးပြုလျက်ရှိသည့် စီအာရ်အေလုပ်ငန်းစဉ်ကမူ မိမိတို့နှင့် အနီးစပ်ဆုံးဖြစ်နိုင်မည်ဟု ယူဆပါသည်။ ကိုရီးယားနိုင်ငံ၏ စီအာရ်အေကို အသေးစိတ်လေ့လာနိုင်ရန် UNDP Seoul Policy Center မှ ပြုစုထားသော Introduction to Korea's Corruption Risk Assessment: A tool to analyze and reduce corruption risks in laws and regulations ကို ရည်ညွှန်းလိုပါသည်။

**စီအာရ်အေ ဆောင်ရွက်ခြင်းအကျိုး**

စီအာရ်အေကို အုပ်ချုပ်ရေးမဏ္ဍိုင်အောက်ရှိ ဌာနအဖွဲ့အစည်းများသာမက ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့်လည်း ဆောင်ရွက်နိုင်မည်ဟု ယူဆပါသည်။ တစ်ဖက်တွင် အုပ်ချုပ်ရေးဌာနအဖွဲ့အစည်းများက စီအာရ်အေဆောင်ရွက်ခြင်းက လက်တွေ့ကျသည့်အတွက် ထိရောက်စေသည်ဟု ဆိုနိုင်ပြီး အခြားတစ်ဖက်တွင် ဥပဒေပြုမဏ္ဍိုင်က လုပ်ဆောင်သည့် စီအာရ်အေကမူ ဥပဒေကြောင်း သုံးသပ်မှု လုပ်ငန်းစဉ် (legislative review process) နှင့် ချိတ်ဆက်နိုင်စွမ်းရှိခြင်းကြောင့် ယင်းစီအာရ်အေ ဆောင်ရွက်မှုကလည်း ထိရောက်စေသည်ဟု ဆိုနိုင်ပါသည်။

အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လက်သုံးကိရိယာအဖြစ် အသုံးပြုခြင်းသည် လက်တွေ့ကျပြီး လုပ်လည်းလုပ်နိုင်မည် (practical and doable) ဟု လက်ခံယုံကြည်၍ လေ့ကျင့်ခန်းတစ်ခုကဲ့သို့ ဆောင်ရွက်နိုင်လျှင် ဌာနဆိုင်ရာဝန်ထမ်းများသည် စီအာရ်အေကို အမှန်ပင် ရင်းနှီးကျွမ်းကျင်လာမည်ဖြစ်ပါကြောင်းနှင့် စီပီယူများသည် စီအာရ်အေလုပ်ငန်းအတွက် ရဲဝံ့ပြတ်သားသော Bold Measures များ ချမှတ်လုပ်ကိုင်ဆောင်ရွက်ရန် အောင်မြင်ပါစေကြောင်း ဆန္ဒပြုလျက် နိဂုံးချုပ်အပ်ပါသည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်–

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ကြို့ပင်အလယ်ကျေးရွာနေ ကြည်ခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၂-၂၀၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ ကြို့ပင်အလယ်ကျေးရွာနေ ကြည်ခိုင်(၄၁)နှစ်၊ (ဘ)ဦးသာခိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်အတွင်းမှ ဇေယျာသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာနေ ပြည့်ဖြိုးမောင် (၃၂)နှစ်၊ (ဘ) ဦးတိုးမောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ပျဉ်းမနား) မယ (ပ) ၁၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ ဝဒန်းချို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၁၉ ရက်နေ့တွင် ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ ဝဒန်းချို့(ခ)ရန်ရွှမ် (၄၀)နှစ်၊ (ဘ)ဦးချုံးမင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရှင်ဗွေယန်) မယ (ပ)၃/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ချောင်းဆုံကျေးရွာအနီး လျှိုအတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၂-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ချောင်းဆုံကျေးရွာအနီး လျှိုအတွင်း ရုတ်တရက်ဝင်ရောက်စီးနင်း စစ်ဆေးရှာဖွေရာ ယာယီလူနေတဲအတွင်း မော်ပုံကျေးရွာနေ တင်မျိုးဦး(၄၇)နှစ်၊ (ဘ)ဦးဘို၀၊ ၄ က်ပျောတောရပ်ကွက်နေ ခင်မောင်စီ (၃၆)နှစ်၊ (ဘ)ဦးမောင်စီနှင့် ငိုးပင်းကျေးရွာနေ မာလ(၂၂)နှစ်၊ (ဘ)ဦးချစ်ဝင်းတို့ (၃) ဦးအား တံဆိပ်မပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးခင်း)မယ(ပ) ၈၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ သဝန်ကျေးရွာနေ တင်ဖေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၂-၂၀၁၉ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ သဝန်ကျေးရွာနေ တင်ဖေ(၅၈)နှစ်၊ (ဘ)ဦးအောင်တင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး) မယ(ပ)၄၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ မြေနီကုန်းကျေးရွာနေ ကျော်သူဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၁၉ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ တပ်ကုန်းကျေးရွာ အနောက်ဘက် တောအတွင်း၌ မြေနီကုန်းကျေးရွာနေ ကျော်သူဝင်း (ခ)ရှိုင်းဝဏ္ဏ (၂၉)နှစ်၊ (ဘ) ဦးဝင်းမောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး)မယ(ပ) ၉၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ သက္ကယ်တောင်ကျေးရွာနေ ကျော်မြင့်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ သက္ကယ်တောင်ကျေးရွာ၊ တာရိုးလမ်းမပေါ်၌ ၎င်းကျေးရွာနေ ရှိုင်းနောင် (၂၆)နှစ်၊ (ဘ) ဦးအောင်ကံအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား ၎င်းကျေးရွာနေ ကျော်မြင့်နိုင် (၄၀)နှစ်၊ (ဘ)ဦးတာရွှေထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား နမစ(မိုင်းကိုင်း) မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် လည်းကောင်း၊ ဆက်လက်၍ ကျော်မြင့်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း)မယ(ပ)၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)(၂)(၃) (၄)(၅)လမ်းတို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး | ယခင်သီတင်းပတ်၌ အမှု(၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၃၀-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာလမ်းမပေါ်၌ ၎င်းရပ်ကွက်၊ ချမ်းမြေ့သာ(၄)လမ်းနေ ရဲမင်းဦး(ခ)ခေါင်းခွေ(၂၉)နှစ်၊ (ဘ)ဦးသန်းဇော်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြား (၁၇)ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၁၄၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်နေ သရဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၁၉ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်နေ သရဲ (ခ) မျိုးမြင့်အောင်(၂၄)နှစ်၊ (ဘ) ဦးတင်ထွန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ အောင်လင်းဦး (၁၉)နှစ်၊ (ဘ) ဦးနေလင်းဇော်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ) မယ(ပ)၃၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်နေ မသန်းသန်းထွေး (ခ) သေးသေးမသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၂-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်နေ မသန်းသန်းထွေး (ခ) သေးသေးမ (၂၂)နှစ်၊ (ဘ) ဦးစံကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကြည့်မြင်တိုင်) မယ(ပ) ၂၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်နေ အောင်ထူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၂-၂၀၁၉ ရက်နေ့တွင် ကျိုက်လတ်မြို့နယ်၊ ကျွန်းထပ်ကျေးရွာလမ်းဆုံ ရန်ကုန်-မော်လမြိုင်ကျွန်းသွား ကားလမ်းပေါ်၌ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်နေ အောင်ထူး (၅၄)နှစ်၊ (ဘ) ဦးသန်း မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရုံးဒေါင့်)မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ မြင့်ဇော်အောင် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၂-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ မြင့်ဇော်အောင်(၂၅)နှစ်၊ (ဘ)ဦးသောင်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်)မယ(ပ)၈၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၆)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၇)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၉-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူ ရပ်ကွက်နေ သူရအောင်(ခ) အငယ်လေး(၁၈)နှစ်၊ (ဘ) ဦးအိုက်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အောင်နိုင်ကျော် (၁၅)နှစ်၊ (ဘ) ဦးလောက်လူ၊ ဝင်းနိုင်(၁၅)နှစ်၊ (ဘ)ဦးယောက်ကွမ်း၊ သန့်ဇင်အောင်(၁၈)နှစ်၊ (ဘ)ဦးအောင်နိုင်ဦး၊ ရွှေတောင်ရပ်ကွက်နေ နိုင်လင်းဦး(၂၁)နှစ်၊ (ဘ)ဦးသန်းနိုင်တို့ (၅)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၁၂၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၄)ရပ်ကွက်နေ လမင်းထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁-၂၀၂၀ ရက်နေ့တွင် ဘိုကလေးမြို့၊ (၇)ရပ်ကွက်၊ (၁၅/ ၁၆) လမ်းကြား၌ (၄)ရပ်ကွက်နေ လမင်းထက်(၂၅)နှစ်၊ (ဘ)ဦးသန့်ဇင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား (၂)ရပ်ကွက်နေ နောင်နောင်(၂၅)နှစ်၊ (ဘ) ဦးဇော်မင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် နောင်နောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်နေသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဘိုကလေး)မယ(ပ)၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၄-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၂၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၁၉၇)ဦး၊ မ(၂၃၅)ဦး၊ ပေါင်း(၁၄၃၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၇၂.၄၅၉၄)ဂရမ်၊ ICE(၁၃၄၇.၃၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၅၄၂၈၉)ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၅.၄၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

**ဆက်သွယ်ရန်–**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | – | antinarcotics@presidentoffice.gov.mm |

# မျိုးပွားမှုဆိုင်ရာရောဂါများအတွက် မှန်ပြောင်းနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ ခွဲစိတ်ဆရာဝန်ကြီးများ၏ စကားသံများ

**မျိုးပွားမှုဆိုင်ရာရောဂါများအတွက် မှန်ပြောင်းနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အထိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ သားဖွားမီးယပ်ဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**


ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်


Professor Chyi-Long Lee


Dr. Aranya Yantapant

**ပါမောက္ခဒေါက်တာခင်ပြုံးကြည်**
**ဆေးရုံအုပ်ကြီး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**

သားဖွားမီးယပ်ပညာဌာန ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ဆေးတက္ကသိုလ်(၁) (ရန်ကုန်)နဲ့ ထိုင်းနိုင်ငံ Rajavithi Hospital က မှန်ပြောင်းအထူးကုပညာရှင်ကြီးများအဖွဲ့၊ အာရှနဲ့ပစိဖိတ် မှန်ပြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဆရာဝန်ကြီး ဦးဆောင်သည့်အဖွဲ့နဲ့ မျိုးပွားမှုဆိုင်ရာရောဂါတွေနဲ့ ပတ်သက်ပြီး မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပတာဖြစ်ပါတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးမှာ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုတွေက အကျိုးကျေးဇူးရှိလာတာကို တွေ့ရှိရတဲ့အတွက် မီးယပ်ဆိုင်ရာရောဂါတွေမှာလည်း ဒီခွဲစိတ်ကုသမှုတွေကို ဗိုက်ခွဲပြီးကုသမယ့်အစား မှန်ပြောင်းနဲ့ခွဲစိတ်ကုသလို့ရတဲ့ ရောဂါတွေဆိုရင် မှန်ပြောင်းနဲ့ ခွဲစိတ်ကုသပေးခြင်းအားဖြင့် လူနာတွေအတွက် ပိုပြီးကောင်းမွန်တာ တွေ့ရှိတယ်။

**မျိုးပွားမှုဆိုင်ရာ မထိခိုက်**

သားသမီးရဖို့ ခက်ခဲတဲ့သူတွေ၊ သွေးလုံး၊ အသားလုံးတွေရှိနေတဲ့ အမျိုးသမီးတွေ၊ အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ ကင်ဆာဖြစ်ရင်တောင် ဒီကင်ဆာရောဂါကို ကုသရာမှာ မျိုးပွားမှုဆိုင်ရာကို မထိခိုက်စေဘဲ ရောဂါကိုကုသနိုင်တဲ့ နည်းလမ်းတွေလည်း ရှိတယ်။ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသနိုင်တဲ့ ကုသမှုတွေကို စာတွေ့၊ လက်တွေ့ ဒီအလုပ်ရုံဆွေးနွေးပွဲ သုံးရက်တာကာလမှာ သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုတွေက ခုမှပေါ်လာတာ မဟုတ်ပါဘူး။ ဆေးပညာလောကမှာလည်း ပေါ်နေတာ ကြာပါပြီ။ သားဖွားမီးယပ်နဲ့ ပတ်သက်ပြီး မှန်ပြောင်းခွဲစိတ်ကုသခြင်းလုပ်ငန်းတွေကို ကျွန်မတို့ ဗဟိုအမျိုးသမီးဆေးရုံမှာ အရင်တုန်းက နည်းနည်းချင်းလုပ်ပါတယ်။ လုပ်တဲ့အခါမှာပစ္စည်းကိရိယာကအစ၊ နည်းပညာကအစ၊ ပညာရှင်ကအစ အခက်အခဲရှိတယ်။ မှန်ပြောင်းခွဲစိတ်တယ်ဆိုတာက ခက်ခဲတဲ့ပညာမဟုတ်ပေမယ့် လေ့လာသင်ယူရတာ အချိန်ယူရပါတယ်။

အခုလို အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်တဲ့အခါ မျိုးဆက်သစ်ဖြစ်တဲ့ သားဖွားမီးယပ် ဆရာဝန်ငယ်တွေ၊ အထူးကုဆရာဝန်တွေဟာ ဒီ မှန်ပြောင်းခွဲစိတ်မှုဆိုင်ရာတွေမှာ ပိုပြီးတော့ ကျွမ်းကျင်လာတယ်။ ပိုပြီးတော့ ကောင်းမွန်း သိလာတယ်။

**ဆရာဝန်တွေအတွက် ပညာတိုး**

မှန်ပြောင်းခွဲစိတ်မှုကို ပိုပြီးတော့ အားပေးလာတယ်။ ဆေးပညာ တိုးတက်လာပါတယ်။ မှန်ပြောင်းခွဲစိတ်တာအောင်မြင်မှုတွေ ရှိလာတယ်။ မီးယပ်ဆိုင်ရာရောဂါတွေ အတွက် မှန်ပြောင်းနဲ့ ခွဲစိတ်ကုသတဲ့အခါ ဆရာဝန်တွေအတွက်လည်း ပညာတွေတိုးပါတယ်။

မှန်ပြောင်းနဲ့ ခွဲစိတ်တာက ဘယ်လို အကျိုးကျေးဇူးရှိလဲဆိုတော့ ဆေးရုံတက်ရတဲ့အချိန် သက်သာတယ်၊ ဗိုက်ခွဲပြီးကုသရင် အနည်းဆုံး ခြောက်ရက်၊ ခုနစ်ရက်လောက် ဆေးရုံမှာ နေရတယ်။ အခုဆိုရင် နှစ်ရက်လောက်ပဲတက်ရတာမျိုး ရှိတယ်။ ဆေးရုံတက်ရတဲ့အချိန် သက်သာတယ်၊ နာလန်ထ မြန်တယ်။ အဲဒီလို အကျိုးကျေးဇူးတွေအပြင် တစ်ခါတလေကျရင် သားအိမ်ထဲမှာ အလုံးရှိရင်၊ သားအိမ်ကို ထုတ်လိုက်ရင် ကလေးမရနိုင်တော့ဘူး။ အဲဒါမျိုးကို မှန်ပြောင်းနဲ့ခွဲစိတ်ကုသပေးခြင်းအားဖြင့် သားအိမ်၊ သားဥအိမ်တွေကို မထိခိုက်စေဘဲ မှန်ပြောင်းနဲ့ သီးသန့် ခွဲစိတ်ကုသပေးတာကြောင့် အကျိုးကျေးဇူးအများကြီးရှိပါတယ်။

**သက်တမ်းစေ့နေထိုင်နိုင်**

မှန်ပြောင်းနဲ့ ခွဲစိတ်ရတဲ့အခါမှာ သားသမီးရရှိမှုကိုမထိခိုက်စေပါဘူး။ အချိန်မတိုင်မီ သွေးဆုံးမှုမဖြစ်စေဘဲ ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့နေထိုင်သွားနိုင်မယ်။ အဲဒီလိုမျိုး အကျိုးကျေးဇူးတွေ ရှိပါတယ်။

မှန်ပြောင်းနဲ့ ခွဲစိတ်လို့မရတဲ့ ရောဂါတွေလည်း ရှိပါတယ်။ တချို့ဆို သားအိမ်ထဲကအလုံးက တော်တော်ကြီးနေပြီ၊ မေ့ဆေးပေးဖို့ မသင့်တော်တဲ့ လူနာတွေ၊ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါတွေကို ထိခိုက်နိုင်မယ့် ခက်ခဲတဲ့ လူနာတွေ၊ တချို့ ကင်ဆာမှာ အဆင့် ၃-၄ အဆင့်မြင့်သွားတဲ့လူနာတွေကိုမှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှု လုပ်လို့ မရပါဘူး။

ဒီဆေးရုံမှာတော့ ကျွန်မတို့က မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုကို အောင်အောင်မြင်မြင်နဲ့ လုပ်နိုင်တာ များလာပြီ။ မှန်ပြောင်းကုသခြင်း လုပ်ငန်းတွေကို ဒီဆေးရုံမှာ တစ်ပတ်မှာ သုံးရက် သက်ဆိုင်ရာ ဆရာဝန်ကြီးတွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ရက်ကို သုံးဦးနှုန်းနဲ့ ခွဲစိတ်ကုသပေးနေပါတယ်။ တစ်နှစ်တစ်နှစ်ဆိုရင် ရာကျော်ပါတယ်။ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသရာမှာ ၉၀ ရာခိုင်နှုန်းလောက်အောင်မြင်ပါတယ်။ ဒီဆေးရုံမှာ မှန်ပြောင်းကုသမှုနဲ့ပတ်သက်ပြီး လူနာတွေကို ခွဲစိတ်ခနဲ့ ဆေးဝါးစရိတ်တွေက အခမဲ့ ကုသပေးပါတယ်။ နက်နဲတဲ့ခွဲစိတ်မှုတွေမှာတော့ တစ်ခါသုံးတွေ သုံးရတဲ့အတွက် တစ်ယောက်ချင်းမဟုတ်ဘဲ စုပေါင်းပြီး ပစ္စည်းတွေ ပြန်လည်စုဆောင်းရတဲ့အတွက် အလှူငွေသဘော ကောက်ခံရတာမျိုးတော့ ရှိပါတယ်။ ဒီမှန်ပြောင်းခွဲစိတ်ကုသမှုက လူနာတွေအတွက် အကျိုးကျေးဇူးများတဲ့အတွက် ဆေးပညာလောကမှာ အားပေးသင့်ပါတယ်။ အထူးသဖြင့် သားဖွားမီးယပ်ပညာ လောကမှာလည်း မှန်ပြောင်းခွဲစိတ်မှုကို အားပေးသင့်ပါတယ်။

**“မှန်ပြောင်းခွဲစိတ်ကုသမှုက လူနာတွေအတွက် အကျိုးကျေးဇူးများတဲ့အတွက် ဆေးပညာလောကမှာ အားပေးသင့်ပါတယ်။ အထူးသဖြင့် သားဖွားမီးယပ်ပညာလောကမှာလည်း မှန်ပြောင်းခွဲစိတ်မှုကို အားပေးသင့်ပါတယ်”**

**Professor Chyi-Long Lee**
**ထိုင်ဝမ် (Chang Gung Memorial Hospital, Chang Gung University)**

အရင်တုန်းကလို ခွဲစိတ်တာ မလုပ်ဘဲ လူနာတွေကို မှန်ပြောင်းနဲ့ ခွဲစိတ်လို့ရတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော်က ရှင်းပြတာပါ။ ဗိုက်ကို ခွဲစိတ်ကုသမှုတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက ပေါ်ပေါက်ခဲ့တယ်။ အဲဒီကတစ်ဆင့် မှန်ပြောင်းနဲ့ ခွဲစိတ်မှုကပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀ ကနေစပြီး ပေါ်ပေါက်လာတယ်။ အဲဒါကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာတယ်။ အဲဒီကတစ်ဆင့် ထပ်ပြီးတိုးတက်လာတာက စက်ရုပ်တွေကိုအသုံးပြုပြီးတော့ ခွဲစိတ်မှုတွေ ဖြစ်လာတယ်။

**ခွဲစိတ်မှုတွေ တိုးတက်လာ**

အခုဆိုခွဲစိတ်ဖို့ အပေါက်တောင် မဖောက်ဘဲကိုယ်ခန္ဓာမှာရှိတဲ့ သဘာဝအပေါက်တွေကနေ ခွဲစိတ်မှုတွေအထိ တဖြည်းဖြည်း တိုးတက်လာတယ်။ အဲဒီတိုးတက်မှုတွေက အခုထက်တိုးတက်အောင် အထောက်အပံ့ပေးမယ်။ အခုဆိုရင် နိုင်ငံတော်တော်များများမှာ ဒီလိုခွဲစိတ်ကုသမှုကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီ။

**အနာကျက်ဖို့ စိတ်ပူစရာမလို**

ခွဲစိတ်မှုတွေလုပ်နေတဲ့ ဆရာဝန်တွေဟာ လူနာတွေကို ခွဲစိတ်မှုအကြီးကြီးတွေ မလုပ်တော့ဘဲ ဒီမှန်ပြောင်းနဲ့ ခွဲစိတ်ကုသတဲ့ ဆေးပညာရပ် သင်တန်းတွေကို ကျွန်တော်က ပို့ချပေးတာပါ။ အဓိကရည်ရွယ်ချက်က ဒီခွဲစိတ်မှုမျိုးကို ဆရာဝန်တိုင်းလုပ်တတ်စေချင်တယ်။ ဆရာဝန်တွေ တော်တော်များများကို ဒီခွဲစိတ်မှုနဲ့ ရင်းနှီးကျွမ်းဝင်မှုဖြစ်စေချင်တယ်။ အရင်က ခွဲစိတ်မှုဒဏ်ရာကြီးရင် အနာကျက်ဖို့ လေးပတ်ကနေ ရှစ်ပတ်အထိ စောင့်ရတယ်။ အခု မှန်ပြောင်းနဲ့ ခွဲစိတ်မယ်ဆိုရင် ဒါမျိုးမရှိဘဲ ဗိုက်ကိုအပေါက်လေး ဖောက်ပြီး ခွဲစိတ်ရတာဖြစ်တဲ့အတွက်ကြောင့် အနာမရှိဘူး၊ အနာကျက်ဖို့လည်း စိတ်ပူစရာမလိုဘူး။ လူနာလည်း နာလန်ထမြန်မယ်။ ခွဲစိတ်ပြီး ၂၄ နာရီအတွင်းခွဲစိတ်ထားတယ်လို့ မထင်ရဘဲ ထပြီးအလုပ်လုပ်နိုင်တယ်။ ခွဲစိတ်မှုက ဓားနဲ့ခွဲတာမဟုတ်ဘဲ မှန်ပြောင်းနဲ့ အပေါက်လေးဖောက်ပြီး ထည့်ရတဲ့အတွက် ထိခိုက်မှု မများဘူး။ အမာရွတ် ဖြစ်တဲ့နှုန်းလည်း နည်းတဲ့အတွက်ကြောင့် လူနာအနေနဲ့ ခွဲစိတ်ပြီးတဲ့အခါ နာခြင်း၊ ကျင်ခြင်းလည်း လုံးဝမရှိဘူး။ ဒါက လူနာတွေအတွက် အားသာချက်ပါ။

နောက်တစ်ခုက လမ်းလည်း မြန်မြန် ပြန်လျှောက်နိုင်တယ်။ ခြေထောက်မှာ သွေးကြောရောင်တဲ့ လက္ခဏာလည်း မရှိဘူး။ အခုဆိုရင် သားအိမ်ထုတ်ရင် ဗိုက်ကမဖောက်ဘဲ သဘာဝအပေါက်ကနေ သားအိမ်ကို ထုတ်ရတဲ့အတွက် ဗိုက်မှာ အပေါက်မရှိဘဲ တစ်ဆင့်ပိုပြီး တိုးတက်လာပါတယ်။ လူနာလည်း တစ်ပတ်အတွင်း အလုပ်ပြန်လုပ်နိုင်တယ်။ အဲဒါအပြင် ကင်ဆာလူနာတွေ အတွက်လည်း မှန်ပြောင်းကို အဆ ၂၀ အထိ ချဲ့ကြည့်နိုင်တဲ့အတွက် ရောဂါဆိုလည်း အနီးကပ်မြင်ရတော့ ပိုပြီးတိတိကျကျ ကုသနိုင်တယ်။ လူနာရဲ့ ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာအရလည်း သူ့မှာခွဲစိတ်ရမယ်ဆိုတဲ့ ကြောက်စိတ်မရှိတော့တဲ့အတွက် ရောဂါကို ကုသချင်တဲ့စိတ် ဖြစ်ပေါ်စေတယ်။ လူနာအတွက်လည်းအကျိုးတွေ အများကြီးရှိပါတယ်။

**Dr. Aranya Yantapant**
**ထိုင်းနိုင်ငံ(Rajavithi Hospital)**

ဒီစီမံကိန်းကို စတင်ရတဲ့အကြောင်းရင်းရှိပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်တုန်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ရောက်ခဲ့တယ်။ မြန်မာနိုင်ငံက ဆရာဝန်တွေက အင်မတန်တော်ပါတယ်။ ဒီမှာလည်း မှန်ပြောင်းနဲ့ ခွဲစိတ်ကုသတဲ့ လူနာတွေက အများကြီး မရှိသေးတဲ့အတွက် ဒီဆေးရုံမှာ မှန်ပြောင်းနဲ့ခွဲစိတ်ကုသတဲ့ ဆရာဝန်တွေကို အထောက်အကူဖြစ်စေချင်တယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို စခဲ့တာပါ။

**ခွဲစိတ်ကုသမှုအထောက်အကူဖြစ်စေ**

နောက် ရည်ရွယ်ချက်ကတော့ ကျွန်မတို့က အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့အတွက် အာဆီယံနိုင်ငံတွေမှာ မှန်ပြောင်းနဲ့ခွဲစိတ်ကုသမှုတွေကို အထောက်အကူဖြစ်စေချင်တယ်။ ဒီလိုကုသမှုကို အားပေးစေချင်တယ်၊ ကျယ်ပြန့်စေချင်တယ်။ ဒီကုသနည်းကို သဘောကျတယ်၊ အာဆီယံနိုင်ငံတွေက ဆရာဝန်တွေကိုလည်း ဒီကုသနည်းကို လုပ်စေချင်တယ်၊ တိုးတက်စေချင်တယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို စခဲ့တာပါ။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်**

## လိုင်လင်းပီ-ရေဇွာလမ်းပိုင်း၌ မြေပြိုမှုဖြစ်ပွား၍ ကုန်ကားများ သွားလာရေးအခက်အခဲဖြစ်နေ

**လိုင်လင်းပီ ဇန်နဝါရီ ၇**

ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ် လိုင်လင်းပီမြို့နှင့် ရေဇွာမြို့အကြား စပေါ်ကျေးရွာအနီး၌ မြေပြိုမှုဖြစ်ပွားမှုကြောင့် (ယာပုံ) ကုန်တင်ယာဉ်များ သွားလာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။



အဆိုပါမြေပြိုမှုမှာ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ မိုးရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းမြေပြိုသည့်နေရာအား လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မြေပြိုတာကတော့ ရေဇွာကနေဆိုရင် စပေါ်ရွာမရောက်ခင် ချောင်းနားမှာဖြစ်တာပါ။ ရေဇွာနဲ့လိုင်လင်းပီကို ဆိုင်ကယ်နဲ့တော့ ကောင်းကောင်းသွားလို့ရနေပါပြီ။ ဇန်နဝါရီ ၉ ရက်လောက်ဆိုရင်တော့ ကုန်ကားတွေလည်း သွားလို့ရတော့မှာပါ”ဟု အဆိုပါလမ်းပိုင်းကို တာဝန်ယူဆောင်ရွက်နေသည့် စက်ကြီးမောင်းသူက ပြောသည်။

**ကိုလိန်း(ပြန်/ဆက်)**

## ကျိုက်မရော - မုဒုံသွားကားလမ်းပေါ် ရှိ ဘုရားနှစ်ဆူတံတား ပြန်လည်တည်ဆောက်

**ကျိုက်မရော ဇန်နဝါရီ ၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းက မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ပြိုကျပျက်စီးခဲ့သော ကျိုက်မရော-မုဒုံသွားကားလမ်းပေါ်ရှိ ဘုရားနှစ်ဆူ တောင်ပေါ်ကွန်ကရစ်တံတားကို ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ယာယီဘေလီတံတားတစ်စင်း ဆောင်ရွက်ထားခဲ့သည်။ ယခုအခါ အဆိုပါ ယာယီတံတားနေရာတွင် အရှည် ပေ ၃၀ ရှိ သံကူကွန်ကရစ်တံတားအသစ်တစ်စင်းကို ၂၀၁၉-၂၀၂၀ ဘတ်ဂျက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၄၄ ဒသမ ၅ သန်းဖြင့် ယခုနှစ်မတ်လကုန်တွင် အပြီးသတ်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး(လမ်းဦးစီး)ဌာနမှ အင်ဂျင်နီယာဦးကျော်ကျော်ထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

*အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့် အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံခြားသားများ ပြည်တွင်းတွင် နေထိုင်သွားလာလှုပ်ရှားမှုများ ဥပဒေနှင့်အညီဖြစ်စေရန် ကြပ်မတ်ထိန်းသိမ်းသည့်လုပ်ငန်းစဉ်၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ရေး၊ တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်ဖြစ်စေရေး၊ အလုပ်သမား ဥပဒေပါ အကျိုးခံစားခွင့်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် – (စာတည်းအဖွဲ့)*

# ခေတ်နဲ့မလျော်ညီတော့တဲ့ တည်ဆဲအလုပ်သမားဥပဒေတွေကို ပြန်လည်သုံးသပ်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ရဲ့ စံနှုန်းတွေနဲ့အညီ ပြင်ဆင်နိုင်ဖို့အတွက်လည်း လုပ်ဆောင်ရပါတယ်

**အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး**

*တွေ့ဆုံမေးမြန်း – ရှင်မင်း၊ ဓာတ်ပုံ–ကေကေ*



ဦးကျော်ထွေး ၊ ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ
အလုပ်သမားဆိုင်ရာ ကော်မတီ

**အမျိုးသားလွှတ်တော်၏ ၂၀၁၉ ခုနှစ် မတ် ၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉)ဖြင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။**

ကော်မတီကိုဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီဝင်များတွင် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ်များကို ထည့်သွင်း ဖွဲ့စည်းထားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဆိုပါကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို အရင်ဆုံးသိပါရစေ။**



၂၀၁၉ ဇန်နဝါရီ ၂၄ ရက်က အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ILO မှ Deputy Director General, Mr. Greg Vines ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကြစဉ်။

ဖြေ။ ။ ကော်မတီအနေနဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနဲ့ အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးရပါမယ်။ တိုင်းရင်းသား မိဘနှစ်ပါးကနေ မွေးဖွားလာတဲ့ မွေးရာပါ နိုင်ငံသားတွေအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းတွေ လွယ်ကူလျင်မြန်ဖို့အတွက်လည်း ညှိနှိုင်းဆောင်ရွက် ပေးရပါမယ်။ ပြီးတော့ ဥပဒေမဲ့ဝင်ရောက်လာသူတွေကို ဖော်ထုတ်ပြီး ဥပဒေပြဋ္ဌာန်းချက်နဲ့ အညီ အရေးယူ ဆောင်ရွက်ဖို့အတွက် ကူညီဆောင်ရွက်ပေးရပါမယ်။

နိုင်ငံခြားသားတွေ ပြည်တွင်းမှာနေထိုင်သွားလာလှုပ်ရှားမှုတွေ ဥပဒေနဲ့အညီ ဖြစ်စေဖို့ ကြပ်မတ်ထိန်းသိမ်းတဲ့ လုပ်ငန်းစဉ်မှာလည်း ကူညီပေးရပါမယ်။ နိုင်ငံတော်ရဲ့ လူဦးရေမူဝါဒကို ချမှတ်နိုင်ဖို့အတွက် လူဦးရေဆိုင်ရာ ပြည်တွင်း၊ ပြည်ပအချက်အလက်တွေကို ဆန်းစစ်လေ့လာရေးကိစ္စတွေကိုလည်း ကူညီပေးရမယ်။

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ဖို့၊ တည်ငြိမ်အေးချမ်းတဲ့ လုပ်ငန်းခွင်ဖြစ်စေဖို့၊ အလုပ်သမား ဥပဒေပါ အကျိုးခံစားခွင့်ရရှိဖို့ ဒါတွေအတွက်လည်း ကူညီပေးရပါတယ်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ မတော်တဆထိခိုက်မှု လျော့နည်းကျဆင်းရေး၊ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်တွေအတွက်လည်း ကူညီဆောင်ရွက်ပေးရပါတယ်။ အလုပ်သမားတွေအတွက် လူမှုဖူလုံရေး အာမခံ၊ လူမှုအကာအကွယ်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ လူမှုဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့၊ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ဥပဒေပါ အခွင့်အရေးတွေ ရရှိနိုင်ရေးအတွက် ဆိုက်ရောက် နိုင်ငံတွေရဲ့ အလုပ်သမား ဥပဒေအရ လုပ်ခလစာနဲ့တကွ တခြားရပိုင်ခွင့်တွေရရှိဖို့၊ လုပ်ခလစာတွေ လွယ်ကူစွာ ပြန်ပို့နိုင်ဖို့ ဒါတွေကိုလည်း ကူညီကာကွယ်စောင့်ရှောက်ပေးရပါတယ်။

ပြီးတော့ ပြည်ပနိုင်ငံတွေကို တရားဝင် သွားရောက် အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေနဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီတွေအကြား ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေအရ ကိုက်ညီမှုမရှိလို့ တိုင်ကြားလာရင်လည်း ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ညှိနှိုင်းဖြေရှင်းပေးရပါတယ်။

နောက်ပြီး ခေတ်နဲ့ မလျော်ညီတော့တဲ့ တည်ဆဲအလုပ်သမားဥပဒေတွေကို ပြန်လည်သုံးသပ်ပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ရဲ့ စံနှုန်းတွေနဲ့အညီ ပြင်ဆင်နိုင်ဖို့အတွက်လည်း လုပ်ဆောင်ရပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားအကြား အငြင်းပွားမှုတွေ ရှိလာတဲ့အခါ စေ့စပ်ညှိနှိုင်းရာမှာ ပြေလည်မှု မရရှိဘူး။ ဒီလို ပြေလည်မှုမရှိတော့တဲ့အခါ ကျွန်တော်တို့ကော်မတီကို အကူအညီတောင်းခံ တာမျိုးရှိပါတယ်။ ဒီလိုမျိုးအကူအညီတောင်းခံတဲ့အခါ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။ ဒါတွေက ကျွန်တော်တို့ကော်မတီရဲ့ တာဝန်တွေ ဖြစ်ပါတယ်။

**မေး။ ။ ကော်မတီအနေနဲ့ ဒီလိုတာဝန်တွေ ထမ်းဆောင်ဖို့ ဘယ်လို လုပ်ပိုင်ခွင့်တွေရှိတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကော်မတီကို ဥပဒေအရအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့် (၇) ရပ်ရှိပါတယ်။ ဒါတွေက ဘာတွေလဲဆိုတော့ ကော်မတီအနေနဲ့ ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းတွေ ဒါမှမဟုတ် အလုပ်ရှင်အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ၊ ဒါမှမဟုတ် ဖြေကြားနိုင်တဲ့ တာဝန်ရှိသူတွေကို ဖိတ်ကြား ဆွေးနွေးနိုင်ပါတယ်။ ပြီးတော့ ကော်မတီအနေနဲ့ အဖွဲ့ခွဲပြီးတော့ဖြစ်စေ၊ လိုအပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ စုပေါင်းပြီးတော့ တာဝန်အရ လေ့လာမှုတွေ ဆောင်ရွက်နိုင်ပါတယ်။ ဒီလို လေ့လာမှုတွေဆောင်ရွက်နိုင်ဖို့ အမျိုးသားလွှတ်တော်ရုံးကို ခရီးစဉ်နဲ့ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်တွေအတွက် တင်ပြပြီး ရုံးရဲ့ စီမံပေးမှုနဲ့ ဆောင်ရွက်ရပါတယ်။

နောက်ထပ် လုပ်ပိုင်ခွင့်တစ်ခုက အလုပ်သမားဥပဒေပါ အခွင့်အရေးတွေကို အလုပ်သမား သမဂ္ဂတွေ ရရှိခံစားနိုင်မှုအခြေအနေကို လေ့လာစောင့်ကြည့်ဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနကို အချိန်နဲ့တစ်ပြေးညီ မေးမြန်းပိုင်ခွင့်ရှိပါတယ်။ ဒီလိုကော်မတီရဲ့ လေ့လာတွေ့ ရှိချက်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့က လိုအပ်သလိုစီစဉ်နိုင်ဖို့ ဒီတွေ့ရှိချက်တွေကို လွှတ်တော်ဥက္ကဋ္ဌထံကို အမှာတွဲပြုစုပြီး တင်ပြနိုင်ပါတယ်။

ပြီးတော့ ကော်မတီက ပြည်တွင်း ပြည်ပ အလုပ်သမားအဖွဲ့အစည်းတွေနဲ့ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးနိုင်တယ်။ ဒီလိုတွေ့ဆုံပြီးတော့ အလုပ်သမားတွေရဲ့ အခက်အခဲတွေ၊ လိုအပ်ချက်တွေကို မေးမြန်းနိုင်ပါတယ်။ ပြီးတော့ ဥပဒေနဲ့ညီညွတ်တဲ့ အကြံဉာဏ်တွေကိုလည်း ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပါတယ်။

ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းတွေက ကျွန်တော်တို့ကော်မတီနဲ့ ကော်မတီဝင်တွေဆီကို ဆက်သွယ်လာရင် လွှတ်တော် ဥက္ကဋ္ဌထံတင်ပြပြီးတော့ တွေ့ဆုံဆွေးနွေးနိုင်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုနဲ့ စပ်လျဉ်းတဲ့ ကိစ္စရပ်တွေကို လွှတ်တော် ဥက္ကဋ္ဌထံကို အစီရင်ခံစာ တင်ပြရပါတယ်။ ဒါတွေကတော့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေပါ။

**မေး။ ။ ကော်မတီရဲ့လူဝင်မှုကြီးကြပ်ရေးနဲ့ အလုပ်သမားတွေနဲ့ သက်ဆိုင်တဲ့ ဥပဒေပိုင်းဆိုင်ရာ လက်ရှိဆောင်ရွက်နေတဲ့အပိုင်းကိုလည်း ပြောပြပေးစေလို ပါတယ်။**

ဖြေ။ ။ လူဝင်မှုကြီးကြပ်ရေး အပိုင်းကတော့ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်တာမျိုး မရှိသေးဘူး။ ဝန်ကြီးဌာနရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုလုပ်ငန်းစဉ်၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်၊ သန်းခေါင်စာရင်းနဲ့ပတ်သက်တဲ့လုပ်ငန်းစဉ် ဒါတွေအတွက် ဆောင်ရွက်နေတာကို လေ့လာသုံးသပ်နေပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်တွေအပေါ် သုံးသပ်နေပါတယ်။

နောက်ပြီး နိုင်ငံခြားသားလုပ်သားတွေ ပြည်တွင်းမှာ အလုပ်လုပ်ကိုင်တဲ့အပေါ် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ကို လေ့လာသုံးသပ်နေပါတယ်။ အလုပ်သမားတွေနဲ့ သက်ဆိုင်တဲ့ ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေ ဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းတစ်ခုကို ဥက္ကဋ္ဌဆီ တင်ပြထားပါတယ်။ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်ရတဲ့အခါ လာမယ့် လွှတ်တော် အစည်းအဝေးတွေမှာ ဆွေးနွေးသွားနိုင်မှာ ဖြစ်ပါတယ်။

ပြီးတော့ အိမ်အကူဆိုင်ရာ ဥပဒေကြမ်း တစ်ခု လွှတ်တော်ကိုတင်သွင်းနိုင်ဖို့ အတွက် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကော်မတီအတွင်းမှာ ဆွေးနွေးနေတယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံပြီး တည်ဆဲဥပဒေတွေနဲ့ ညှိနှိုင်းနေတဲ့ အဆင့်ကို ရောက်နေပါပြီ။ ဒါနဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးသွားဖို့ ရှိပါတယ်။

နောက်တစ်ခုကတော့ ပြည်ပ ရွှေ့ပြောင်းအလုပ်သမားကိစ္စပါ။ အိမ်အကူ ဥပဒေကြမ်းလွှတ်တော်ကို တင်သွင်းပြီးရင် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကိုပြင်ဆင်ဖို့ ကော်မတီအနေနဲ့ စီစဉ်ထားတာလည်းရှိပါတယ်။

**မေး။ ။ နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဥပဒေကိုလည်း ကော်မတီအနေနဲ့ အသစ်ပြဋ္ဌာန်းရေးဆွဲနိုင်ဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အခြေအနေကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဒီလိုဥပဒေရေးဆွဲနိုင်ဖို့ အရင်ဆုံး လာရောက်အလုပ်လုပ်နေတဲ့ ပြည်ပအလုပ်သမား စာရင်းအတိအကျသိဖို့ လိုအပ်ပါတယ်။ သူတို့ကို ဥပဒေနဲ့အညီ မှတ်ပုံတင်ခိုင်း ပြီးတော့ သူတို့ကို ဥပဒေအရ အကာအကွယ်ပေးမှုကိုလည်း ပေးရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတွေ အလုပ်အကိုင် အခွင့်အလမ်း မဆုံးရှုံးရအောင်လည်း ကာကွယ်ပေးရမယ်။ ဒီလိုလာရောက် လုပ်ကိုင်တဲ့အပေါ်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အခွန်ငွေရရှိမှု၊ ဒီအခွန်ငွေကနေ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်အောင် ဘယ်လို လုပ်နိုင်မလဲ၊ သူတို့လုပ်အားတွေက တိုင်းပြည်အတွက် ဘယ်လိုအကျိုးရှိလဲ၊ ကိုယ့်နိုင်ငံက ငွေတွေ ဘယ်လောက် စီးထွက်သွားမလဲ၊ ဘယ်အလုပ်တွေကိုပဲ ပေးလုပ်မလဲ၊ ဒီလိုအခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားနေပါတယ်။

*စာမျက်နှာ ၁၁ သို့*



၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဝင်များ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ ဖော်ဆောင်မှု



*စာမျက်နှာ ၁၀ မှ*

**မေး ။ ။ အိမ်အကူတွေနဲ့ ပတ်သက်တဲ့ ဥပဒေကနေ ပြည်ပကို အလုပ်သွားလုပ်မယ့် နိုင်ငံသား အိမ်အကူတွေကို အကာအကွယ်ပေးနိုင်ဖို့ ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ လတ်တလောမှာ အိမ်အကူက တရားမဝင်လမ်းကြောင်းက သွားတာများတယ်။ ဒါကြောင့် သူတို့အတွက် လိုအပ်သလောက် ကူညီပေးနိုင်မှုက အားနည်းနေသေးတယ်။ အိမ်အကူ တရားဝင်စေလွှတ်ခြင်းမရှိသေးတဲ့အတွက် နည်းမျိုးစုံထွက်တဲ့အထဲမှာ အသက်မပြည့်သေးတဲ့ ကလေးတွေ ပါသွားတယ်။ လိုအပ်တဲ့ သင်တန်းပေးမှုတွေလည်း မရရှိကြဘူး။ ရောက်ရှိမယ့် နိုင်ငံရဲ့ ဥပဒေ၊ ယဉ်ကျေးမှု၊ ဘာသာစကား စတဲ့ ဒီလိုမျိုးအချက်တွေနဲ့ ပတ်သက်ပြီး အခက်အခဲ ရှိနိုင်တဲ့အတွက် ဒါတွေနဲ့ ပတ်သက်တဲ့အချက်တွေကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ဒါက ပြည်ပအတွက်ပါ။

ပြည်တွင်းမှာကျတော့ အိမ်အကူတွေ ညှဉ်းပန်းနှိပ်စက်ခံရတာမျိုးတွေ ရှိတယ်။ ဒါမျိုးတွေအတွက် အိမ်အကူဥပဒေအရ အရေးယူရတာမျိုးမရှိဘဲ လူ့အခွင့်အရေးရှုထောင့်က ဆောင်ရွက်နေရတယ်။ ဥပဒေအရ ရာဇဝတ်ကြောင်းအရ ဆောင်ရွက်နေရတာမျိုးဖြစ်နေတယ်။ ဒါကြောင့် ပြဋ္ဌာန်းဖို့ကြိုးပမ်းနေတဲ့ အိမ်အကူဥပဒေမှာ အိမ်အကူလုပ်သားကိုလည်း တခြားအလုပ်သမားတွေနည်းတူ အလုပ်သမားအဆင့် သတ်မှတ်ခံစားခွင့်ရှိရမယ်၊ အသက်ကန့်သတ်မယ်၊ အိမ်အကူတွေက လုပ်သားအခွင့်အရေးနဲ့ အတူ ထိုက်သင့်တဲ့ လူမှုခံစားခွင့်ရရှိအောင် ထည့်သွင်း ပြဋ္ဌာန်းသွားမယ်။

အိမ်ရှင်ဘက်ကကျတော့ မိသားစုမဟုတ်တဲ့သူတစ်ဦး မိမိအိမ်ထဲမှာ လာနေတာဖြစ်တဲ့အတွက် Privacy ရှိဖို့၊ မိသားစုလုံခြုံရေး ဒါတွေကို ပြန်ပြီး စိုးရိမ်ရတာ ရှိတယ်။ အိမ်အကူကြောင့် အိမ်ရှင်မှာ ဒုက္ခရောက်တာမျိုးတွေ ရှိတယ်။ အိမ်အကူလာလုပ်ပြီး လစာကြိုထုတ်၊ ပြီးတော့ နောက်ထပ်တစ်အိမ်ပြောင်းလို့ အိမ်ရှင်မှာ အခက်အခဲဖြစ်တာမျိုးတွေလည်း ကြားနေရပါတယ်။ နှစ်ဖက်စလုံးအတွက် အကာအကွယ်ပေးနိုင်တဲ့၊ လုပ်ငန်းခွင် အဆင်ပြေနိုင်တဲ့အချက်တွေ ဥပဒေမှာ ပါနိုင်အောင် ကြိုးစားနေပါတယ်။

**မေး ။ ။ အကျိုးဆောင် ကုမ္ပဏီတွေကို ထိန်းညှိမယ့် အချက်တွေကိုလည်း ဥပဒေမှာပါဝင်ဖို့ ဆောင်ရွက်နေတာ ရှိပါသလား။**

ဖြေ ။ ။ ဒါတွေလည်းပါမှာ ဖြစ်ပါတယ်။ အကျိုးဆောင် ကုမ္ပဏီတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေ၊ တာဝန်ခံရမယ့် အချက်တွေပါမယ်။ သူတို့ကို ကြပ်မတ်မယ့် အဖွဲ့အစည်းအဖြစ် ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီဖွဲ့စည်းသွားဖို့ ရည်ရွယ်တာလည်း ရှိပါတယ်။

**မေး ။ ။ ဒါနဲ့ဆက်စပ်ပြီး မေးချင်တာက ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကော်မတီအနေနဲ့ ဥပဒေအရ သေချာမကိုင်တွယ်ရသေးပါဘူး။ လေ့လာသုံးသပ်နေတဲ့အဆင့်ပဲ ရှိပါသေးတယ်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပအလုပ်အကိုင်များ ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဆိုတာ ရှိပါတယ်။ ဒီထဲမှာ လိုင်စင်ရကုမ္ပဏီတွေ ပါပါတယ်။ ဥပဒေမှာ ပါတဲ့အတိုင်း ပြည်တွင်းအလုပ်သမားကို ပြည်ပကို စေလွှတ်တဲ့အခါ လိုက်နာရမယ့် စည်းကမ်းတွေကို အတိအကျ လိုက်နာဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကြပ်မတ်ရမယ့် တာဝန်တွေ ရှိပါတယ်။

ဥပမာအားဖြင့် စေလွှတ်တဲ့ အလုပ်သမားတစ်ဦးအတွက် အကျိုးဆောင်ခ ဘယ်လောက်ယူရမယ်ဆိုတာ ဝန်ကြီးဌာနက သတ်မှတ်ထားတာရှိပါတယ်။ ဝန်ဆောင်ခ ပိုယူတာမျိုးတွေ ရှိနေတယ်။ သက်ဆိုင်ရာ နိုင်ငံတွေရောက်တဲ့ အခါမှာလည်း ပြောထားတဲ့နေရာ၊ ပြောထားတဲ့ အလုပ်မဟုတ်တာတွေ၊ လုပ်အားခမရတာတွေ အချိန်ပိုခိုင်းစေတာမျိုး ရှိနေတယ်။ MoU နဲ့ သွားတဲ့ အလုပ်သမားတွေတောင် ဒီလိုမျိုးခံစားနေရတာမျိုးရှိတယ်။ ဒါကြောင့် ဒါတွေအတွက် ကြပ်မတ်ဆောင်ရွက်သွားဖို့ လိုပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ကော်မတီကို တိုင်ကြားလာတဲ့အခါ ကျွန်တော်တို့ ကော်မတီက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ရှိသူ အဆင့်ဆင့်၊ သက်ဆိုင်ရာ ဒေသန္တရအစိုးရ၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့၊ MOEAF က အမှုဆောင်တချို့တို့နဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ဖြေရှင်းပေးနေပါတယ်။ ဒီနေရာမှာ တစ်ခု ပြောချင်တာက နစ်နာသူ ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ကျွန်တော်တို့ ပူးပေါင်းဖြေရှင်းပေးလိုက်လို့ ဆုံးရှုံးနစ်နာတာတွေ ပြန်ရတဲ့အခါ ကျေနပ်သွားကြပြီး တိုင်တန်းမှု ရပ်လိုက်ကြတယ်။ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ချိုးဖောက်တဲ့သူတွေကို အရေးယူဖို့ လုပ်ငန်းစဉ်ကို ဆက်လက်မလိုက်ပါတော့ဘူး။ တကယ်ဆို ဥပမာအနေနဲ့ပြောရရင် ၁၉၉၉ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ အရ သတ်မှတ်ဝန်ဆောင်ခထက် ပိုယူရင် ထောင်ဒဏ် ၃ နှစ်နဲ့ ငွေဒဏ်ချမှတ်ရမယ်လို့ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။

တရားစွဲဆိုတဲ့အဆင့်ကို မရောက်တော့ လုပ်တဲ့လူတွေက တိုင်ကြားမှုရှိလို့ မိသွားရင် ပြန်လျော်လိုက်မယ်၊ မတိုင်လို့ လွတ်ရင် ဆက်လုပ်လိုက်မယ် ဖြစ်နေတော့တာပေါ့။ ဌာနအနေနဲ့ကလည်း ပြဿနာဖြစ်တဲ့ကုမ္ပဏီကို ခြောက်လပိတ်၊ တစ်နှစ်ပိတ် စသဖြင့် အရေးယူနေရတယ်။ သူတို့ကလည်း ကုမ္ပဏီနာမည်အမျိုးမျိုးနဲ့ ရှိနေတော့ ဒီကုမ္ပဏီပိတ်ရင် ဟိုကုမ္ပဏီနဲ့ ဆက်လုပ် ဖြစ်နေတော့တာပေါ့၊ အဲဒီတော့ နစ်နာသူတွေအနေနဲ့ လျော်ကြေးပြန်ရရုံနဲ့ တင်းတိမ်မနေကြသင့်ဘူး။

နောင်လူတွေ ဆက်လက် ဒုက္ခမရောက်အောင် ကြိုတင်ကာကွယ်ပေးတဲ့အနေနဲ့ ဥပဒေနဲ့အညီ အရေးယူတဲ့အဆင့်အထိ ရောက်အောင် လုပ်ပေးကြပါလို့ အကြံပြုချင်ပါတယ်။

**မေး ။ ။ ဒီလိုကိစ္စမျိုးတွေ လျော့နည်းပျောက်ကွယ်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ခက်နေတာက အလုပ်လိုချင်သူတွေက အလုပ်အကိုင်ရှာဖွေခြင်းနဲ့ ပတ်သက်တဲ့ ဗဟုသုတ နည်းကြတာ များတယ်၊ တချို့လည်း သိကြပါတယ်။ ဒါပေမယ့် အလုပ်ရရင်ပြီးရော၊ ဟိုရောက်တော့မှ မှန်းချက်မကိုက်ဖြစ်ပြီး ခေါင်းပုံဖြတ်ခံရတာတွေ သိကြရပြီး ပြဿနာပေါ်တော့တာ။ အဲဒီတော့ မှတ်ပုံတင်ထားတဲ့ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီတွေနဲ့ သတ်မှတ်ဝန်ဆောင်ခနှုန်းထားတွေကို အလုပ်သမားရုံးတွေ ဝက်ဘ်ဆိုက်တွေ မှာ ကြော်ငြာထားရုံတင်မကဘဲ လူမှုကွန်ရက် မီဒီယာတွေမှာ လူတွေအလွယ်တကူ သိအောင်လုပ်ပေးထားသင့်တယ်။ ချိုးဖောက်တဲ့သူတွေကို ဥပဒေအရ မှန်မှန်ကန်ကန် ထိထိရောက်ရောက် အရေးယူမယ်ဆိုရင် လျော့နည်းသွားမှာပါ။ ဒ့ါအပြင် အကျိုးဆောင်အေဂျင်စီတွေကိုလည်း သေချာစိစစ်ပြီးမှ လိုင်စင်ထုတ်ပေးသင့်တယ်။

**မေး ။ ။ ကော်မတီကို ပြည်တွင်း ပြည်ပ အလုပ်သမားတွေရဲ့ အရေးကိစ္စနဲ့ ပတ်သက်ပြီး တိုင်ကြားမှု ဘယ်လောက်ရှိတယ်ဆိုတာနဲ့ ဒီအပေါ်မှာ ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ၂၀၁၈ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ကော်မတီကို တိုင်ကြားမှု စုစုပေါင်း ၂၀၄ စောင် ရှိပါတယ်။ မိတ္တူပေးပို့တာ၊ တိုင်ကြားမှုမခိုင်လုံတာ၊ မပြည့်စုံလို့ မှတ်တမ်းအဖြစ်သာ တွဲထားရတာ ၁၄၀ လောက်ရှိတယ်။ တိုင်စာ ၅၁ စောင်ကိုတော့ တိုင်ကြားသူထံ ဆောင်ရွက်ချက် အကြံပြုချက်တွေနဲ့ ပြန်ကြားနိုင်ခဲ့ပါတယ်။ အမှုတွဲ ၇ စောင်ကိုတော့ ကာယကံရှင်များနဲ့ တိုက်ရိုက်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ဘက်ကတော့ တိုင်ကြားစာတွေအပေါ် ရောက်ရှိလာတာနဲ့ ဖြစ်စဉ်မှန်မမှန်၊ ဥပဒေနဲ့ညီမညီ၊ လုပ်ထုံးလုပ်နည်းများနေသလား စိစစ်မှုတွေ အရင်လုပ်တယ်။

ပြီးရင် ကော်မတီရဲ့ စိစစ်တွေ့ရှိချက်တွေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကို တင်ပြပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီ ပေးပို့ပြီးတော့ သဘောထားမှတ်ချက် တောင်းခံပါတယ်။ ဆောင်ရွက်ထားမှု အခြေအနေတွေ တောင်းပါတယ်။ ပြီးရင်ကာယကံရှင်ဆီကို ဆောင်ရွက်ထားမှုအခြေအနေနဲ့ အကြံပြုချက်တွေနဲ့ ပြန်လည်ပေးပို့ပါတယ်။ ကော်မတီအနေနဲ့ ကြားနာဖို့ လိုအပ်ရင်လည်း ခေါ်ယူကြားနာ၊ ကွင်းဆင်းဆောင်ရွက်ဖို့ လိုအပ်ရင်လည်း ဥက္ကဋ္ဌဆီ ခွင့်တောင်းပြီး ကွင်းဆင်းပြီး ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပါတယ်။

**မေး ။ ။ ကွင်းဆင်းဖြေရှင်း ဆောင်ရွက်မှုတွေ၊ ခေါ်ယူကြားနာမှုတွေနဲ့ ပတ်သက်ပြီး ပြောပေးပါဦး။**

ဖြေ ။ ။ ရှိပါတယ်။ မှတ်မှတ်ရရ ခြောက်လကျော် သပိတ်စခန်းဖွင့် ဆန္ဒပြမှုဖြစ်နေတဲ့ ပုလိပ်မြို့ ပန်ဒါချည်မျှင် အချောကိုင်စက်ရုံကိစ္စဆိုရင် ကျွန်တော်တို့ ကော်မတီက သွားရောက် ညှိနှိုင်းဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ရန်ကုန်မှာလည်း သပိတ်မှောက်ဆန္ဒပြမှု လနဲ့ချီကြာမြင့်နေတဲ့ အငြင်းပွားမှု သုံးခုလောက်ကို အောင်မြင်စွာ စေ့စပ်ညှိနှိုင်းပေးနိုင်ခဲ့ပါတယ်။ အချို့သော အငြင်းပွားမှုတွေဆိုလည်း မသွားရောက်ရဘဲ သက်ဆိုင်ရာသမဂ္ဂတွေ အလုပ်ရှင်အလုပ်သမားတွေ တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်အကြံပြု ညှိနှိုင်းပေးပြီး ပြေလည်သွားတာ ရှိပါတယ်။ နောက်ရန်ကုန်၊ မန္တလေးမှာရှိတဲ့ လူမှုဖူလုံရေး ဆေးခန်းတချို့ကို သွားရောက်လေ့လာထားတာ ရှိပါတယ်။ ခေါ်ယူကြားနာတာကတော့ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ ၂၀ က စုပေါင်းလက်မှတ်ထိုးပြီး ထိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ အလုပ်သမားသံအရာရှိကို တိုင်ကြားမှုပါ။

ကော်မတီအနေနဲ့ ခေါ်ယူကြားနာပြီး တွေ့ရှိချက် သဘောထားမှတ်ချက်တွေနဲ့ လွှတ်တော်ဥက္ကဋ္ဌဆီ ပေးပို့တင်ပြပါတယ်။ လွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို အမှုတွဲပေးပို့လိုက်ပါတယ်။ အဂတိတိုက်ဖျက်ရေးကော်မရှင်က ဆက်လက် ဆောင်ရွက်ရာမှာ ပေါ်ပေါက်လို့ အခုအဂတိတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆၊ ၆၃ နဲ့ အရေးယူဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**မေး ။ ။နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ လာမယ့်နှစ်မှာ ကိုယ့်နိုင်ငံသားလုပ်သားတွေ ဝန်ဆောင်ခကုန်ကျစရိတ်မပေးရတဲ့ zero payment စနစ်ကို ပိုမိုခံစားခွင့်ရလာအောင် ကြိုးစားကြည့်ပါ့မယ်။ ကျွန်တော်တို့ နိုင်ငံသားအများစု သွားရောက်လုပ်ကိုင်နေတဲ့ ထိုင်းနဲ့ မလေးရှားမှာ zero payment စနစ်ကို လိုက်နာရတဲ့ စက်ရုံတွေ ရှိတယ်။ ဥပမာ အီလက်ထရွန်နစ်၊ လက်အိတ်၊ အထည်အလိပ် စသဖြင့်ပေါ့။ အဲဒီလို စက်ရုံမျိုးကို ကိုယ့်နိုင်ငံသားလုပ်သားတွေ များများပို့နိုင်အောင် လုပ်ရမယ်၊ အရေအတွက် ရာခိုင်နှုန်းအားဖြင့် နည်းသေးတယ်။ အခုကမရသေးတာ မဟုတ်ဘူး။ ရတယ်၊ ရတဲ့အေဂျင်စီအချို့က လောဘကြီးပြီး အလုပ်သမားတွေဆီက ငွေကောက်ခံတာတွေ ရှိတယ်။

ဟိုဘက်စက်ရုံကလည်း ယူတယ်။ ကျင့်ဝတ်မရှိဘူး။ နိုင်ငံသိက္ခာ ကျတယ်၊ မှန်မှန်ကန်ကန်လုပ်တဲ့ အေဂျင်စီတွေပါ အထင်သေးခံရတယ်။ အဲဒီတော့ ကိုယ့်နိုင်ငံသားတွေ အရေအတွက်များများ ခံစားခွင့်ရဖို့ နိုင်ငံတော်အစိုးရအနေနဲ့ စီစဉ်ဆောင်ရွက်ဖို့လည်း တိုက်တွန်းသွားမယ်၊ နည်းလမ်းရှာမယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ လွှတ်တော်ရေးရာ ကော်မတီတွေအနေနဲ့ လွှတ်တော်ရဲ့ ဥပဒေပြုရေးလုပ်ငန်းတာဝန်တွေအပြင် ကော်မတီအနေနဲ့ ပြည်သူတွေရဲ့ တိုင်ကြားမှုတွေ အကူအညီတောင်းခံမှုတွေ အတွက်လည်း ဥပဒေနဲ့အညီ အကြံဉာဏ်ပေး၊ ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ အလုပ်သမားအရေးနဲ့ ပတ်သက်ပြီး အကူအညီလိုလို့ဖြစ်ဖြစ်၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ဥပဒေအရ နိုင်ငံသားအခွင့်အရေး ပြည့်ပြည့်ဝဝ မရခဲ့ရင် ဖြစ်ဖြစ်ကော်မတီကို လိပ်မူပြီး တိုင်ကြားနိုင်ပါတယ်။

ဒီလိုတိုင်ကြားတဲ့အခါမှာ ကော်မတီက လက်ခံရရှိတဲ့အကြောင်း အကြောင်းပြန်ကြားပေးသလို၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း ပြန်လည်ပေးပို့ပေးပါတယ်။ လွှတ်တော်က ကော်မတီတွေကို ပြည်သူတွေအနေနဲ့ အခက်အခဲရှိလာရင် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ပေးပို့တင်ပြဆောင်ရွက်ကြပါ၊ တစ်နည်းအားဖြင့် လွှတ်တော်ရဲ့ ရေးရာကော်မတီတွေကို အသုံးချကြပါလို့ တိုက်တွန်းချင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**



၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့ရှိ အလုပ်သမားဆေးရုံသို့ သွားရောက်လေ့လာပြီး အာမခံလုပ်သားများနှင့် တွေ့ဆုံမေးမြန်းခဲ့စဉ်။




၂၀၁၇ ခုနှစ် ဩဂုတ် ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်အလုပ်သမားဆေးရုံသို့ သွားရောက်လေ့လာခဲ့စဉ်။

# ကလေးစာပေပွဲတော် (လပွတ္တာ) ဖွင့်ပွဲ ကျင်းပ

**လပွတ္တာ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိရာ (၁၅) ကြိမ်မြောက်အနေဖြင့် ကလေးစာပေပွဲတော်(လပွတ္တာ) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူရည်ချွန်များနှင့် မြို့မိမြို့ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။




ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော် (လပွတ္တာ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဧရာဝတီခန်းမတွင် ဆက်လက်ကျင်းပရာ လပွတ္တာ အ.ထ.က(၂) မှ ကျောင်းသား၊ ကျောင်းသူလေးများက ကလေးစာပေပွဲတော် သီချင်း theme song သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်သည် တိုင်းဒေသကြီးအတွင်း (၁၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ပွဲတော်ကျင်းပသည့်ကာလတွင်သာ အလေးထားခံယူကျင့်သုံးပြီး ပွဲတော်ပြီးသွားသည်နှင့် ပြီးပြီးပျောက်ပျောက် ဖြစ်မသွားရန် အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် တိုးတက်မှုရလဒ်များရရှိစေရန် ကလေးများနှင့် လူကြီးမိဘများကလည်း အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဤပွဲတော်မှစ၍ လေ့လာမှတ်သားစရာများကို လေ့လာမှတ်သားကြပြီး နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို ဆောင်ရွက်နိုင်မည့် သားကောင်းသမီးမွန်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသားကျောင်းသူများ၏ အကပဒေသာများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်ကျင်းပရေးအတွက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အခြေခံပညာကျောင်းများ၏ ပညာရေးပြခန်း၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြခန်း၊ ကြက်ခြေနီ ပြခန်း၊ အစိုးရ စက်မှုလက်မှုသိပ္ပံ ပြခန်း၊ စည်ပင်သာယာရေးအဖွဲ့ ပြခန်းနှင့် ကလေးငယ်များ၏ ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ပန်းချီနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

"ကလေးစာပေပွဲတော်" စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (လပွတ္တာ) ကို ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ – အောင်မင်း၊ ဝင်းကျော်မြင့် ၊ လွှမ်းသီဟ၊ ချစ်သက်လယ်၊ အောင်အောင်(ပြန်/ဆက်)**

# တရုတ်နိုင်ငံ CCTV မှ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတို့တွင် မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၇**

တရုတ်–မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ် တင်ဆက်နိုင်ရန် တရုတ်နိုင်ငံ (China Central Television–CCTV) မှ ရိုက်ကူးရေးအဖွဲ့သည် ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတို့တွင် ဇန်နဝါရီ ၅ ရက်မှ စတင်ရိုက်ကူးလျက်ရှိသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ဇန်နဝါရီ ၅ ရက်က ရန်ကုန်မြို့ရှိ ရွှေတိဂုံ၊ ဆူးလေနှင့် ဗိုလ်တထောင်စေတီတော်၊ မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေး အထိမ်းအမှတ်ကျောက်တိုင်တို့အား လည်းကောင်း၊ ဇန်နဝါရီ ၆ ရက်က နေပြည်တော်ကောင်စီ နယ်မြေရှိ ဟိုတယ်ဇုန်(၁)တွင် လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့သည်။

အဆိုပါအဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ၊ ပုပ္ပားတောင်နှင့် မန္တလေးမြို့ရှိ နန်းတော်နှင့် မန္တလေးတောင်တို့တွင် ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ရိုက်ကူးထားမှုများကို(CCTV) ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **အောင်နိုင်ဦး(FDC)**



တရုတ်နိုင်ငံ CCTV မှ ရိုက်ကူးရေးအဖွဲ့ နေပြည်တော် ဟိုတယ်ဇုန်(၁)အနီးတွင် မှတ်တမ်းတင်ရိုက်ကူးနေစဉ်။



ပေါ်တူဂီနိုင်ငံအခြေစိုက် Vende–se Films မှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ သာကေတမြို့နယ် ၃/ရန်ပြေ ရပ်ကွက်တွင် လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲပြုလုပ်နေမှုကို မှတ်တမ်းတင်ရိုက်ကူးနေစဉ်။

# ပေါ်တူဂီနိုင်ငံမှ မှတ်တမ်းရုပ်ရှင် ရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့တွင် လှည့်လည်ရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၇**

ပေါ်တူဂီနိုင်ငံအခြေစိုက် Vende–se Films မှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့သည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများ၊ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ၊ ရိုးရာယဉ်ကျေးမှုများကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်ထိ ရိုက်ကူးခဲ့သည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပုံ၊ ရန်ကုန်–ဒလဆိပ်ကမ်းနှင့် ရန်ကုန်မြစ်အတွင်း သင်္ဘောများသွားလာနေပုံ၊ ပန်းဆိုးတန်းလမ်းနှင့် အနီးတစ်ဝိုက်ရှိ ကိုလိုနီခေတ် အဆောက်အအုံများ၊ ရန်ကုန်ဘူတာကြီးတွင် ပြည်သူများသွားလာနေပုံနှင့် မီးရထားလမ်းတစ်လျှောက် မြင်ကွင်းများ၊ ရွှေတိဂုံစေတီတော်တွင် ပြည်သူများ ဘုရားဖူးလာရောက်ကြပုံ၊ ကရဝိက်နန်းတော်နှင့် ၎င်းတွင် မြန်မာ့ရိုးရာ ဆင်အကနှင့် ရုပ်သေးအနုပညာရှင် ဦးထွေးဦး၏ ရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်နေပုံကို ရိုက်ကူးခဲ့သည်။

ထိုသို့ ရိုက်ကူးထားမှုများကို "The journey" မှတ်တမ်းရုပ်ရှင်အဖြစ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စန်း(FDC)**

## မိုးမောက်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**မိုးမောက် ဇန်နဝါရီ ၇**

ကချင်ပြည်နယ် မိုးမောက်မြို့ မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၂၀) ဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးမျိုးသန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းသားများအား အရန်မီးသတ် တူညီဝတ်စုံများကို နတလဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏခင်ဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မြင့်၊ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးစိုးသူထိုက်တို့က ပေးအပ်ရာ သင်တန်းသားများက လက်ခံယူခဲ့ကြကြောင်း သိရသည်။ အဆိုပါသင်တန်းကို မိုးမောက်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေးနှိုးဆော်ချက်

ပွင့်လင်းရာသီတွင် နိုင်ငံအတွင်း အလှူပွဲတော်များ စည်ကားစွာ ကျင်းပလေ့ရှိပါသည်။ ဤကာလအတွင်း အစာအဆိပ်သင့်မှုများ နှစ်စဉ်နှစ်တိုင်းဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။

အစာအဆိပ်သင့်မှု မဖြစ်ပွားစေရန်အတွက် အစားအသောက် ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်း မပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောပါ။

၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

၃။ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။

၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသော ရေကိုသာ သုံးစွဲပါ။

၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့်ပူပူနွေးနွေး စားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင် နွေးပြီးမှ စားသုံးပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့်အထူးလိုက်နာရန်**

**ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။**

အစာအဆိပ်သင့်မှုဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ပြီး ထိရောက်စွာ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

ဒုတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း စံချိန် ၁၄:၃၀ ဒသမ ၈၃ မိနစ်၊ တတိယ တနင်္သာရီတိုင်းဒေသကြီး စံချိန် ၁၅:၁၆ ဒသမ ၅၁ မိနစ်ဖြင့်လည်းကောင်း၊ အမျိုးသား ၁၅ ကီလိုမီတာအသင်းလိုက် စက်ဘီးစီးပြိုင်ပွဲတွင် ပထမ မကွေးတိုင်းဒေသကြီးအသင်း စံချိန် ၁၉:၀၉ ဒသမ ၄၀ မိနစ်၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးအသင်း စံချိန် ၁၉:၁၆ ဒသမ ၃၅ မိနစ်၊ တတိယ မန္တလေးတိုင်းဒေသကြီးအသင်း စံချိန် ၁၉:၁၉ ဒသမ ၉၃ မိနစ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

၂၀၁၉-၂၀၂၀ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးစီးပြိုင်ပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၉ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၇ သင်း၊ အားကစားသမားအမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း အားကစားသမားဦးရေ ၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၇ နာရီ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိပတ်လမ်း (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ MNL ယူ-၁၉ လူငယ်လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ အောက်တိုဘာ ၁၀ ရက်၊ ယူ-၂၁ လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ၂၀၂၀ ရာသီ MNL ယူ-၁၉ လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်း၊ Southern၊ ချင်းယူနိုက်တက်၊ ရခိုင်၊ ဟံသာဝတီ၊ မကွေး၊ ဖွဲကပင်၊ အား/ကာသိပ္ပံ၊ ယောမြေ၊ မြန်မာ ယူ-၁၆၊ တက္ကသိုလ်၊ ငွေကြယ်ပွင့်၊ မြဝတီ၊ ကချင်ယူနိုက်တက်၊ မောရဝတီနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယူ-၂၁ လိဂ်ပြိုင်ပွဲတွင်မူ ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်း၊ Southern၊ ချင်းယူနိုက်တက်၊ ရခိုင်၊ ဟံသာဝတီ၊ မကွေး၊ ဖွဲကပင်၊ အား/ကာသိပ္ပံ၊ ယောမြေ၊ တက္ကသိုလ်၊ ငွေကြယ်ပွင့်၊ မြဝတီ၊ ကချင်ယူနိုက်တက်၊ မောရဝတီနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး တစ်သင်းလျှင် ၃၅ ပွဲအထက် ကစားရမည်ဖြစ်သည်။

၂၀၁၉ ရာသီတွင် ယူ-၁၉ လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် MFF Youth အသင်းတို့ ဗိုလ်စွဲခဲ့သည်။

**ညီမြတ်သော်တာ**

## ဟိုပုံးနှင့် ဖယ်ခုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၄၆ ဧကခန့် ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက်တွင် ငိုချီးကျေးရွာ၏ အရှေ့ဘက် တစ်မိုင် ခန့်အကွာ၌ အမြင့် ခြောက်လက်မခန့် ဖွံ့ဖြိုးဆဲ ဘိန်းစိုက်ခင်း ၁၁ ဧက ခန့်အား ဖျက်ဆီးခဲ့သည်။ အလားတူ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘန့်ခူးကျေးရွာ၏ အရှေ့ မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်လက်မခန့် ဖွံ့ဖြိုးဆဲဘိန်းစိုက်ခင်း ၃၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## တောင်ကြီးမြို့၌ လျှပ်စစ်ဟင်းအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံး

**တောင်ကြီး ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်နေ ဦးခင်မောင်ချစ် (၅၀နှစ်) ၏ နေအိမ်၌ ဇန်နဝါရီ ၇ ရက် နံနက် ၁၁ နာရီက လျှပ်စစ်ဟင်းအိုး အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကိုဂျီဂဲ(ခ)သက်ဝေ (၃၀နှစ်)နှင့် ဆူရီယာ (၂၅နှစ်)တို့နှစ်ဦးသည် နေအိမ်အတွင်းပိတ်မိနေသဖြင့် ကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်မှုများပြုလုပ်ခဲ့ကြပြီး ဂျီဂဲ(ခ)သက်ဝေမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားကာ ဆူရီယာမှာ မီးခိုးမွန်(မစိုးရိမ်ရ)သဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်မင်း၊ တောင်ကြီးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူ၊ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူး တင်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများက မီးသတ်ယာဉ် ၁၀ စီး၊



ရေသယ်ယာဉ် လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ (**အပေါ်ပုံ**) နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဆီဆိုင်၊ တာချီလိတ်၊ နမ့်ခမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီက ဆီဆိုင်မြို့နယ် ဆီဆိုင်-ဆိုက်ခေါင်သွားလမ်း နမ်းဩ ကျေးရွာအဝင်တွင် ကိုထွန်း မောင်းနှင်ပြီး မလှယဉ်အေး လိုက်ပါလာသော မက်တူးအမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်စဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ဆီဆိုင်မြို့အဝင် ကောင်းမှုဗွာကျေးရွာ အနီးတွင် ဖမ်းဆီးရမိခဲ့ပြီးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် (က) ဆန်ဆိုင်းကွက်သစ်(၉)လမ်း အမှတ်(၇/၇)ရှိ ဂျော်နီထွေး၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၄၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ကရောင်း အမျိုးအစား မော်တော်ယာဉ်တစ်စီး တို့ကို လည်းကောင်း။

ထို့အတူ ည ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁၃)ရပ်ကွက်ရှိ ရော်ဘာတော အနီး အမှတ်(၁၃)ရပ်ကွက်-အမှတ်(၈) ရပ်ကွက်သွားလမ်းတွင် ကျန်းအားချန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၈၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကွမ်းခြံကုန်းမြို့နယ်အတွင်း၌ ကျွဲခိုးမှုကျူးလွန်သူ သုံးဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၇**

ကွမ်းခြံကုန်းမြို့နယ် ပေကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေ တရားလိုဦး-----သည် ဇန်နဝါရီ ၃ ရက် နံနက် ၆ နာရီခန့်က ၎င်းပိုင်ဆိုင်သော ကျွဲကိုးကောင်မှာ ပျောက်ဆုံးနေကြောင်း ၎င်း၏လယ်သူရင်းငှား ဖြစ်သူက ဖုန်းဆက်အကြောင်းကြားသဖြင့် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ လယ်တဲနှင့် တစ်မိုင်ခန့်အကွာတွင် ကျွဲထီးနှစ်ကောင်သာ တွေ့ရှိရပြီး ကျန်ကျွဲ ခုနစ်ကောင်မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးသိရှိရသည်။ ကျွဲ ခုနစ်ကောင် ခိုးယူသွားသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူပေးပါရန် ကွမ်းခြံကုန်းမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ကွမ်းခြံကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မသင်္ကာသူ အောင်ကျော်နိုင်၊ မြင့်အေးနှင့် အညာသား(ခ)အေးကိုတို့ သုံးဦးသည် မအူပင်မြို့နယ် သားသတ်ရုံသို့ ကျွဲခုနစ်ကောင် ရောင်းချရန် ဆက်သွယ်နေကြောင်း သိရသဖြင့် ဇန်နဝါရီ ၄ ရက် ည ၉ နာရီခွဲခန့် တွင် ၎င်းတို့ သုံးဦးကို မအူပင်မြို့နယ် ရွှေတောင်မော်ကျေးရွာ ရန်ကုန်-မော်ကျွန်းကားလမ်းမပေါ်တွင် တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ကျော်နိုင်ပါ သုံးဦးသည် အကျိုးအမြတ်ငွေအား အတူခွဲဝေယူကြရန် သဘောတူခဲ့ကြပြီး ဇန်နဝါရီ ၂ ရက် ည ၁၂ နာရီခန့်တွင် စက်လှေမောင်းသူ အောင်ကျော်နိုင်နှင့်အတူ အဆိုပါကျွဲများကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၄၀ - "သဘာဝအလှတရားတွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုစုံရာ မြို့ရေနံ့သာ"
- ၈:၄၀ - "အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၁:၄၀ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း-၂၃)
- ၁၂:၃၀ - ရုပ်ရှင်ရာပြည့်(Promo)
- ၁၂:၃၅ - "မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. လုသွီဇွန်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၄:၁၀ - (၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**ညပိုင်း**

- ၁၆:၂၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၇:၀၅ - "မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့်တွေ့ဆုံမေးမြန်းခန်း"
- ၁၇:၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
- ၁၈:၃၀ - ပြည်သူ့နီတိစကားဝိုင်း
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
- - ရုပ်ရှင်ရာပြည့်(Promo)
- - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြု ရုပ်ရှင်"ဗိုလ်ကာတွန်း" (ဖိုးပါကြီး၊ ဒက်ဖနီ၊ သန်းနွဲ့) (ဒါရိုက်တာ- သာခု)

## ရမည်းသင်းမြို့နယ်၌ လောင်းကစားပြုလုပ်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ရမည်းသင်း ဇန်နဝါရီ ၇**

ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်သူရ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရွာတန်းသဲကျွန်းအုပ်စု ကျီးအင်းကျေးရွာ ယာမြေတွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ အဆိုပါ ကျီးအင်းကျေးရွာ ယာမြေတွင် စိန်တိုး (၃၅နှစ်) ပါ ငါးဦးက ခြောက်ကောင်(အန်ဂလုံ) လောင်းကစား ပြုလုပ်နေကြောင်း တွေ့ရှိရသည်။



အခင်းဖြစ်နေရာတွင် လောင်းကစားကိရိယာများ၊ လောင်းကြေး ငွေ ကျပ် ၅၉,၂၀၀ နှင့်အတူ ဆိုင်ကယ် ၁၅ စီးတို့အား ဖမ်းဆီးရမိသဖြင့် (**ယာပုံ**)စိန်တိုးပါ ငါးဦးအား ရွာတန်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# အီရန်တပ်မှူးအား သတ်ဖြတ်လိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့များအားလုံးကို အကြမ်းဖက်သမားများအဖြစ် အီရန်လွှတ်တော်အတည်ပြု

**တီဟီရန် ဇန်နဝါရီ ၇**

အီရန်လွှတ်တော်က ဇန်နဝါရီ ၇ ရက်တွင် ဥပဒေကြမ်းတစ်ခုကို အတည်ပြုခဲ့ပြီး ယင်းအတည်ပြုလိုက်သည့် ဥပဒေကြမ်းတွင် အီရန်ထိပ်တန်းတပ်မှူးအား အမေရိကန်က လေကြောင်းမှ တိုက်ခိုက်ပြီး ချေမှုန်းခဲ့သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များအားလုံးကို အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ခဲ့သည်။

**တင်းမာမှုများမြင့်တက်**

ကာဆမ်းဆိုလန်းမန်းနီသည် ဘဂ္ဂဒက်လေဆိပ်တွင် အမေရိကန်က မောင်းသူမဲ့ ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်သုတ်သင်ခြင်းခံခဲ့ရသည်။ ထိုသို့သတ်ဖြတ်ခြင်းခံခဲ့ရသည့်အတွက် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

**အကြမ်းဖက်သမားအဖြစ်သတ်မှတ်**

အသစ်ချမှတ်လိုက်သည့် ဥပဒေကြမ်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များအားလုံးနှင့် ပင်တဂွန်မှ ဝန်ထမ်းများအားလုံးနှင့် ဆက်စပ်နီးနွှယ်သော အဖွဲ့အစည်းများအားလုံး၊ အေးဂျင့်များနှင့် တပ်မှူးများ၊ ဆိုလန်းမန်းနီကို လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းသူများအားလုံးကို အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ခဲ့သည်။

အဆိုပါ အဖွဲ့အစည်းများအားလုံးကို ကူညီသည့် မည်သည့်အဖွဲ့အစည်းမဆို အကြမ်းဖက်လုပ်ရပ်ကို ပြုလုပ်သူများအဖြစ် သတ်မှတ်ကြောင်း ပါလီမန်က ပြောသည်။

**အေအက်ဖ်ပီ**



အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ဒေသတွင်းတင်းမာမှုများမြင့်တက်နေသည့်ကြားက ဂျပန်ဝန်ကြီးချုပ် အရှေ့အလယ်ပိုင်း သုံးနိုင်ငံသို့ သွားမည်

**တိုကျို ဇန်နဝါရီ ၇**

ဒေသတွင်းတင်းမာမှုများ မြင့်တက်နေချိန်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အရှေ့အလယ်ပိုင်း သုံးနိုင်ငံသို့ ယခုလနှောင်းပိုင်းတွင် သွားရောက်လည်ပတ်မည် ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သူသည် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အိုမန်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်က ပါတီ အမှုဆောင် အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းကိစ္စကိုအလွန်စိုးရိမ်ပူပန်ကြောင်းနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ရရှိအောင် သံတမန်ရေးနည်းလမ်းဖြင့် ကြိုးစားအားထုတ်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်- အမေရိကန်ကုန်သွယ်ရေးသဘောတူညီချက်သစ်သည် ဇန်နဝါရီ ၁ ရက်တွင် စတင်အကျုံးဝင်သက်ရောက်ခဲ့သည့် အပေါ်လည်း မှတ်ချက်ပြု ပြောကြားခဲ့သည်။

မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ဝင်ငွေတိုးတက်အောင် ကာကွယ်မှုနှင့် လက်ဦးမှုရယူခြင်း နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်မည်ဟု အာဘေးက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ပလတ်စတစ်ပစ္စည်းများစွန့်ပစ်မှုကို အစိုးရက ပိတ်ပင်ရန် ဘင်္ဂလားဒေ့ရှ်တရားရုံး အမိန့်ချ

**ဒါကာ ဇန်နဝါရီ ၇**

ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်းရှိ ကမ်းခြေဧရိယာများ၊ ဟိုတယ်များ၊ မိုတယ်များနှင့် စားသောက်ဆိုင်များတွင် လာမည့် တစ်နှစ်အတွင်း ပလတ်စတစ်ပစ္စည်းအသုံးပြုမှုကို အာဏာပိုင်များက ပိတ်ပင်ရန် ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်ဌာနခွဲက ညွှန်ကြားခဲ့ကြောင်း သိရသည်။

အာဏာပိုင်များအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ပိုလီသိုင်လင်း ပလတ်စတစ်ပစ္စည်း သုံးစွဲမှုကို ကောင်းမွန်စွာ စစ်ဆေးစောင့်ကြည့်ကာ ပိုမိုစည်းကမ်းတင်းကျပ်ရန်လည်း တရားရုံးက အမိန့်ချလိုက်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအရ ၂၀၀၂ ခုနှစ်တွင် ပိုလီသိုင်လင်းပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို ပိတ်ပင်ထားသည်ဖြစ်ရာ ပိုလီသိုင်လင်းအသုံးပြုခြင်းက အဆိုပါဥပဒေကို လုံးဝချိုးဖောက်ခြင်းဖြစ်ကြောင်း ကြားနာစစ်ဆေးမှုအတွင်းရှေ့နေ ဆိုင်ရက်အာမက် ကာဘီယာက ပြောကြားခဲ့သည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်းရှိ မြစ်ချောင်းပေါင်း ၅၄ ခုတို့က သယ်ဆောင်သွားခဲ့ပြီး ကမ်းခြေဒေသများတွင် ရောက်ရှိလာကာ ဘင်္ဂလားပင်လယ်အော်အတွင်း၌ စုပုံလာရာ ပင်လယ်အတွင်းရှိ သဘာဝသယံဇာတရင်းမြစ်များနှင့် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ခြိမ်းခြောက်ရာရောက်နေကြောင်း ကာဘီယာက ပြောကြားခဲ့သည်။

ထို့အပြင် အာဏာပိုင်များအနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ စတင်ကာ ပလတ်စတစ်ပစ္စည်းသုံးစွဲမှုရပ်တန့်စေရန် မည်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေသည်ကို တရားရုံးသို့ အသိပေးအကြောင်းကြားရမည် ဖြစ်ကြောင်းကိုလည်း တရားရုံးက ညွှန်ကြားထားကြောင်း သိရသည်။

**ဆင်ဟွာ**

# နည်းပညာအသုံးပြု အွန်လိုင်းသင်ထောက်ကူအပလီကေးရှင်းများ တီထွင်ထုတ်လုပ်နေသည့် ဓာတ်သင်ပုန်းကုမ္ပဏီကို နစ်ကီးသတင်းဌာနက ဆုချီးမြှင့်

**တိုကျို ဇန်နဝါရီ ၇**

မြန်မာနိုင်ငံမှ ပညာသင်ကြားသူများအတွက် Argumented Reality (AR) ဟုခေါ်သည့် သုံးဘက်မြင် နည်းပညာအသုံးပြုပြီး အွန်လိုင်းသင်ထောက်ကူအပလီကေးရှင်းများကို တီထွင်ထုတ်လုပ်နေသည့် မြန်မာနိုင်ငံမှ 360 ed ဓာတ်သင်ပုန်းကုမ္ပဏီကို ဂျပန်နိုင်ငံအခြေစိုက် Nikkei သတင်းဌာနက Nikkei Asian Review Award For Excellence ဆု ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။




AR နည်းပညာအသုံးပြုထားသည့် စမတ်ဖုန်းတွင် အသုံးပြုနိုင်သော ပညာရေးအပလီကေးရှင်းများကို တွေ့ရစဉ်။

360 ed ဓာတ်သင်ပုန်း ကုမ္ပဏီသည် (AR) နည်းပညာဖြင့် Flashcard Application သုံးခု ထုတ်လုပ်ထားသည်။ ပထမနှစ်ခုသည် ၁၀ တန်းကျောင်းသူ၊ ကျောင်းသားများအတွက်ဖြစ်ပြီး ပညာရေးဌာနက ပြဋ္ဌာန်းထားသည့် သင်ရိုးများကိုအခြေခံ၍ ဇီဝဗေဒနှင့် ဓာတုဗေဒပညာရပ်များနှင့်ဆိုင်သည့် အပလီကေးရှင်းနှစ်ခုပါဝင်ကာ မေးခွန်းများနှင့် ဗီဒီယိုဂိမ်းများကစားနိုင်ပြီး ကျောင်းသင်ခန်းစာများကို လေ့ကျင့်နိုင်သည့် ဆော့ဖ်ဝဲလ်များလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။ တတိယတစ်ခုသည် ပထမတန်းကျောင်းသူ၊ ကျောင်းသားများအတွက် AR နည်းပညာသုံး အင်္ဂလိပ်စာလုံးပေါင်းများအပြင် ရုပ်ပုံများပါ ထည့်သွင်းပေးထားကြောင်း သိရသည်။

ယခုနည်းပညာကို အသုံးပြုပြီး ဓာတ်သင်ပုန်းကုမ္ပဏီအဖြစ် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ မလှလှဝင်းနှင့် ဆီလီကွန်တောင်ကြားမှ မိတ်ဆွေအချို့က စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ၌ သင်ထောက်ကူ နည်းပညာအဖြစ် အသုံးပြုနိုင်ရန် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် တရားဝင် မိတ်ဆက်ခဲ့သည်။ 360 ed ပညာရေး အထောက်အကူပြု လုပ်ငန်း၏ အမှုဆောင်အရာရှိချုပ် မလှလှဝင်းကို စက်တင်ဘာ ၂၄ ရက်က နယူးယောက်အခြေစိုက် The Schwab Foundation ရန်ပုံငွေအဖွဲ့က ၂၀၁၉ ခုနှစ်အတွက် လူမှုစွန့်ဦးတီထွင်ဆုကိုလည်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**နစ်ကီအေးရှန်းရီဗျူး**

# နေစကြဝဠာပြင်ပရှိ ကြယ်တစ်လုံးနှင့် ဂြိုဟ်တစ်လုံးကို ဧရာဝတီနှင့် ပုဂံဟု အမည်ပေး

**ပါရီ ဇန်နဝါရီ ၇**

နိုင်ငံတကာ နက္ခတ်တာရာပညာရှင်များအဖွဲ့ နှစ် ၁၀၀ ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများက နေစကြဝဠာပြင်ပရှိ ကြယ်များနှင့် ဂြိုဟ်များကို မိမိတို့၏ ကိုယ်ပိုင်နာမည်များ အောင်မြင်စွာပေးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြလိုက်သည်။

ကမ္ဘာမှအလင်းနှစ်ပေါင်း ၅၅၃ နှစ်အကွာရှိကြယ်နှင့် ဂြိုဟ်တစ်လုံးတို့ကို ဧရာဝတီနှင့် ပုဂံဟု အမည်ပေးခဲ့ကြောင်း သိရသည်။ ဧရာဝတီသည် မြန်မာနိုင်ငံတွင် အရေးပါပြီး အကြီးဆုံးမြစ်ဖြစ်သလို မြန်မာနိုင်ငံ၏ အသက်သွေးကြောလည်းဖြစ်သည်။ ထို့အတူ ပုဂံသည်လည်း ရှေးအကျဆုံး သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များရှိရာ နေရာဖြစ်သည့်အတွက် ယခုလိုနာမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံအခြေစိုက် နိုင်ငံတကာ နက္ခတ်တာရာပညာရှင်များအဖွဲ့၏ ရာပြည့်အထိမ်းအမှတ်အစီအစဉ်သို့ တက်ရောက်ခဲ့သော မြန်မာအဖွဲ့က ယခုနာမည်များကို ရွေးချယ်နာမည်ပေးခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့၏အဆိုအရ မူလက HD 18742 နှင့် HD 18742 B ဟု အမည်ပေးထားသော ၎င်းကြယ်နှင့် ဂြိုဟ်တို့သည် Eridanus ဟုခေါ်သည့် ကြယ်စုအတွင်းရှိပြီး ၎င်းတို့ကို ၂၀၁၁ ခုနှစ်က အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင်ရှိသည့် Keck Observatory နက္ခတ်တာရာကြည့်မှန်ပြောင်းမှတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပုဂံဂြိုဟ်သည် အချင်းဝက်အားဖြင့် နေထက်ငါးဆခန့်ကြီးသည့် ဧရာဝတီကြယ်ကို လှည့်ပတ်လျက်ရှိသည်။ ပုဂံဂြိုဟ်သည် ဂျူပီတာခေါ်ကြာသပတေးဂြိုဟ်ထက် သုံးဆခွဲနီးပါးကြီးပြီး ဧရာဝတီကြယ်ကို တစ်ပတ်ပတ်ရန် နှစ်နှစ်ခန့်ကြာမြင့်ကြောင်း သိရသည်။

ယခုအတည်ပြုလိုက်သည့် အမည်များကို နိုင်ငံတကာအဆင့် အသိအမှတ်ပြု မှတ်တမ်းတင်ထားမည်ဖြစ်ပြီး အနာဂတ်တွင် ယခုမှတ်တမ်းတင်ထားသည့်အမည်များကိုသာ အသုံးပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ အမည်ပေးသည့်အခမ်းအနားသို့ နိုင်ငံပေါင်း ၁၁၂ နိုင်ငံမှ လူပေါင်း ၇၈၀၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပြီး ယခုနာမည်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ကြေညာခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ နက္ခတ်တာရာပညာရှင်များအဖွဲ့ ၏ ကြေညာချက်အရ သိရသည်။

**ယာဟူးနယူးစ်**

# အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ဆုတ်ခွာမည့်သတင်းကို ပင်တဂွန်မှ ငြင်းဆို

**ဝါရှင်တန် ဇန်နဝါရီ ၇**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်များ ဆက်လက်ထားရှိခြင်းနှင့် ပတ်သက်ပြီး မူဝါဒအပြောင်းအလဲမရှိဟု ပင်တဂွန်စစ်ဌာနချုပ်က ပြောသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ဆုတ်ခွာရန်ပြင်ဆင်နေပြီဟု မီဒီယာများ၌ သတင်းများထွက်ပေါ်လာပြီးနောက် ပင်တဂွန်စစ်ဌာနချုပ်က ယခုလို ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

အီရတ်ရှိအမေရိကန်တပ်များ၏ အခြေအနေနှင့်ပတ်သက်ပြီး မူဝါဒအပြောင်းအလဲမရှိကြောင်း၊ အိုင်အက်စ်များကို ချေမှုန်းတိုက်ခိုက်ရန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆက်လက်အကူအညီပေးသွားရန် အီရတ်အစိုးရနှင့် ဆက်လက် တိုင်ပင်သွားမည်ဖြစ်ကြောင်း ပင်တဂွန်သတင်းထုတ်ပြန်ရေး အကြီးအကဲဖြစ်သူ အလီဆာဖာရက်က သတင်းထုတ်ပြန်ခဲ့သည်။

အီရတ်ရှိ အမေရိကန်တပ်မှူး ဝီလီယံဆီးလီးထံမှ ပေးပို့သည့်စာကို ရည်ညွှန်းပြီး အီရတ်မှအမေရိကန် တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန် ပြင်ဆင်နေကြပြီဟု ဇန်နဝါရီ ၆ ရက်တွင် အမေရိကန်မီဒီယာများ၌ ဖော်ပြခဲ့ကြသည်။ အမေရိကန် စစ်ဦးစီးချုပ်ရုံးမှဥက္ကဋ္ဌ မာ့ခ်မိုင်လေက ဝီလီယံဆီးလီး၏ စာမှာ အကြမ်းမျှသာဖြစ်ပြီး အမှားအယွင်းတစ်ခုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကင်ညာနယ်စပ်အနီး အယ်ရှာဘတ်အုပ်စု၏ တိုက်ခိုက်မှုကြောင့် ကလေးငယ် လေးဦး သေဆုံး

**နိုင်ရိုဘီ ဇန်နဝါရီ ၇**

ဆိုမာလီနယ်စပ်အနီး ကင်ညာကျေးရွာတွင် ဆိုမာလီရှိ အယ်ရှာဘတ် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ကလေးငယ်လေးဦး သေဆုံးခဲ့ကြောင်း ကင်ညာအစိုးရက ပြောသည်။

အယ်ရှာဘတ်အုပ်စုမှ တိုက်ခိုက်ရေးသမားများသည် ဒါဒတ်ဘ်ဒေသအနီး ဆက်သွယ်ရေးတိုင် ရှိသည့်နေရာတွင် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ရဲများဘက်မှအချိန်မီ တုံ့ပြန်နိုင်မှုကြောင့် အကြမ်းဖက်သမားနှစ်ဦးကို အသေဖမ်းမိခဲ့ကြောင်း ဂါရစ်ဆာ စီရင်စုမှ ဒုတိယကော်မရှင်နာ မင်းကြီးကီဘတ်ဘိုဝင်က ပြောသည်။ ရဲများနှင့် တိုက်ခိုက်မှု ဖြစ်ပွားနေစဉ်အတွင်း အကြမ်းဖက်သမားများဘက်မှ ပစ်ခတ်မှုကြောင့် ရဲစခန်းအနီးရှိကလေးငယ်လေးဦးသေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများသည် ရဲအရာရှိများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး ဆိုမာလီယာနယ်စပ်သို့ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို ရှာဖွေမှုများပြုလုပ်နေကြောင်း သိရသည်။ အယ်ရှာဘတ်အုပ်စုသည် ဒေသခံများကို တိုက်ခိုက်ခြင်းမပြုမီ ဒေသခံများနှင့်ရဲများအဆက်အသွယ်မရစေရန် ဆက်သွယ်ရေးတိုင်များကို ဖျက်ဆီးလေ့ရှိသည်။ **ဆင်ဟွာ**

### ဒေသတွင်းလက်နက်ကိုင် တပ်ဖွဲ့များက အမေရိကန်ကို လက်တုံ့ပြန်မည်ဟု ပြောကြား

**တီဟီရန် ဇန်နဝါရီ ၇**

ဒေသတွင်းလက်နက်ကိုင်အုပ်စုများက အမေရိကန်ဒရုန်းယာဉ် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် တပ်မှူးအတွက် လက်တုံ့ပြန်သွားမည်ဟု မကြာသေးမီက ပြောကြားလိုက်သည်။ အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုတွင် အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီနှင့် အီရတ်ပြည်သူ့စစ်ခေါင်းဆောင်တို့ သေဆုံးခဲ့သည်။

ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ၏ ရုပ်အလောင်းသည် တနင်္ဂနွေနေ့က အီရတ်မှ အီရန်သို့ ရောက်ရှိလာခဲ့ပြီး တနင်္လာနေ့တွင် ၎င်း၏ ဈာပနပွဲကိုကျင်းပခဲ့သည်။ ဆိုလန်းမန်းနီဈာပနကျင်းပရာ တနင်္လာနေ့ကို အစိုးရက အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

ဆိုလန်းမန်းနီ သတ်ဖြတ်ခံရသည့်အတွက် အမေရိကန်ကို လက်တုံ့ပြန်မည်ဟု အီရန်ကပြောကြားပြီးဖြစ်သလို ဒေသတွင်းရှိ လက်နက်ကိုင်အုပ်စုများကလည်း အီရန်အပေါ်စာနာသည့်အတွက် လက်စားချေမည်ဟု ဆုံးဖြတ်ချက်ချပြောကြားခဲ့သည်။

လက်တုံ့ပြန်တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာသည် အီရန်သမ္မတဘတ်ရှာအယ်လ်အာဆက်၏ ဆီးရီးယားအစိုးရနှင့် လက်တွဲ လုပ်ဆောင်သွားမည်ဟု အရိပ်အမြွက်ပြောဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# သတိပြုဆင်ခြင်စားသုံးဖွယ် ခေါက်ဆွဲခြောက်အန္တရာယ်

**ထွန်းသစ်စ**



မကြာသေးမီက နိုင်ငံတကာသတင်းတစ်ခုမှာ ခေါက်ဆွဲခြောက်အလွန်အကျွံစားသုံးခြင်းကြောင့် ကျန်းမာရေးထိခိုက်ခဲ့တဲ့ ကလေးတစ်ယောက်အကြောင်း ရေးသားထားတဲ့ သတင်းတစ်ပုဒ်ကို စိတ်မကောင်းဖွယ်ရာ ဖတ်ခဲ့ရပါတယ်။ ခေါက်ဆွဲခြောက်ကို နှစ်ရှည်လများ အလွန်အကျွံစားသုံးတာကြောင့် နောက်ဆုံးမှာ သူ့ရှည်မှန်းချက်တွေ ပြည့်ဝအောင်မြင်မှု မရခင်မှာဘဲ အူမကြီးကင်ဆာရောဂါနဲ့ လောကကြီးက နှုတ်ဆက်ထွက်ခွာရတော့မယ့်အနေအထား၊ သေမင်းကို နောက်ဆုံးရင်ဆိုင်ရတော့မယ့်အနေအထားကို ဖတ်ရတော့ အတော်လေးထိတ်လန့်သွားခဲ့ရပါတယ်။

### အာဟာရချို့တဲ့နေကြ

ဟုတ်ပါတယ်။ အရှေ့တောင်အာရှမှာ ဈေးတော်တဲ့ အစားအစာတွေ ဥပမာ ခေါက်ဆွဲခြောက်ကဲ့သို့ အသင့်စား အစားအစာတွေဟာ ဆာလောင်မှုကို ဖြေသိမ့်ပေးနိုင်သော်လည်း အာဟာရဓာတ်ပါဝင်မှုကတော့ နတ္ထိပါပဲ။ အာဟာရတန်ဖိုးမရှိတဲ့ ခေါက်ဆွဲခြောက်တွေကို အများအပြားစားတဲ့ကလေးတွေဟာ ကြုံလှီပိန်သေးပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးထွားကြိုင်းခြင်းမရှိသလို ဒါမှမဟုတ် ဆန့်ကျင်ဘက်အနေနဲ့ အဝလွန်ခြင်းတွေ ဖြစ်တတ်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ပြောကြားထားပါတယ်။

ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေဖြစ်ပြီး လူနေမှုအဆင့်အတန်းဟာလည်း မြင့်တက်လျက်ရှိပါတယ်။ သို့သော်လည်း အပြင်မှာ ပိုက်ဆံထွက်ရှာပြီးအလုပ်ကြိုးစားနေတဲ့ မိဘတွေဟာ သူတို့အတွက် အချိန်သိပ်မရှိတာကြောင့် ဘယ်လိုအစားအစာတွေဟာ ကလေးငယ်တွေအတွက် သင့်တော်မှုရှိလား၊ မရှိဘူးလားဆိုတာကို မဝေခွဲကြတော့ဘဲ အဆင်ပြေသလို နှစ်ပါးသွားနေကြပါတယ်။ အကျိုးဆက်အားဖြင့် ကလေးငယ်တွေဟာ ပြည့်ဝတဲ့ အာဟာရတန်ဖိုးကို မရရှိကြတော့ဘဲ အဆိုးဆုံးကတော့ ကလေးငယ်တွေရဲ့ ကျန်းမာရေးကို ထိခိုက်စေလောက်တဲ့အထိ ဆိုးကျိုးတွေ ဖြစ်လာတာပါပဲ။

ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတွေမှာရှိတဲ့ ကလေးငယ်တွေရဲ့ ပျမ်းမျှအသက်ငါးနှစ်မှ ငါးနှစ်အောက် ကလေးငယ် ၄၀ ရာခိုင်နှုန်းဟာ အာဟာရတန်ဖိုးအပြည့်အဝ မရရှိကြတော့ဘဲ အာဟာရချို့တဲ့နေကြပါပြီ။ ဒါဟာ ကမ္ဘာ့အဆင့် ကလေးသုံးယောက်မှာ တစ်ယောက်နှုန်းထက် ပိုနေပါတယ်လို့ ယူနီဆက်က အောက်တိုဘာ ၁၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

### ဆိုးတဲ့အကျိုးဆက်တွေဖြစ်နိုင်

မိဘတွေဟာ သူတို့ကလေးတွေ ဗိုက်ပြည့်ဖို့ပဲ အရေးကြီးဆုံးကိစ္စလို့ ထင်နေကြတယ်။ သူတို့ကလေးတွေ ပရိုတိန်းဓာတ်ပမာဏ ပြည့်ဝလုံလောက်စွာရရဲ့လား၊ ကယ်လ်ဆီယမ် ဒါမှမဟုတ် အမျှင်ဓာတ်ပမာဏ ပြည့်ပြည့်ဝဝ ရရဲ့လား စတဲ့အချက်တွေကို မစဉ်းစားကြတော့ဘူးလို့ အင်ဒိုနီးရှား ပြည်သူ့ကျန်းမာရေးကျွမ်းကျင်ပညာရှင် ဟက်စ်ဘူလာသာ ဘရန်နီက ပြောပါတယ်။

ကလေးတွေကို အန္တရာယ်ဖြစ်စေတဲ့အရာတွေဟာ အစာအာဟာရချို့တဲ့တဲ့ နောက်ခံအကြောင်းအရာတွေရှိနေခြင်း၊ ဆင်းရဲတဲ့အနေအထားရောက်နေခြင်းတို့ပဲဖြစ်ပါတယ်။ ထို့အတူ သံဓာတ်ချို့တဲ့တဲ့ ကလေးတွေဟာ လေ့လာသင်ယူနိုင် စွမ်းအားကျဆင်းခြင်းနဲ့ မိခင်လောင်းတွေအနေနဲ့လည်း ကလေးမွေးဖွားနေချိန်နဲ့ မွေးဖွားပြီးနောက်ပိုင်းမှာ သေဆုံးနိုင်ခြေများခြင်း စတဲ့ အန္တရာယ်တွေဖြစ်စေနိုင်တယ်လို့ ယူနီဆက်က ပြောကြားထားပါတယ်။

ယူနီဆက်စာရင်းဇယားတွေအရ အင်ဒိုနီးရှားမှာ လွန်ခဲ့တဲ့နှစ်က ငါးနှစ်အောက်ကလေး ၂၄ ဒသမ ၄ သန်း၊ ဖိလစ်ပိုင်နိုင်ငံမှာ ၁၁ သန်းနဲ့ မလေးရှားနိုင်ငံမှာ ၂ ဒသမ ၆ သန်းတို့ဟာ အာဟာရဓာတ်ချို့တဲ့ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ယူနီဆက်ရဲ့ အာရှအာဟာရဖွံ့ဖြိုးမှုကျွမ်းကျင်သူ မြူနီမူတွန်ဂါက မိသားစုတွေဟာ လုပ်ရတာလွယ်ကူတဲ့ ခေတ်ပေါ်အစားအစာတွေကို အားကိုးလွန်းပြီး အာဟာရပြည့်ဝတဲ့ ရိုးရာအစားအစာတွေ မစီမံချင်တာတွေ စတဲ့အချက်တွေကြောင့် အခုလို ဖြစ်နေတာပါလို့ ပြောပါတယ်။ သို့သော်လည်း အလုပ်များလွန်းတာကြောင့်နဲ့ အလွယ်ရတဲ့ အစားအစာတွေကို စားသုံးရာကနေ အခုလိုမျိုး ဆိုးတဲ့အကျိုးဆက်တွေ ဖြစ်နိုင်တယ်လို့လည်းပြောပါတယ်။

### အသင့်စားအစားအစာတွေကို စားသုံးနေကြ

အသင့်စား ခေါက်ဆွဲတွေက မြန်တယ်။ လုပ်ရတာ လွယ်ကူတယ်။ ဈေးလည်းတော်တယ်။ အာဟာရဓာတ်ပြည့်ဝစွာပါတဲ့ အစားအစာနေရာမှာ အလွယ်တကူအစားထိုးနိုင်တယ်။ ဒါကြောင့် သူတို့ ခေါက်ဆွဲတွေကို ရွေးချယ်ပြီးစားသုံးနေကြတာဖြစ်မယ်လို့ သူက ပြောပါတယ်။

မနီလာမှာ ခေါက်ဆွဲတစ်ထုပ်ကို အမေရိကန် ၂၃ ဆင့်ပဲပေးရပါတယ်။ တစ်ခေါ်လာတောင် မပြည့်ပါဘူး။ ဒါပေမယ့် ပါဝင်ရမယ့် အာဟာရတန်ဖိုးတွေတော့မပါဝင်ပါဘူး။ ဥပမာ သံဓာတ်နဲ့ ပရိုတိန်း ဓာတ်တွေမပါဝင်ပါဘူး။ အဲဒီအစား အဆီတွေများနေပြီးတော့ ဆားပါဝင်မှုဟာလည်း မြင့်မားနေပါတယ်လို့ မူတွန်ဂါက ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာမှာ ဒုတိယခေါက်ဆွဲခြောက်အစားဆုံးနိုင်ငံ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၁၈ ခုနှစ်မှာတော့ လူပေါင်း ၁၂ ဒသမ ၅ သန်းဟာ ခေါက်ဆွဲခြောက်တွေစားသုံးခဲ့ပါတယ်လို့ ကမ္ဘာ့ခေါက်ဆွဲခြောက်အသင်းက ပြောပါတယ်။

> “ မိဘတွေဟာ သူတို့ကလေးတွေ ဗိုက်ပြည့်ဖို့ပဲ အရေးကြီးဆုံးကိစ္စလို့ ထင်နေကြတယ်။ သူတို့ကလေးတွေပရိုတိန်းဓာတ်ပမာဏ ပြည့်ဝလုံလောက်စွာရရဲ့လား၊ ကယ်လ်ဆီယမ် ဒါမှမဟုတ် အမျှင်ဓာတ်ပမာဏ ပြည့်ပြည့်ဝဝရရဲ့လား စတဲ့အချက်တွေကို မစဉ်းစားကြတော့ဘူးလို့ အင်ဒိုနီးရှား ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်ပညာရှင် ဟက်စ်ဘူလာသာ ဘရန်နီက ပြောပါတယ်”

အိန္ဒိယနဲ့ ဂျပန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ခေါက်ဆွဲခြောက်စားသုံးတဲ့နေရာမှာအတူတူပဲ ဖြစ်ပါတယ်။

အာဟာရဓာတ်ပြည့်ဝစွာပါတဲ့ အသီးတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ဥအမျိုးမျိုး၊ နို့ထွက်ပစ္စည်း၊ အသားနဲ့ ငါးတွေဟာ တဖြည်းဖြည်းနဲ့ စားသုံးမှုတွေ နည်းလာပါတယ်။ အကြောင်းကတော့ ကျေးလက်တောရွာကလူတွေဟာ မြို့ကြီးပြကြီးတွေမှာ အလုပ်တွေ သွားရောက်ရှာဖွေလုပ်ကိုင်နေကြလို့ပဲဖြစ်ပါတယ်လို့၊ အလုပ်တွေကြိုးစားပြီး ငွေစုတဲ့အတွက်ကြောင့် အသင့်စားအစားအစာတွေကိုပဲ ပိုမိုစားသုံးလာကြတယ်လို့ ယူနီဆက်ရဲ့အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

### ချမှတ်အကောင်အထည်ဖော်သင့်

ကမ္ဘာ့ဘဏ်ရဲ့ တိုင်းတာမှု စစ်တမ်းများအရ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ဟာ အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ အဲဒီနိုင်ငံတွေမှာ နေထိုင်တဲ့လူသန်းပေါင်းများစွာဟာ ချမ်းချမ်းသာသာနေထိုင်ဖို့ ရုန်းကန်ကြိုးစားနေကြရပါတယ်။

အဓိကကတော့ ဆင်းရဲမွဲတေခြင်းက အဓိကပြဿနာတစ်ရပ်ပေါ့လို့ မလေးရှားနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်ပညာရှင် တီဂျာရာဘလမ်က ပြောပါတယ်။ မိဘနှစ်ယောက်လုံး အလုပ်လုပ်နေရတဲ့ အိမ်ထောင်စုတွေဆို အလွယ်တကူအစားအစာတွေကို လျင်လျင်မြန်မြန်ပဲ လုပ်ကိုင်စားသောက်လေ့ရှိတယ်လို့ သူက ပြောပါတယ်။ ဝင်ငွေနည်းတဲ့ မိသားစုတွေဆို အသင့်လုပ်ထားတဲ့ ခေါက်ဆွဲခြောက်တွေ၊ ကန်စွန်းဥတွေ၊ ပဲငါးပိတွေ စတာတွေကိုပဲ အဓိက မှီခိုအားထားနေရတယ်လို့ သူက ပြောပါတယ်။ သကြားများတဲ့ ဘီစကစ်တွေ၊ အဖျော်ယမကာတွေ၊ အမြန်စားအစားအစာတွေဟာလည်း ဒီနိုင်ငံတွေမှာ အရေးကြီးတဲ့ နောက်ထပ်ပြဿနာတစ်ခုပဲလို့ ကျွမ်းကျင်သူတွေက ထပ်မံပြောကြားထားပါတယ်။ သို့သော်လည်း ခေါက်ဆွဲခြောက်ကိုတော့ မပါမပြီးဆိုသလို နေ့စဉ်စားသုံးနေကြပါတယ်လို့ သူတို့က ပြောပါတယ်။

ခေါက်ဆွဲခြောက်တွေကို အသားပေးထားတဲ့ အရောင်းမြှင့်တင်ခြင်းနဲ့ ကြော်ငြာတွေကလည်း အလွန်ကိုပဲ ဆိုးရွားပါတယ်လို့ အင်ဒိုနီးရှားပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ထားပါတယ်။ ခေါက်ဆွဲခြောက်တွေကို အများအပြားဖြန့်ဖြူးနေပါတယ်။ အဲဒါတွေကို နေရာတိုင်းမှာ ရပါတယ်။ ဒါတွေကို အလွယ်တကူလည်း ရပါတယ်။ အသင့်စားတွေလည်း ဖြစ်ပါတယ်။ မြန်လည်းမြန်၊ သက်လည်းသက်သာပါတယ်။ ဒါပေမယ့် ကြာရှည်ဆိုရင်တော့ ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေပါတယ်။ အရှေ့တောင်အာရှမှာရှိတဲ့ လူတွေရဲ့ ကျန်းမာရေးကို ကာကွယ်ဖို့ အစိုးရတွေအနေနဲ့လည်း မူဝါဒတစ်ရပ်အနေနဲ့ ချမှတ်အကောင်အထည်ဖော်သင့်တယ်လို့ သူတို့က ဆက်လက်ပြောကြားထားပါတယ်။

**ကိုးကား – အေအက်ဖ်ပီ**

## ရေဦးမြို့နယ် ပန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ပေးအပ်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရေဦး ဇန်နဝါရီ ၇**
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ရေဦးမြို့နယ် ပန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသော အာစီနှစ်ထပ်ကျောင်းဆောင်သစ် ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ အလှူရှင် ဂျပန်ဘုရားဒါယကာ မစ္စတာ ကူမန်နီ၊ အောင်ဇေဗျူ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသ၊ နိုင်ငံတကာမှ ဆရာတော်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ပန်းကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ၁၉၆၄ခုနှစ်တွင် အခြေခံပညာ မူလတန်းကျောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ၂၀၁၇ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ၂၀၁၈ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်ဆင့် တိုးတက်လာခြင်းဖြစ်သည်။


တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဆရာတော်ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်စဉ်။

အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသနှင့်အတူ ဒါယကာ ဒါယိကာမများသည် ၂၀၁၅ ခုနှစ်၌ ပေ(၁၄၀×၃၀) အာစီနှစ်ထပ် ကျောင်းဆောင်တစ်ဆောင်၊ ပေ(၁၃၀×၃၀) အာစီနှစ်ထပ် ကျောင်းဆောင်တစ်ဆောင် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၅၄၀၀ ကျော် တန်ဖိုးရှိ ကျောင်းဆောင် နှစ်ဆောင်ကို ပညာရေးဌာနသို့ လှူဒါန်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပခြင်းဖြစ်သည်။

ယင်းနောက် အာစီနှစ်ထပ်ကျောင်းဆောင်သစ်အား အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်ကိုယ်စား အောင်ဇေဗျူသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် မှတ်တမ်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးအား လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာကို အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်ထံသို့ ဆက်ကပ်ခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရေနံတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး လာရောက်ရှင်းလင်း

**ပဲခူး ဇန်နဝါရီ ၇**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြည်ခရိုင်အတွင်း ရေနံတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို MOGE (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)မှ လာရောက် ရှင်းလင်းတင်ပြသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးဦးညဏ်ထွန်းက အစိုးရနှင့် ONGC Viesh Limited တို့ ပူးပေါင်း၍ ရေနံတူးဖော် ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ ONGC Viesh Limited, Regional President, Mr. VesliselaVidyasagar က ရေနံတူးဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ ONGC Viesh Limited, Country Manager, Mr. Rajiv Nischal က ရေနံတူးဖော်မည့် မြေနေရာများနှင့် အစိုးရမှ ကူညီပံ့ပိုးပေးရမည့်အချက်အလက်များကိုလည်းကောင်း၊ Project Manager, Mr. Dylan Patrick Jenkins က သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်၍ ပြည်ပနိုင်ငံနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်းတစ်ခုဖြစ်၍ မိမိတို့အစိုးရကလည်း လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကိုလည်း အသိပညာပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ Corporate Social Responsibility (CSR) လုပ်ငန်းများကို ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။


တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း MOGE မှ တာဝန်ရှိသူများအား လက်ခံဆွေးနွေးစဉ်။

**တင်စိုး(ပဲခူး)**

## ဘက်စုံ-သားဖွားဒီပလိုမာသင်တန်း အောင်လက်မှတ်အပ်နှင်းခြင်း ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၇**
သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်)၏ ဆဋ္ဌမအကြိမ်မြောက် ဘက်စုံ-သားဖွား ဒီပလိုမာနှစ်နှစ်သင်တန်း အောင်လက်မှတ်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘက်စုံ-သားဖွား ဒီပလိုမာ သင်တန်းအောင်မြင်သည့် သင်တန်းသား သင်တန်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက "နိုင်ငံတစ်နိုင်ငံရဲ့ လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးရေးမှာ ကျန်းမာရေးကဏ္ဍဟာ အင်မတန်အရေးကြီးတယ်။ ကျန်းမာသန်စွမ်းတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ပေါက်လာရေးအတွက် အားလုံးမှာတာဝန်ရှိတယ်။ ၂၀၁၂ ခုနှစ်မှ ယနေ့ အထိ ဘက်စုံသားဖွား ဒီပလိုမာ သင်တန်းဆင်း ၅၆၅ ဦးဖြစ်ပြီး ၎င်းတို့အနေနဲ့ မိမိတို့ပြည်နယ်၊ မိမိတို့နိုင်ငံ၏ ကျန်းမာသန်စွမ်းတဲ့ပြည်သူများ ဖြစ်လာစေရေးအတွက် တတ်နိုင်တဲ့ဘက်က စွမ်းဆောင်ဖြည့်ဆည်းပေးနေတယ်ဆိုတာ ယုံကြည်တယ်။ ၎င်းတို့အနေနဲ့ မိမိတို့တတ်မြောက်ထားတဲ့ ပညာတွေနဲ့ မိမိတို့ အကျိုး၊ မိမိတို့မိသားစု အကျိုးများကို ထမ်းဆောင်နေမယ်လို့ ယုံကြည်တယ်။ မိမိတို့ သင်ယူတတ်မြောက်ထားတဲ့ ပညာရပ်တွေနဲ့ အကောင်းဆုံး ကြိုးပမ်းကြစေလိုတယ်။ လူဖြစ်ရကျိုးနပ်အောင် မိမိတို့ရဲ့ ပညာရပ်တွေနဲ့ ကျော်လွှားနိုင်တဲ့ အတွေးအမြင်တွေကိုရစေလိုတယ်။ နိုင်ငံတော်က ရန်ပုံငွေတွေ တိုးမြှင့်လျာထားပေးလျက်ရှိတာကြောင့် တိုးမြှင့်လာတဲ့ ဘတ်ဂျက်နှင့်အတူ လုပ်ငန်းတာဝန်တွေ များပြားလာတယ်။ ပြည်သူတွေအတွက် အဓိကဦးတည်သလို ဌာနဝန်ထမ်းတွေအတွက်လည်း ပါဝင်ပြီး အဓိကနိမ့်ကျနေတဲ့ ကျန်းမာရေးကဏ္ဍကို မြှင့်တင်နိုင်ဖို့ဖြစ်တယ်။ အမြင်ကျယ်ကျယ်နဲ့ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုတယ်။ သင်တန်းဆင်းမောင်မယ်တွေအနေနဲ့ မိမိတို့ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေအောင်မြင်စေရေးအတွက် တတ်စွမ်းတဲ့ ကဏ္ဍတွေကနေပြီး အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ကြစေလိုတယ်"ဟု ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဘက်စုံ-သားဖွား ဒီပလိုမာနှစ်နှစ်သင်တန်း အောင်မြင်သူ ၅၀ အား ဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ဟားခါးမြို့ ပညာရေးစုံညီပွဲတော်အခမ်းအနား ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဟားခါး ဇန်နဝါရီ ၇**
၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဟားခါးမြို့၌ ကျင်းပသည့် ချင်းပြည်နယ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတကာ ပညာရေးကို ရင်ပေါင်တန်းနိုင်ဖို့အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများအပြင် မိမိလူမျိုး ၊ မိမိယဉ်ကျေးမှု၊ မိမိတို့ရဲ့စာပေများကို ချစ်မြတ်နိုးပြီး ပညာတတ် လူကောင်း လူတော်များဖြစ်ကြရန် အရေးကြီးကြောင်း၊ ကျောင်းသား ကျောင်းသူလေးများကို ဗလငါးတန်နှင့် ပြည့်စုံရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံချက်များ ရေးဆွဲပြီး လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မိဘများ၊ စေတနာရှင်၊ အလှူရှင်များ၊ ဌာနဆိုင်ရာများနှင့် အစိုးရအဖွဲ့များက ပံ့ပိုးကူညီလျက်ရှိကြောင်း၊ အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေး ဖော်ဆောင်နိုင်ရန် တက်ညီလက်ညီ ပါဝင် ဆောင်ရွက်သွားကြရန် လိုကြောင်း အမှာစကားပြောကြားသည်။

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်ဝန်ကြီးများက ဆုများချီးမြှင့်ခဲ့ကြပြီး ဟားခါးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက ပညာသည်သာ ရတနာ သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ပြခန်းများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**


ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

## ပြည်နယ် အဆင့် ပညာရေးစုံညီပွဲတော် မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**မော်လမြိုင် ဇန်နဝါရီ ၇**
၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပြည်နယ်အဆင့်ပညာရေးစုံညီပွဲတော် မုခ်ဦးဖွင့်ပွဲနှင့်ပြည်နယ်ဂုဏ်ဆောင် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပညာရေးစုံညီပွဲတော်မုခ်ဦးကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်း၊ ပြည်နယ်ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြည်နယ်ဂုဏ်ဆောင်ဆုရရှိသော ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါကျောင်းရှိ ရတနာမွန်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဂုဏ်ဆောင်ဆုရရှိကြသော ဆရာ ဆရာမနှင့်ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ညီညီချမ်း(ပြန်/ဆက်)**

# မကွေးမြို့ မြသလွန်စေတီတော်မြတ်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်

**မကွေး ဇန်နဝါရီ ၇**

မကွေးမြို့ ဧရာဝတီမြစ်ကမ်းခြေရှိ မြသလွန် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီးဖြစ်၍ အထွတ်အမြတ်ဖြစ်ရာ စေတီဦး၌ ရတနာ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အား ယနေ့နံနက်ပိုင်းက ကပ်လှူပူဇော်ခဲ့သည်။

ထို့နောက် ရတနာငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အား မြသလွန် စေတီတော်မြတ်ကြီးကို လက်ယာရစ်သုံးပတ်လှည့်ပူဇော်ခံ၍ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော် ဂေါပကအဖွဲ့နှင့် ဥပါသကာများက စေတီဦးထက်သို့ ပန်းရထားဖြင့် တင်လှူပူဇော်ခဲ့ကြသည်။

"လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်တာ အပါအဝင် စိန်ဖူးတော်တင်ပူဇော်မှုအားလုံးအတွက် ဘဏ္ဍာတော်ငွေကျပ် သိန်း ၆၀၀၀ လောက်သုံးစွဲခဲ့ပါတယ်။ စေတနာရှင်ပြည်သူတွေရဲ့ သဒ္ဓါတရားကလည်း စိန်ရွှေရတနာပစ္စည်းအရေအတွက်ပေါင်း တစ်ထောင်ကျော်ကို လှူဒါန်းခဲ့ကြပါတယ်။ ရွှေသင်္ကန်းမကပ်ခင်ကရှိခဲ့တဲ့ ဘဏ္ဍာတော်ငွေဟာ ယုတ်လျော့မသွားဘဲ ဒီနေ့ကပ်လှူ ပူဇော်ပွဲပြီးတဲ့အထိ ခန့်မှန်းစာရင်းအရ ငွေကျပ်သိန်း ၁၅၀ လောက်တောင် ထပ်ပြီး တိုးပွားလာပါတယ်။ လက်ရှိ မှာ ဘဏ္ဍာတော်ငွေကျပ် သိန်းငါးသောင်းလောက် ရှိနေပါတယ်"ဟု မြသလွန်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးအေးကျော်က ပြောသည်။

မြသလွန် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် ၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ငြမ်းဆင်ခြင်း၊ အောက်တိုဘာ ၂၇ ရက်နေ့မှစ၍ ရွှေပြားရွှေဆိုင်း ၆၆၅၀ ကို ကပ်လှူခြင်း၊ ရွှေရွဲလုံးကြီး ၁၇ လုံးနှင့် တမာချွန် ၅၇ ခု၊ မုခ်အကြီး၊ အလတ်၊ အသေးအချပ်ရေ ၉၀ ကျော်ကိုလည်း လဲလှယ်ပူဇော်ခြင်း၊ သက်တမ်း ၃၅ နှစ်ရှိဘုံ ၁၄ ဆင့်ပါ ရွှေစင်ထီးတော်ကြီး၌ ရွှေစင်ရွှေပြား အသစ်အချပ်ရေ ၁၀၀ ခန့်ကို လဲလှယ်ပူဇော်ခြင်းများ လုပ်ဆောင်ခဲ့သည်။

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဒီဇင်ဘာ ၂၀ ရက်မှ စ၍ မြမဋ္ဌာဓမ္မသဘင် ခန်းမတွင် နံနက် ၈ နာရီမှ ည ၈ နာရီအထိ အပူဇော်ခံထားရှိခဲ့ရာ ဇန်နဝါရီ ၁၇ ရက်တွင် သံဃာတော် ၁၀၈ ပါးကို ပင့်ဖိတ်ပြီး ဗုဒ္ဓဘိသေက အနေကဇာတင် အခမ်းအနား ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



မြသလွန် စေတီတော်မြတ်ကြီးအား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်နေစဉ်။

## သီတဂူစက္ခုဒါနဆေးရုံတွင် အပတ်စဉ် လူနာများကို အခမဲ့ကုသပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၇** – မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အုန်းချောရွာ သီတဂူစက္ခုဒါနဆေးရုံတော်၌ အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် အထွေထွေရောဂါ၊ သွားရောဂါများကို အခမဲ့ကုသပေးခြင်းများ လုပ်ဆောင်လျက်ရှိရာ အပတ်စဉ် အထွေထွေလူနာ ၂၀၀ ကျော်၊ သွားနှင့်ခံတွင်းလူနာ ၂၀၀ ကျော်တို့ကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း သီတဂူ စက္ခုဒါနဆေးရုံ ဦးဆောင်ဆရာတော် ဒေါက်တာသုန္ဒရ (Phd) ထံမှ သိရသည်။ ခွဲစိတ်မှုများအတွက် မျက်စိခွဲစိတ်ဆရာဝန် ကိုးဦး၊ မျက်စိစမ်းသပ်ဆရာဝန် ငါးဦး၊ သူနာပြု ၂၀၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့ ၁၂ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အထွေထွေရောဂါများ ကုသနိုင်ရန်နှင့် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက် မျက်စိအလင်းဒါန ပြုလိုသူများအနေဖြင့် မျက်စိတစ်လုံးခွဲစိတ်ကုသခ ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အုန်းချောသီတဂူစက္ခုဒါနဆေးရုံ ဦးဆောင်ဆရာတော် ဒေါက်တာသုန္ဒရ ဖုန်း ၀၉-၇၇၇၇၅၂၉၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တိမ်တမန်**









## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၀/၁၀၀၀ ကျပ် | ၉၉၅/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၅၀/၁၀၀၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၄ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၆ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၁ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၉ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၁ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၉၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၇ . ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၅၇၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၇၇၂ | ၂၀၁၂၅၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၆၂၄၅ | ၂၃၉၆၅၂၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၆၁ | ၅၀၀၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁ | ၂၃၀၀၀ |
| TMH | ၂၈၅၀ | ၂၉၀၀ | ၃၀၂၉ | ၈၇၆၈၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင် |
| အငယ်တန်း သတင်းထောက်များ | – | တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## အဆိုတော် Rဇာနည်က ၂၀၂၀ အတွင်း တစ်ကိုယ်တော်ခွေထွက်နိုင်ရန် ကြိုးစားနေ

မိသားစုအရေးနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နေရသောကြောင့် တစ်ကိုယ်တော်အခွေသစ်ထွက်ရှိမှု ဝေးနေသည့် အဆိုတော် Rဇာနည် အနေဖြင့် ပရိသတ်များအတွက် တေးသီချင်းသစ်များ ဖန်တီးနေပြီး ၂၀၂၀ ပြည့်နှစ်အတွင်း တစ်ကိုယ်တော်အခွေထွက်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

"ကျွန်တော့် တစ်ကိုယ်တော်ခွေအတွက် သီချင်းတွေ ပြင်ဆင်နေတာကြာပါပြီ။ စိတ်ကြိုက်ရွေးပြီးမှပဲ ထွက်မယ်ပေ့ါ၊ ပရိသတ်တွေက တောင်းဆိုနေကြတာကို ကျေးဇူးတင်ပါတယ်၊ သီချင်းတွေကတော့ စိတ်တိုင်းကျ ရွေးဦးမှာပါ၊ အိမ်က အမျိုးသမီးကတော့ အခွေသစ်ထွက်ဖို့ကို အားကြိုးမာန်တက်ဖြစ်နေတယ်၊ ဒါပေမယ့် ကျွန်တော်က ကိုယ်တိုင်လုပ်ရတဲ့သူဆိုတော့ ပိုပြီး ဒီအလုပ်ကို သိတာပေ့ါနော်၊ အချိန်ပေးရတယ်၊ သီချင်းကလည်း စိတ်ကြိုက်ရွေးပြီး လုပ်ရတယ်၊ ဒါမျိုးတွေပေ့ါနော်၊ သီချင်းတွေကတော့ တောက်လျှောက် ဆိုနေရတာပါပဲ၊ လာငှားကြတာတွေလည်း ရှိပါတယ်၊ အခွေအတွက်ကတော့ ကျွန်တော်က အေးဆေးပဲ သွားတဲ့သူဆိုတော့ သိပ်မလောပါဘူး၊ အခွေထွက်ပြီးရင်တော့ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ လုပ်ဖို့တော့ ပြင်ဆင်ထားတာမျိုးရှိတယ်၊ စိတ်ကူးလည်းရှိပါတယ်၊ ဂီတပုံစံကိုတော့ အထွေအထူးပြောင်းလဲသွားတာမျိုးတော့ ကျွန်တော် လုပ်မှာမဟုတ်ပါဘူး၊ ကျွန်တော့် နဂိုပုံစံအတိုင်းပဲ မြင်ရမှာပါ၊ တေးသီချင်းတွေကိုပဲ ပရိသတ်တွေအနေနဲ့ အသစ်လေးတွေ ခံစားရမှာပါ"ဟု Rဇာနည်က ပြောသည်။

Rဇာနည်အနေဖြင့် သရုပ်ဆောင် ဝမ်းနှင့် လက်တွဲခဲ့ပြီးနောက် သားနှစ်ဦးထွန်းကားခဲ့ကာ လက်ရှိတွင် ဂီတလုပ်ငန်းအပြင် မိသားစုအတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နေရကြောင်း၊ သားများကိုလည်း ဂီတလောကသို့ ဆွဲခေါ်ခြင်းထက် ၎င်းတို့ ဝါသနာပါရာကိုသာ မိဘအနေဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ယခုလို ပြောဆိုလာသည်။

"သားတွေကိုတော့ ကျွန်တော်တို့က ဟိုဟာလုပ်၊ ဒါလုပ် ဆိုတာမျိုးတော့ကန့်သတ်မထားပါဘူး၊ အကြီးကတော့ ကျောင်းစာအပြင် ဂီတဘက်ကို နည်းနည်းဝါသနာပါတယ်၊ ကျွန်တော် သီချင်းဆိုရင် နောက်ကနေ လိုက်ဆိုတာမျိုးတော့ ရှိတယ်၊ အငယ်ကတော့ အကကို ဝါသနာပါတယ်၊ ကျောင်းပိတ်ရက်တွေဆို အိမ်မှာ သူတို့က ကျွန်တော်တို့ရဲ့ ဖျော်ဖြေရေးသမားတွေပဲ၊ သားတွေကို လွတ်လပ်စွာ စဉ်းစားပိုင်ခွင့်၊ တွေးခေါ်ခွင့်တွေ ပေးပြီးသားမို့ သူတို့ ဝါသနာပါတာကိုပဲ ပံ့ပိုးပေးသွားမှာပါ"ဟု Rဇာနည်က ဆိုသည်။



ကိုလင်း

## အာဆီယံအဆင့် ဆံပင်နှင့် မိတ်ကပ်အလှပြင်ပြိုင်ပွဲအတွက် ရန်ကုန်မြို့၌ လူရွေးချယ်ပွဲကျင်းပမည်

မြန်မာနိုင်ငံအတွင်း အောင်မြင်မှုများ ရရှိထားရုံသာမက ပြည်ပနိုင်ငံများဖြစ်သော စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အခြား အာဆီယံနိုင်ငံများအထိ ထိုးဖောက်နေရာယူနေသော Fancy House Myanmar Hair & Make Up က ဦးစီး၍ အာဆီယံ Hair & Make Up Show ပြိုင်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ကာ ထိုပြိုင်ပွဲအတွက် မြန်မာနိုင်ငံအဆင့် ပြိုင်ပွဲကိုလည်း ရန်ကုန်မြို့၌ မေ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပမည့်အစီအစဉ်အကြောင်း ရှင်းလင်းသည့် အခမ်းအနားတွင် Fancy House ဆံပင်နှင့် မိတ်ကပ် အလှပြင်လုပ်ငန်းနှင့် သင်တန်းကျောင်းကို တည်ထောင်သူ ဒေါ်ကျင်ပို့က စတင်တည်ထောင်ခဲ့သည့် ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲအကြောင်းကို ရှင်းလင်းပြောကြားသည်။ အာဆီယံပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ၂၅ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ကာ ထိုပြိုင်ပွဲအတွက် အကြိုအဖြစ် မြန်မာနိုင်ငံအဆင့် လူရွေးချယ်မည့် ပြိုင်ပွဲကို Myanmar Hair & Make Up Championship အမည်ဖြင့် မေ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ် ထားကြောင်း၊ မြန်မာနိုင်ငံအဆင့်ပြိုင်ပွဲမှ အနိုင်ရရှိသူ နှစ်ဦးအား နိုင်ငံတကာ ပြိုင်ပွဲစင်မြင့်ပေါ် ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့် ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ စင်ကာပူနိုင်ငံမှာ ကျင်းပမယ့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ကြမယ့် Hair & Make up ပြိုင်ပွဲကို Fancy House က သင်တန်းသူနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်၊ ကျွန်မဆီမှာ သင်တန်းတက်နေတဲ့ ကလေးတွေ နိုင်ငံတကာအတွေ့အကြုံရအောင် ဒီပြိုင်ပွဲကို စေလွှတ် ယှဉ်ပြိုင်စေမှာပါ။ အာဆီယံနိုင်ငံတွေက တစ်နိုင်ငံကို ပြိုင်ပွဲဝင် နှစ်ယောက်နဲ့ ၁၃ နိုင်ငံက ပါဝင်ပြိုင်ကြမယ်၊ အသက် ၂၁ အောက် ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွက် လူရွေးချယ်မှုကို သေသေချာချာလေး လုပ်နေပါတယ်။ တကယ်တမ်း ဒီလိုပြိုင်ပွဲမှာက လုပ်သက်ရှိမှ အဆင်ပြေမှာပါ။ ဒါပေမယ့် ကျွန်မရဲ့ကလေးတွေကို ယုံကြည်မှုရှိတဲ့အတွက် အပြင်းအထန်လေ့ကျင့်ပေးသွားမှာပါ"ဟု ဒေါ်ကျင်ပို့ ကပြောဆိုသည်။

ကိုလင်း




## "သံမဏိတပ် ဗိုလ်ချုပ်မောင်မောင်" အကြောင်း အတ္ထုပ္ပတ္တိစာအုပ်သစ် ထွက်ရှိ

စာရေးဆရာ မောင်ဆွေသက် မေးမြန်း ရေးသားပြုစုသော စစ်ကြိုခေတ် ဗကသ ခေါင်းဆောင် သံမဏိတပ် ဗိုလ်ချုပ်မောင်မောင်(ဗကပ ဗဟိုကော်မတီဝင် ဗိုလ်အောင်သူ)၏ အတ္ထုပ္ပတ္တိစာအုပ် မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ House Of Orchid ၌ ကျင်းပခဲ့သည်။

စိမ်းညက်ချမ်းသာ စာပေမှ ဦးညွန့်ဆွေ စီစဉ်ထုတ်ဝေသည့် အဆိုပါ "သံမဏိတပ် ဗိုလ်ချုပ်မောင်မောင်" အတ္ထုပ္ပတ္တိ မှတ်တမ်းစာအုပ်တွင် စာရေးဆရာကြီးမင်းယုဝေနှင့် ဒေါက်တာစည်သူဗိုလ်ကလေးတင့်အောင်တို့က အမှာစာများ ရေးသားပေးထားကြသည်။



သံမဏိတပ် ဗိုလ်ချုပ်မောင်မောင်သည် ဗကပ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်ခဲ့သဖြင့် ယခုစာအုပ်ရေးသားပြုစုသူ စာရေးဆရာမောင်ဆွေသက်၏ ဗိုလ်ညွန့်ဆွေ ဘဝ ၁၉၅၈ ခုနှစ်က တစ်ဦးနှင့်တစ်ဦး ရန်သူတော်များ ဖြစ်ခဲ့ဖူးသည်။

၁၉၆၃ ခုနှစ်တွင် ဗကပ ဗဟိုကော်မတီဝင် ဗိုလ်အောင်သူ ဘဝမှ အလင်းဝင်လာသောအခါတွင်မူ ဗိုလ်ညွန့်ဆွေနှင့် ပြန်လည်ဆုံတွေ့ကာ ညီရင်းအစ်ကိုသဖွယ် မိတ်ဆွေစစ်များ ဖြစ်ခဲ့ကြသည်။ လက်ရှိအချိန်တွင်မူ ဦးအောင်သူသည် အသက် ၁၀၀ ပြည့်လုနီးပါးဖြစ်၍ စာရေးဆရာ မောင်ဆွေသက်မှာလည်း အသက် ၈၅ နှစ်ရှိပြီဖြစ်သည်။

လွတ်လပ်ရေး ကြိုးပမ်းမှုကာလက ဗကသ ခေါင်းဆောင်တစ်ယောက်အနေဖြင့်လည်းကောင်း၊ လူငယ်လူရွယ်များကို ခေါင်းဆောင်ခဲ့သော သံမဏိတပ် ဗိုလ်ချုပ်မောင်မောင်အဖြစ်လည်းကောင်း၊ ဗကပ ဗဟိုကော်မတီဝင် တိုင်း(၃) တာဝန်ခံ ဗိုလ်အောင်သူအဖြစ်လည်းကောင်း၊ အလင်းဝင်ပြီးနောက် ပြည်သူ့ဝန်ထမ်း ဦးအောင်သူအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို မှတ်တမ်းပြုစုရေးသားထားသည့် သံမဏိတပ် ဗိုလ်ချုပ်မောင်မောင် အတ္ထုပ္ပတ္တိ စာအုပ်ကို တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြင့် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကိုလင်း

## ဖိလစ်ပိုင်၌ကျင်းပမည့် Miss Little & Teen Glam International ပြိုင်ပွဲသို့ အလှမယ် ရတနာပြည့်သျှံ သွားရောက်ယှဉ်ပြိုင်

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် Miss Little & Teen Glam International ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် ရတနာပြည့်သျှံသည် ဇန်နဝါရီ ၄ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာခဲ့သည်။ အဆိုပါ ပြိုင်ပွဲသည် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပကာနိုင်ငံပေါင်း ၂၃ နိုင်ငံမှလာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဟု သိရသည်။

"ပြိုင်ပွဲအတွက် ရင်ခုန်နေပါတယ်။ ဝတ်စုံကတော့ အများအားဖြင့် National Costume (ရိုးရာဝတ်စုံ)ရယ်၊ Evening Dress ရယ်၊ Swim Suit ရယ် အဲဒီသုံးစုံကို အဓိက ဝတ်ရပါတယ်၊ ပြိုင်ပွဲတောက်လျှောက် ခရီးသွားဖို့လည်း ရှိတော့ ခရီးနဲ့လိုက်ဖက်တဲ့ အဝတ်အစားလေးတွေ ရွေးချယ်ပြီး ဝတ်ဖို့လည်းရှိပါတယ်၊ အဝတ်အစားပိုင်းထက် အင်္ဂလိပ်စကားပြောရယ်၊ Talent ပိုင်းရယ်၊ National Costume ရယ်ကို အများကြီး ပြင်ဆင်ထားပါတယ်၊ မိတ်ကပ်က ကိုယ့်ဘာသာ ပြင်ရမှာဆိုတော့ မိတ်ကပ်အပိုင်းကိုလည်း ပြင်ဆင်ထားပါတယ်"ဟု ရတနာပြည့်သျှံက ပြောသည်။

ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့်အခြေအနေနှင့် ပတ်သက်၍လည်း ရတနာပြည့်လျှံက "ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ပြချင်တာတော့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့လေးတွေ၊ မြန်မာနိုင်ငံမှာ တစ်ယောက်နဲ့ တစ်ယောက် ကူညီရိုင်းပင်းတတ်တာလေးတွေနဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်လေးတွေကို ပြသွားဖို့ရှိပါတယ်၊ ညီမအနေနဲ့ ပြည်ပမှာ တစ်ယောက်တည်း သွားရောက်ယှဉ်ပြိုင်ရတယ်ဆိုပေမယ့် မြန်မာပြည်သူတွေရဲ့ အားပေးမှုနဲ့ သွားရောက်ယှဉ်ပြိုင်လိုပါတယ်၊ ကိုယ့်နိုင်ငံကပြည်သူတွေက အားပေးတယ်ဆိုတာ အများကြီး အားရှိပါတယ်၊ အဲဒီအတွက် ပြည်ပပြိုင်ပွဲမှာလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားလာခဲ့မှာပါ၊ Winner ဆုကို မှန်းပေမယ့် ဆုရတာ မရတာတော့ ညီမရဲ့ကံပေ့ါ၊ ကြိုးစားရမှာတော့ ညီမရဲ့တာဝန်ဖြစ်တဲ့အတွက် အကောင်းဆုံးကြိုးစားလာခဲ့မှာပါ၊ ပရိသတ်တွေက အားပေးပါဦးလို့ ပြောချင်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ကိုလင်း



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဟောလိဝုဒ်မင်းသား ဘရက်ပစ် ရွှေကမ္ဘာလုံးဆုရရှိ

ဟောလိဝုဒ်မင်းသား ဘရက်ပစ်ကတော့ တနင်္ဂနွေနေ့ညက ပြုလုပ်ခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနားမှာ Once Upon a Time in Hollywood ဇာတ်ကားနဲ့ အကောင်းဆုံးဇာတ်ပို့ဆုကို ရရှိခဲ့ပါတယ်။ စင်ပေါ်တက်ပြီး ဆုလက်ခံရယူတဲ့အခါမှာတော့ သူနဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ လီယိုနာဒို ဒီကက်ပရီယိုကိုလည်း ကျေးဇူးတင်စကားပြောခဲ့ပါတယ်။ ဘရက်ပစ်က အခုအချိန်ထိ သူနဲ့ လီယိုနာဒိုဟာ ဖောင်တစ်ခုကို အတူတူမျှပြီးစီးနေတုန်းပဲလို့ အရွှန်းဖောက်ပြီး ပြောခဲ့ပါတယ်။ လီယိုနာဒို ပါဝင်သရုပ်ဆောင်ခဲ့တဲ့ တိုက်တန်းနစ်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းကို ဟာသမြောက်အောင် ပြောဆိုခဲ့တာပဲဖြစ်ပါတယ်။

နောက်ပြီးတော့ ဘရက်ပစ်ဟာ အိမ်မှာကျန်ခဲ့တဲ့ သူ့မိဘကိုလည်း ကျေးဇူးတင်စကားပြောခဲ့ပါတယ်။ အမေ့ကိုဆုပေးပွဲ ခေါ်လာချင်ပေမယ့် အားလုံးက ကျွန်တော့်မှာ အတွဲရှိနေပြီလို့ပြောနေကြတော့ အမေကိုလည်း ခေါ်မလာဖြစ်ခဲ့ဘူးလို့ စနောက်ပြောဆိုခဲ့ပါတယ်။ ဘရက်ပစ်က အဲဒီလို ပြောလိုက်တဲ့အချိန်မှာတော့ ကင်မရာတွေအားလုံးဟာ ဘရက်ပစ်ရဲ့ ဇနီးဟောင်း ဂျနီဖာအင်နစ္စတန်ဘက်ကို လှည့်သွားပါတယ်။ ဂျနီဖာအင်နစ္စတန်ရဲ့ ဇာတ်ကားဟာလည်း ရွှေကမ္ဘာလုံးဆုပေးပွဲမှာ ဆန်ခါတင်စာရင်းဝင်ပါတယ်။ ဘရက်ပစ်နဲ့ဂျနီဖာတို့ဟာ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၀၅ ခုနှစ်အထိ လက်ထပ်ခဲ့ကြပါတယ်။ အခုအချိန်ထိလည်း မိတ်ဆွေတွေအဖြစ် ဆက်လက်ရှိနေဆဲပါ။ သူတို့နှစ်ယောက်ပြန်တွဲနေပြီဆိုတဲ့ ကောလာဟလတွေလည်း မကြာခဏဆိုသလိုပဲ ကြားနေရပါတယ်။

**စီအင်န်အင်န်**



ရွှေကမ္ဘာလုံး ဆုပေးပွဲတွင် ဘရက်ပစ်က ကျေးဇူးတင်စကားပြောနေစဉ်။

### ဩစတြေးလျတောမီး ငြိမ်းသတ်နိုင်ရေး နီကိုးကစ်မန်းနှင့် ခင်ပွန်းတို့ ဒေါ်လာငါးသိန်းလှူဒါန်း

ဟောလိဝုဒ်ကြယ်ပွင့် နီကိုးကစ်မန်းနဲ့ ကန်းထရီးအဆိုတော် ကိတ်အာဘန်တို့ဟာ ဩစတြေးလျတောမီးအတွက် လှူဒါန်းမှုပြုလုပ်ကြတဲ့ အနုပညာရှင်စာရင်းထဲမှာ ဝင်သွားကြပါပြီ။ သူတို့ဇနီးမောင်နှံဟာ ဩစတြေးလျမှာ တောမီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းနေကြတဲ့ မီးသတ်သမားတွေကို ကူညီဖို့ ရန်ပုံငွေ လှူဒါန်းခဲ့ကြပါတယ်။ ဩစတြေးလျတောမီးကြောင့်ထိခိုက်ခံစားရသူတွေ အားလုံးအတွက်လည်း ဆုတောင်းပေးပါတယ်လို့ အင်စတာဂရမ်ပေါ်မှာ ရေးသားခဲ့ပါတယ်။ သူတို့ဇနီးမောင်နှံဟာ ကျေးလက်မီးသတ်ဌာနကို အလှူငွေ ဒေါ်လာ ငါးသိန်း လှူဒါန်းခဲ့ပါတယ်။ နီကိုးနဲ့ ကိတ်အာဘန်တို့ဟာ ဩစတြေးလျလူမျိုးတွေဖြစ်ကြပြီး ဆစ်ဒနီမြို့အပြင်ဘက်မှာလည်း ယာတော အိမ်ပိုင်ဆိုင်ထားပါတယ်။

ပြီးခဲ့တဲ့စနေနေ့တုန်းကလည်း အမေရိကန်ပေါ့အဆိုတော် ပင့်ခ်ဟာ ဩစတြေးလျတောမီးအတွက် အမေရိကန်ဒေါ်လာငါးသိန်း လှူဒါန်းသွားခဲ့ပါသေးတယ်။ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဟုဂ့်ျ ဂျက် မန်း၊ ဂျိုနသန် ဗန် နက်စ် အပါအဝင် အခြားသော အနုပညာရှင်တွေကလည်း ဩစတြေးလျတောမီး အတွက် လှူဒါန်းကြဖို့ တိုက်တွန်းမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ ဩစတြေးလျတောမီးကြောင့် လူပေါင်း ၂၃ ဦးသေဆုံးခဲ့ပြီး နယူးဆောက်ဝေးပြည်နယ်တစ်ခုတည်းမှာပင် နေအိမ်ပေါင်း ၁၃၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။

**စီအင်န်အင်န်**




ဟောလိဝုဒ်မင်းသမီးနီကိုးကစ်မန်း နှင့် ခင်ပွန်းဖြစ်သူ ကိတ်အာဘန်

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၀၆)

# အများပြည်သူ နှောင့်ယှက်မှုများ

### ဦးဟန်ညွန့် (ဥပဒေ)



**တရားဥပဒေ**

"တရားဥပဒေအကြောင်း အနှစ်သာရ" ဆွေးနွေးမှုကို ကျွန်တော်၏ ရုံးခန်း၌ ကျင်းပပါသည်။ အမှုလိုက်တာဝန်သာမက ဥပဒေအကြံပေးကိစ္စ၊ အများပြည်သူကိစ္စ၊ ဥပဒေအထောက်အကူကိစ္စများကိုလည်း အလုပ်သင်ရှေ့နေများအား ဆွေးနွေးပို့ချပါသည်။ ရှေ့နေတစ်ယောက်သည် အမှုလိုက်တတ်ရုံနှင့် ပြည့်စုံမှုမရှိသေး။ ဘက်စုံထူးချွန်ဖို့လိုသည်။ တရားဥပဒေ၏ သဘောသဘာဝ၊ အနှစ်သာရကို သိဖို့လိုသည်။ သိရုံနှင့်မပြီးသေး။ ထပ်ဆင့်ဖြန့်ဝေဖို့၊ မျှဝေဖို့၊ အသိပေးဖို့၊ ပညာပေးဖို့လိုသေးသည်ဟု ကျွန်တော်ခံယူသည်။ အလုပ်သင်ရှေ့နေများကို ဤသို့သင်ကြားပေးပါသည်။

**မေးခွန်း**

အလုပ်သင်ရှေ့နေမောင်ပျင်းရိက နာမည်နှင့်လိုက်အောင် ပျင်းရိပါသည်။ သို့သော် မေးခွန်းမေးသည့်နေရာမှာတော့ မညံ့ပါ။ မပျင်းပါ။ ထိထိမိမိရှိပါသည်။ ယခုလည်း "အများပြည်သူနှောင့်ယှက်မှုဆိုတာ ဘာလဲဆရာကြီး။ ဘယ်သူတွေကို လုပ်ပိုင်ခွင့်ပေးထားပါသလဲ။ ဘယ်လိုအကြောင်း ကိစ္စမျိုးတွေပါလဲ ဆရာကြီး" ဟု အစချီကာ မောင်ပျင်းရိက မေးလာပါသည်။

**ရာဇဝတ်ကျင့်ထုံး**

ရာဇဝတ်ကျင့်ထုံး၊ အခန်း(၁၀)တွင် အများပြည်သူနှောင့်ယှက်မှုများ (Public Nuisances) ဖော်ပြထားပါသည်။ ပုဒ်မ ၁၃၃ က အစချီသည်။ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ပထမတန်းအာဏာရ တရားသူကြီးတစ်ဦးဦး၏ လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

**ရဲတိုင်တန်းချက်**

(က) ရဲတိုင်တန်းချက်အရဖြစ်စေ သို့မဟုတ် တစ်ဦးတစ်ယောက်၏ တိုင်လျှောက်ချက်အရဖြစ်စေ ခရိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီး သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည် ကျင့်ထုံးဥပဒေပုဒ်မ ၁၃၃ အရ အောက်ဖော်ပြပါ အကြောင်းကိစ္စများကို လိုအပ်သောစစ်ဆေးချက်များ ပြုလုပ်နိုင်ပါသည်-

(၁) အများပြည်သူတို့ တရားသဖြင့် အသုံးပြုသော မြစ်ချောင်း၊ တူးမြောင်း၊ လမ်းခရီး သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် နေရာတွင် နှောင့်ယှက်ခြင်း၊ ပိတ်ဆို့ခြင်းများ

(၂) မည်သည့် ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် ကုန်သိုလှောင်ရေးကိုမဆို အများပြည်သူတို့ ကျန်းမာရေးနှင့် နှစ်သိမ့်ရေးတို့ကို ထိခိုက်နစ်နာစေမှုများ

(၃) မည်သည့်အဆောက်အအုံ သို့မဟုတ် အရာဝတ္ထုမဆို မီးလောင်ကျွမ်းမှုဖြစ်စေတတ်သော အမှုများ

(၄) မည်သည့်အဆောက်အအုံ၊ မိုးကာတဲ၊ သစ်ပင်မဆိုပြိုလဲ၍ လူထုအများအား သေဘေးဒဏ်ရာ အနာတရဖြစ်စေတတ်သောအမှုများ

(၅) မည်သည့်ရေတွင်း၊ ရေကန်နှင့် တူးဖော်ထားသည့် နေရာမဆို အများပြည်သူအား ဘေးအန္တရာယ်မဖြစ်စေရန် ဝင်းခတ်ကာရန်သင့်သည့် အမှုများ

(၆) မည်သည့် စိုးရိမ်ကြောက်မက်ဖွယ်ကောင်းသော တိရစ္ဆာန်ကိုမဆို သတ်ဖြတ်ခြင်း၊ ချုပ်နှောင်ထားခြင်း ပြုသင့်သည့် အမှုများ

(ခ) အထက်ဖော်ပြပါ အများပြည်သူတို့အား နှောင့်ယှက်မှုဖြစ်သည်ဟု ထင်မြင် ယူဆလျှင် အနှောင့်အယှက်ပြုသူအား ယင်းနှောင့်ယှက်မှုကို ဖယ်ရှားရန်၊ တားဆီးရန် သို့မဟုတ် ရပ်တန့်ရန် အတည်မဖြစ်သေးသော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဂ) ရာဇဝတ်သေးမှုဖွင့်လှစ်၍ နှောင့်ယှက်မှုပြုသူ (လျှောက်ထားခံရသူ) ထံမှ ထုချေလွှာ တောင်းခံရပါမည်။

(ဃ) အနှောင့်အယှက်ပြုသူသည် တရားသူကြီး ရှေ့သို့လာရောက်မထုချေလျှင် ၎င်း၏ မျက်ကွယ်တွင် အမှုကိုတစ်ဖက်သတ် ကြားနာစစ်ဆေးပြီး အမိန့်ချမှတ်နိုင်ပါသည်။ **(ကျင့်ထုံးပုဒ်မ ၁၃၆)**

(င) လျှောက်ထားခံရသူသည် လာရောက်ထုချေလျှင် သမ္မန်မှု (ထောင်ဒဏ် ၆ လ အထိသာ အပြစ်ပေးနိုင်သော အမှုစစ်ဆေးနည်း) ကဲ့သို့ စစ်ဆေးရမည်။ **(ကျင့်ထုံးပုဒ်မ ၁၃၇)**

(စ) ကျေနပ်လောက်အောင် ထုချေနိုင်လျှင် ရာဇဝတ်တရားသူကြီးသည် ဆက်လက်အရေးယူခြင်း မပြုရပါ။ **(ကျင့်ထုံးပုဒ်မ ၁၃၇)**

(ဆ) ကျေနပ်လောက်အောင် ထုချေနိုင်ခြင်း မရှိလျှင် အမိန့်မှာ ပြီးပြတ်သော အမိန့်ဖြစ်သည်။ **(ကျင့်ထုံး ၁၃၇)**

(ဇ) အများပြည်သူတို့ အခွင့်အရေး ရှိ၊ မရှိ အငြင်းပွားလာလျှင်၊ တရားသူကြီးသည် စုံစမ်းမှုတစ်ရပ်ပြုလုပ်ပြီး လျှောက်ထား ခံရသူတွင် ဆိုင်ရာဆိုင်ခွင့်ရှိကြောင်း ခိုင်လုံလျှင် တရားမရုံးက ဆုံးဖြတ်ရန်ထားရှိရမည်။ လျှောက်ထားခံရသူတွင် ဆိုင်ရာ ဆိုင်ခွင့်ရှိကြောင်း ဆက်လက် ဆောင်ရွက်သွားရမည်။ **(ကျင့်ထုံးပုဒ်မ ၁၃၉-က)**

(ဈ) တရားသူကြီးအမိန့်မှာ အပြီးသတ်ဖြစ်သည့်အခါ သတ်မှတ်ထားသော အချိန် ကာလအတွင်း အမိန့်အတိုင်း လိုက်နာရန် ခိုင်းစေရမည်။ အမိန့်အတိုင်း မလိုက်နာ မဆောင်ရွက်လျှင် ရာဇသတ်ကြီး ပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်သည် **(ကျင့်ထုံးပုဒ်မ ၁၄၀)**

(ည) ရာဇဝတ်တရားသူကြီးသည် ကျင့်ထုံးပုဒ်မ ၁၃၃ အရ အမိန့်ချမှတ်ရန်ပြုရာတွင် ကြီးလေးသော နစ်နာမှု သို့မဟုတ် ဘေးအန္တရာယ်သင့်ရောက်မည့်ဆဲဆဲ ဖြစ်နေသည်ဟု ယူဆလျှင် တရားသူကြီးသည် အနှောင့်အယှက်ပြုသူ ထိုသူအပေါ် တားဝရမ်းထုတ်နိုင်သည်။ **(ကျင့်ထုံးပုဒ်မ ၁၄၂)**

**အများပြည်သူဆိုင်ရာ နေရာ**

"အများပြည်သူဆိုင်ရာ နေရာ၏ အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပါ" ဟု မောင်ပျင်းရိက ထမေးသဖြင့် "အများပြည်သူဆိုင်ရာနေရာဆိုသည်မှာ အစိုးရပိုင်မြေ၊ စခန်းချသည့်မြေယာ၊ မြေကွက်မှစ၍ ကျန်းမာမှု သို့မဟုတ် အပန်းဖြေမှုများအတွက် ချန်လှပ်ထားသည့် မြေယာမြေကွက်များလည်း ပါဝင်ကြောင်း" ဖြေဆိုခဲ့ပါသည်။

**အနှစ်သာရ**

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၃၃ ၏ အနှစ်သာရမှာ အများပြည်သူစိတ်ငြိုငြင်စေမှု ဖြစ်စေနိုင်ကြောင်း ရဲအစီရင်ခံစာအရ ဖြစ်စေ၊ သတင်းအချက်အလက်နှင့် သက်သေခံချက်အရဖြစ်စေ သိရှိရသည့်အခါ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ပထမတန်းအာဏာရ တရားသူကြီးတို့က အဆောတလျင် တားဆီးဖယ်ရှား၊ ဖျက်သိမ်းနိုင်ရန်အတွက် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။




**သိကောင်းစရာစီရင်ထုံး**

ရာဇဝတ်ကျင့်ထုံး ၁၃၃ နှင့် စပ်လျဉ်းပြီး သိကောင်းစရာ စီရင်ထုံးအချို့ရှိပါသည်-

(၁) နွေရာသီတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်အတွက် ရပ်ရွာအတွင်း နေထိုင်သူများက မီးချိတ်၊ မီးကပ်များထားရန်၊ ရေအိုးများ ဖြည့်ထားရန်နှင့် ချက်ပြုတ်ရာ၌ မီးသတိပြုရန် ကြေညာသည့်အခါ သူတစ်ဦးဦးအား ညွှန်ကြားခြင်းမဟုတ်သည့်အပြင် ထိုသူအား ကန့်ကွက်ပြောဆိုရန် အခွင့်အရေးမပေးခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ ၁၈၈ အရ အရေးမယူနိုင်ကြောင်း စီရင်ထုံး

(၂) A က B ၏ ပုဂ္ဂလိကပိုင်သည်ဆိုသော လမ်းကို အများပြည်သူပိုင်လမ်းအဖြစ် ဖြတ်သန်းသွားလာသည်ကို B က တားဆီးသဖြင့် ပုဒ်မ ၁၃၃ အရ လျှောက်ထားရာ တရားသူကြီးက ဖယ်ရှားမိန့်ထုတ်ဆင့်ခြင်းနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကပိုင်လမ်း ဟုတ်၊ မဟုတ် အများပိုင်လမ်း ဟုတ်၊ မဟုတ် ပုဒ်မ ၁၃၃ အရ လျှောက်ထားမှုတွင် စီရင်ပိုင်ခွင့်မရှိဘဲ တရားမရုံးကသာ ဆုံးဖြတ်ရန်ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သော စီရင်ထုံး

(၃) အများနှင့် သက်ဆိုင်သော လမ်းပေါ်တွင်ဖြစ်စေ၊ လမ်းဘေးတွင်ဖြစ်စေ၊ ငါးရောင်းခြင်းသည် အများပြည်သူကို ငြိုငြင်စေမှု မဟုတ်။ ထိုလမ်းပေါ်တွင် သွားလာနေသူများနှင့် အနီးအနားတွင် နေထိုင်သူများ သို့မဟုတ် လူအများကို စိတ်မချမ်းမသာ ဖြစ်စေကြောင်း ငြိုငြင်စေခြင်း သက်သေထင်ရှားရှိရန်လိုသည်ဟု ဆုံးဖြတ်လမ်းညွှန်ခဲ့သော စီရင်ထုံး

**အများပြည်သူ၏ အကျိုးအတွက်**

ဤခေါင်းစဉ်နှင့် စပ်လျဉ်း၍ ကျွန်တော်၏ရုံးခန်းတွင် ရှေ့နေများဆွေးနွေးခဲ့ကြရာ ဥပဒေပညာရှင်အသီးသီး၏ အများပြည်သူအတွက် ဆောင်ရွက်နိုင်သော အလုပ်၊ စေတနာ၊ မေတ္တာများ များစွာရှိကြောင်း ထင်ရှားစေခဲ့ပါသည်။ မိမိတတ်သည့် ဥပဒေပညာဖြင့် အများပြည်သူပိုင်သောလမ်း ဖြောင့်ဖြူးဖို့၊ အများပြည်သူသောက်သုံးသော ရေတွင်းရေကန်၊ မြစ်ချောင်းအင်းအိုင်၊ တူးမြောင်း သန့်ရှင်းပြီး ပြည်သူ့ကျန်းမာရေးအထောက်အကူပေးဖို့၊ ဥပဒေအရ ဆန့်ကျင်မှုမပြုကြဖို့၊ အများပြည်သူ၏ ကျန်းမာရေး သို့မဟုတ် အေးချမ်းသာယာရေး မထိခိုက်စေဖို့၊ အများပြည်သူ ဘေးအန္တရာယ်မဖြစ်စေဖို့၊ အများပြည်သူအား ဘေးရန်ပြုသည့် တိရစ္ဆာန်များကို မမွေးမြူဖို့ အစရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တရားသူကြီးများ ဆောင်ရွက်နိုင်သည်၊ ရဲအရာရှိများ ဆောင်ရွက်နိုင်သည်၊ အများပြည်သူအကျိုးကို လိုလားသူတိုင်း ကူညီဆောင်ရွက်နိုင်သည် မဟုတ်ပါလား...။

**စေတနာ**

အများပြည်သူအတွက် ဘယ်နေရာ၊ ဘယ်တာဝန်၊ ဘယ်အချိန်မှာ ဘာလုပ်ပေး နိုင်မည်လဲ ဆိုသည့်အကြောင်းကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၃၃ နှင့် ယှဉ်၍ တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# နေပြည်တော် ဉာဏကရုဏာရှင် လူမှုကူညီရေးအဖွဲ့က ကြီးမှူးပြီး စေတနာရှင်အလှူရှင်များ၊ ခုနစ်ရက် သားသမီးများ စုပေါင်း၍ ၂၀၂၀ ပြည့်နှစ် ပထမအကြိမ် နှစ်ဦးတရားပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

ဉာဏကရုဏာရှင် လူမှုကူညီရေးအဖွဲ့က ကြီးမှူးပြီး စေတနာရှင်အလှူရှင်များ၊ ခုနစ်ရက်သားသမီးများ စုပေါင်း၍ ၂၀၂၀ ပြည့်နှစ် ပထမအကြိမ် နှစ်ဦးတရားပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ညစဉ် ၇ နာရီမှ စတင်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း (ဘောလုံးကွင်း)၌ ကျင်းပသွားမည်ဖြစ်သည်။

တရားပွဲများကို ဇန်နဝါရီ ၁၀ ရက်တွင် ဆရာတော် အရှင်ကိတ္တိသာရ ဂန္ထဝါစက ပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယက လည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် ဘဒ္ဒန္တ သုဇန အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယက လည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် မြနန်းဆရာတော် အရှင်သဒ္ဓမ္မကထိက ကလည်းကောင်း တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# သတင်းအတိုအထွာများ

## ဗန်းမော်ခရိုင်လုံးဆိုင်ရာ(၄၃)ကြိမ်မြောက် ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်း စုပေါင်းကပ်လှူ

**ဗန်းမော် ဇန်နဝါရီ ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဗန်းမော်ခရိုင်လုံးဆိုင်ရာ (၄၃)ကြိမ်မြောက် ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရွှေကျီးနားစေတီတော်မုခ်ဦး၌ ကျင်းပသည်။

"ဗန်းမော်ခရိုင်လုံးဆိုင်ရာပွဲဖြစ်တယ်။ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊မန်စီ၊ရွှေကူ မြို့နယ်တွေနဲ့ ရပ်နီးရပ်ဝေးရှိ ရှမ်းမျိုးနွယ်ဝင်တွေက ညအိပ်လာရောက်ကြပြီး ရွှေကျီးနားမဟာစေတီတော်နဲ့ အိုက်ခေါ်တော် စေတီတော်တို့ကို ပေါ်ဦးပေါ်ဖျားကောက်ဦးဆွမ်းစုပေါင်းကပ်လှူပူဇော်ကြတယ်" ဟု စေတီတော်ရုံးအဖွဲ့မှူး ဦးရဲထွန်းက ပြောသည်။

ကောက်ဦးဆွမ်းပွဲတော်ကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရပ်ကွက်၊ ကျေးရွာများမှ ရှမ်းတိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်၍ ကလေးဘောလုံးပွဲ၊ ပိုက်ကျော်ခြင်း၊ မာရသွန် အပြေးပြိုင်ပွဲများ၊ ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် စာစီစာကုံးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ နံနက် ၇ နာရီတွင် ပင့်သံဃာ၂၃၆ ပါးနှင့် သီလရှင်အပါး ၂၅၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ကြောင်း၊ နယ်မြေအေးချမ်း သာယာ၍ သွားလာရေးအဆင်ပြေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ ကောက်သစ်ဆန်များ ယခင်နှစ်ထက် ပိုမိုထွက်ရှိခြင်းကြောင့် ကောက်ဦးဆွမ်း ကပ်လှူပူဇော်ပွဲကြီးကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ကန့်ဘလူ၌ ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ အစမ်းလေ့ကျင့်

**ကန့်ဘလူ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အစမ်းလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။



ကန့်ဘလူမြို့၌ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် ကျောင်းသား ကျောင်းသူများ ပါဝင်လေ့ကျင့်နေကြစဉ်။

ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာပေဆွေးနွေးပွဲ၊ အားကစားပြိုင်ပွဲများ၊ မြန်မာ့ယွန်းလုပ်ငန်း (ညောင်ဦး)ပြခန်း၊ မြန်မာ့လက်မှုပြခန်းအပါအဝင် ဌာနဆိုင်ရာ ပြခန်းများ စုစုပေါင်းပြခန်း ၁၆ ခန်း၊ စာအုပ်အရောင်းဆိုင် ၃၀၊ မြန်မာ့အိုးစည်အက၊ မြန်မာ့ ရပ်သေးအကနှင့် ဖျော်ဖြေရေးများ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးခက်က ပြောသည်။

အဆိုပါ အစမ်းလေ့ကျင့်ရာသို့ ကန့်ဘလူခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ဇီးကုန်းမြို့ ပြည်သူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# လှိုင်းဘွဲ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ



စာဖတ်စွမ်းရည်ပြိုင်ပွဲဝင် ကလေးငယ်များကို တွေ့ရစဉ်။

**လှိုင်းဘွဲ ဇန်နဝါရီ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးငယ်များ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပျော်ရွှင်စရာ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ကလေးငယ်များ၏ စွမ်းရည်ကိုမြှင့်တင်ခြင်း၊ ပြိုင်ပွဲများ၏ စည်းမျဉ်း စည်းကမ်းများနှင့် ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဘောလုံးရင်ချင်းညှပ်သယ် ပြိုင်ပွဲနှင့် ခုံလုပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရော်ဘာပင်များတွင် ရွက်ကြွေရောဂါဖြစ်စေသည့် မှိုရောဂါဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်

**ကော့ကရိတ် ဇန်နဝါရီ ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန်နေ့က ရော်ဘာပင်များတွင် ရွက်ကြွေရောဂါဖြစ်စေသည့် မှိုရောဂါဆိုင်ရာပညာပေး သင်တန်းကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်သူလေထီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ရော်ဘာသီးနှံပိုးမွှားရောဂါ ကျွမ်းကျင်ပညာရှင်များဖြစ်သည့် PCRD (မော်လမြိုင်)မှ ဆရာမဒေါ်မေဆန်းနှင့် ဒေါ်သန္တာမိုးတို့က တောင်သူများနှင့် ဝန်ထမ်းများအား အိမ်နီးချင်းနိုင်ငံများတွင် အဆိုပါမှိုရောဂါပိုးကျရောက်နေမှု အခြေအနေများနှင့် ရော်ဘာပင်များတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများ အကြောင်းကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ကော့ကရိတ်ခရိုင်မှ ဝန်ထမ်း၂၅ ဦး၊ မြဝတီခရိုင်မှ ဝန်ထမ်း ၁၁ ဦး၊ ရော်ဘာစိုက်တောင်သူ ၁၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ရက်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

## ပေါင်းတည်မြို့၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပွဲ ကျင်းပ

**ပေါင်းတည် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ အုတ်ဖို ၁ ရပ်ကွက် ၃၈ လမ်းရှိ သရက်တောဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်း၌ တိုကို-ဂျိဘုန်းတော်ကြီးက ဆောက်လုပ်လှူဒါန်းသည့် သရက်တော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း ပန်ဆန်းမြို့နယ်များတွင် ကူးစက်ဖြစ်ပွားခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာဖရိကဝက်အပြင်းဖျားရောဂါ ကင်းရှင်းမှု အခြေအနေကို သိရှိနိုင်ရန်အတွက် ရောဂါစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေး ဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသော ခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲ ဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဋ) ဝက်များတစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းနှင့် အများပြည်သူစားသုံးရန် သားသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျန်းမာရေး စစ်ဆေးမှုကို ခံယူရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

EFIL EXCELLENT FORTUNE LIFE INSURANCE

EFIG EXCELLENT FORTUNE GENERAL INSURANCE

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **“အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ”** ဘွဲ့ကို EXCELLENT FORTUNE LIFE INSURANCE (EFIL)နှင့် EXCELLENT FORTUNE GENERAL INSURANCE (EFIG)တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် **“အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ”** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

EXCELLENT FORTUNE LIFE INSURANCE (EFIL)
EXCELLENT FORTUNE GENERAL INSURANCE (EFIG)
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ခုနှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀)ဖြင့်

အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သော

**သရေစည်သူဘွဲ့** ကို

KBZ Bank နာယကနှင့် KBZ Group ကို တည်ထောင်သူ

**ဦးအောင်ကို့ဝင်း** အား

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့်
နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဦးကိုကိုထွေး (လူမှုထူးချွန်ပထမအဆင့်)
ဥက္ကဋ္ဌ
တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

---

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် သုဓမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန် ဒါရိုက်တာ (ဆုထူးပန် ကျောက်မျက်ကုမ္ပဏီ) အား သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သော မိသားစုနှင့်အတူ နိုင်ငံနှင့် လူမျိုး၊ ဘာသာ၊ သာသနာ အကျိုးတို့ကို ဆထက်တိုး၍ သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ခင်ပွန်း - သီဟသုဓမ္မမဏိဇောတဓရ - ဦးကျော်ဌေး
(မန်နေဂျင်းဒါရိုက်တာ - ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)

ချစ်သမီးကြီး - မသီရိရတနာဌေး @ Julia (Grade VIII-YIS)
ချစ်သားကြီး - မောင်စည်သူကျော်ဌေး @ Stephen (Grade IV-TTC)
ချစ်သမီးငယ် - မမြင့်မြတ်ရတနာဌေး @ Sweety (Grade I-TTC)
ချစ်သားငယ် - မောင်ရဲရင့်ကျော်ဌေး @ Nikki (ILBC)

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့်

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်** အား

အနန္တ ကျေးဇူးရှင် ချစ်ဖေဖေ

**ဦးကိုကိုထွေး (လူမှုထူးချွန်ပထမအဆင့်)** မှ

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့်
ဖေဖေချစ်သောမိသားစုနှင့်အတူ သာသနာတော်အကျိုးကို သက်ရှည်ကျန်းမာစွာဖြင့်
ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

- ချစ်ဇနီး - သီရိသုဓမ္မသီဂီဒေါ်အေးအေးသန်း
- ချစ်သမီးများ - မဝတ်ရည်ထွေး၊ မသီရိထွေး
- ချစ်မြေးများ - မကေခိုင်မျိုး၊ မစုသက်မျိုး

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ခုနှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့်
တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၏ ပဲ့ကိုင်ရှင်ဖြစ်သူ

**ဦးကိုကိုထွေး (လူမှုထူးချွန်ပထမအဆင့်)** မှ

သာသနာ့ကျက်သရေဆောင် မဏိဇောတ ပတ္တမြားပမာ နိုင်းယှဉ်အပ်သူ အဆင့်မြင့်ဆုံး
အမျိုးသားဥပါသကာ (ပထမအဆင့်) ဖြစ်သည့်

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်** အား

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့်
သာသနာတော်အကျိုးကို သက်ရှည်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီရုံးချုပ်၊ တော်ဝင်စင်တာ၊
ဆောက်လုပ်ရေး၊ သစ်အချောထည်စက်ရုံ၊
တော်ဝင်စကားဖြူကုမ္ပဏီ၊ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း
တို့မှ ဝန်ထမ်းနှင့်လုပ်သားများ

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် နိုင်ငံတော်မှပေးအပ်သော သာသနာရေးဆိုင်ရာဘွဲ့တံဆိပ် **အဂ္ဂမဟာသီရိသုဓမ္မဓဇဘွဲ့**ကို ကျေးဇူးရှင်မိခင်ကြီး-**ဒေါ်ခင်သန်းမြင့် (သီဟသုဓမ္မဓဇ၊ သီရိသုဓမ္မဓဇ)** အား ထိုက်ထိုက်တန်တန်ထပ်မံချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူရပါသည်။ ဆက်လက်၍သက်ရှည်၊ကျန်းမာ၊ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ သာသနာအကျိုး၊ ဘာသာအကျိုး၊ နိုင်ငံနှင့်အများအကျိုးအား ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**"ဂုဏ်ရှိန်မြင့်မိသားစု"**

**သားကြီး** - ဦးဝင်းဆွေ-ဒေါ်ကေသီဝင်း(ဂုဏ်ရှိန်မြင့်- ရတနာ)
**မြေး** - ကိုသီဟဆွေ(Managing Director, Development Concept Co.,Ltd)-
ဒေါက်တာ ယမင်းရွှေစင် (Director, Development Concept Co.,Ltd )
**မြစ်** - မမဆွေသီရိက္ခန္ဓေ
**သားလတ်** - ဦးဇေယျာအောင်-ဒေါ်အေးအေးဝင်း (မြင့်ဂုဏ်ရောင်ရတနာ)(Mother Art Gallery)
**မြေး** - မဝင့်သူအောင်-ကိုစိုင်းဝန်းကျော် (Golden Light Myanmar Travel and Tour Co.,Ltd)၊
မောင်ဇွဲပြည့်အောင် (Force Auto Service)
**သမီးငယ်** - (Chief Engineer ဦးသိန်းဦး)-ဒေါက်တာမီမီခိုင်(ပပဝင်းရတနာ)
**မြေးအမွှာ** - မရတနာဦး[နောက်ဆုံးနှစ် အပိုင်း(က)ဆေးတက္ကသိုလ်-၁ ရန်ကုန်]၊
မရတနာထူး [နောက်ဆုံးနှစ် အပိုင်း(က) ဆေးတက္ကသိုလ် -၁ ၊ ရန်ကုန်]

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၀ပြည့်နှစ်၊ (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်-(၁/၂၀၂၀)ဖြင့် **သီရိသုဓမ္မမဏိဇောတိဓရ ဘွဲ့တံဆိပ်**ချီးမြှင့်ခြင်းခံရသော **ဦးဇော်ဝင်း**(ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးကုမ္ပဏီ၊ စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီ၊ ZTM Company)၊ ချမ်းမြေ့မေတ္တာအထွေထွေရောဂါကုဆေးရုံ-သန်လျင်တို့၏ ဥက္ကဋ္ဌ/C.E.Oသည် နေရာဒေသအသီးသီးတွင် ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် စွမ်းစွမ်းတမံပါဝင်ကူညီလှူဒါန်းခဲ့မှုကြောင့် ရရှိခဲ့သော ချမ်းမြေ့မေတ္တာအထွေထွေရောဂါကုဆေးရုံ(သန်လျင်)၏ဥက္ကဋ္ဌဖြစ်သူ **ဦးဇော်ဝင်း**အား အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် လုပ်ငန်းကိစ္စအသီးသီး၌ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချမ်းမြေ့မေတ္တာအထွေထွေရောဂါကုဆေးရုံ**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၀ပြည့်နှစ် နိုင်ငံတော်မှချီးမြှင့်သော သီရိသုဓမ္မဓဇဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော ဒေါ်ကြည်ကြည်မြင့် (မန္တလေး အိမ်. ခြံ. မြေအကျိုးတော်ဆောင်နာယကကြီး)၊ (လာဘ်မိုးဆွေကုမ္ပဏီ)အား အထူးပင်ကြည်နူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးဗိုလ်ဝင်း(ခ)ကာစင်+ဒေါ်ဝသုန်စိုး
သား - မောင်သူရိန်ဗိုလ်ဝင်း- UCST
သမီး - မယွန်းနဒီဗိုလ်ဝင်း- YTU (Civil)
နာရီစင်၊ ပဲခူးမြို့

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ အလက ကျွဲတလင်း အင်္ဂမတန်းမှ မဟန်နီထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးသက်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ဖလေး)နဝမတန်းမှ မအိမွန်စံ၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင်ဦး ၇/ကဝန(နိုင်)၀၉၉၉၇၁ ဖြစ်ပါကြောင်း။

**ဦးဆန်းလွင်ဦး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ဖလေး)နဝမတန်းမှ မောင်အာကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်ငြိမ်း ၇/ကဝန(နိုင်)၀၉၈၆၇၅ဖြစ်ပါကြောင်း။

**ဦးခင်ငြိမ်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့ အထကကျွဲတလင်း တက္ကသိုလ်ဝင်တန်းမှ မဆုမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်းဝင်းဖြစ်ပါ ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇) ရပ်ကွက် ၊ စေတနာလမ်း ၊ မြေကွက်အမှတ်(၉၅၁) ၊ အကျယ်အဝန်း(၄၂ပေ× ၆၀ပေ) ရှိ ဦးမောင်တင် (ISN-၁၆၈၉၈၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဝင်းမောင် (၉/တသန (နိုင်)၀၉၈၀၀၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျွဲတလင်း အထက အင်္ဂမတန်းမှ မနှင်းနုခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းကြူ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3022 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမော် ၁၂/မဂတ(နိုင်)၀၃၉၂၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/6159 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/1905 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6161 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွှာသာကြီး)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် ဆုထူးပန် ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဌေး၏ဇနီး သုဓမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန်(ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုး၊ ဘာသာ ၊သာသနာအကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆရာတော် ဦးနန္ဒမာလာ
သရက်ခုံကျောင်းတိုက်၊ တိုက်အုပ်ဆရာတော်
လယ်ဝေးမြို့နယ်၊ နေပြည်တော်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် ဆုထူးပန် ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဌေး၏ဇနီး သုဓမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန် (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုး၊ဘာသာ၊သာသနာ အကျိုးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်လွဲ့ယုမွန်(မန်နေဂျာ)
ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ
နေပြည်တော်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် ဆုထူးပန် ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဌေး၏ဇနီး သုဓမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန်(ဒါရိုက်တာ) ဆုထူးပန် ကျောက်မျက်ကုမ္ပဏီအား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ပြည့်စုံမိသားစုမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုး၊ ဘာသာ၊သာသနာအကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်လွင်ဇနီး ဒေါ်ရီရီမော်
ပြည့်စုံ မိသားစု
ပြည့်စုံ ပရိဘောဂ
လယ်ဝေးမြို့နယ်၊နေပြည်တော်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(စစ်ကိုင်း)
## (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား
## ဘွဲ့နှင်းသဘင်ကြေညာချက်

(၁) နည်းပညာတက္ကသိုလ်(စစ်ကိုင်း)၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ဘက်စုံသုံးခန်းမတွင် အောက်ပါအစီ အစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၁၅-၂-၂၀၂၀ရက် (စနေနေ့)၊ နံနက်ပိုင်း၊ နံနက် ၉:၀၀နာရီ (မြို့ပြ၊အီလက်ထရွန်နစ်၊ လျှပ်စစ်စွမ်းအားနှင့် စက်မှု)

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်း၊နံနက် ၉:၀၀ နာရီ (မြို့ပြနှင့်စက်မှု) ညနေပိုင်း၊ မွန်းလွဲ ၁:၀၀ နာရီ (အီလက်ထရွန်နစ်နှင့် လျှပ်စစ်စွမ်းအား)

(၂) ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်ခဲ့သော BE စာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်ဘွဲ့ယူ နိုင်သည်။

(၃) ဘွဲ့လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ကျောင်းသားရေးရာဌာနတွင် ထုတ်ယူနိုင်ပြီး လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(မြန်မာဝတ်စုံ/ အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ရိုက်ကူးထားသော) တစ်လက်မခွဲxနှစ်လက်မ အရွယ်(၅)ပုံ၊ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊ B-Tech ဘွဲ့လက်မှတ်မိတ္တူနှင့် ကျောင်းသား/ကျောင်းသူမိဘမှတ်ပုံတင်များ မိတ္တူများပူးတွဲ၍ ဘွဲ့တက်ရောက်ယူသူများသည် (၁၅၀၀)ကျပ်၊ အဝေးရောက်ဘွဲ့ယူသူများသည်(၁၀၀၀)ကျပ်တို့ကို ငွေစာရင်းဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်ဖြစ်ပါသည်။

(၄) ဘွဲ့နှင်းသဘင်လျှောက်လွှာသွင်းခြင်းကို ၂-၁-၂၀၂၀ရက်မှ ၁၅-၁-၂၀၂၀ရက်ထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

(၅) ယခင်နှစ်များမှ ဘွဲ့လျှောက်ထားရန်ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ရှိ ကျောင်းသားရေးရာဌာန (ဖုန်း ၀၉-၂၆၆၈၆၄၆၂)တွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
နည်းပညာတက္ကသိုလ်(စစ်ကိုင်း)

## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

၂၀၂၀ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ဖြစ်သည့် "အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ" ဘွဲ့ကို တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေး (လူမှုထူးချွန် ပထမဆင့်) အား ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမေအေး သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း မိသားစုနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့်အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်သော မိသားစုဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါက်တာစန္ဒာမြင့်မိုး ကျောင်းအုပ်ကြီး၊
မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊
အထက(၂)စမ်းချောင်း ပညာရေးမိသားစု

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | အရွယ်အစား | တည်နေရာ |
|---|---|---|---|
| (၁) | ISO LAB (RC အုတ်စီ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး(၂)ထပ်) | (၁၄၀'x ၁၀၅'x ၂၇') | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ |
| (၂) | ၄'' စက်ရေတွင်း(၂)တွင်းနှင့် ဆက်စပ်ပစ္စည်းများ | (၅၀၀') | ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုရိတ်သိမ်းချိန်လွန် သင်တန်းကျောင်း |
| (၆) | ညှော့ရိပ်သာအကြီးစား ပြင်ဆင်ခြင်း | (၄၈'x ၃၂')(၂၄') ပတ်လည် | ပြင်ဦးလွင်မြို့နယ်၊ ကော်ဖီသုတေသန |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁-၂၀၂၀ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၁-၂၀၂၀ ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ၇၃လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့**
၀၂-၂၈၄၈၆၅၆၊ ၀၉-၂၀၃၈၀၄၇

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၅/၂၀၁၉-၂၀၂၀)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ လမ်းလုပ်ငန်းများဆောင်ရွက်ရန် အတွက် လိုအပ်သည့် လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံးပစ္စည်းများကိုလမ်းအလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင် အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစားအရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၇-၁-၂၀၂၀ရက်မှစ၍ ဖော်ပြထားပါမည်။

**မှတ်ချက်။** ။ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာနသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်အဖြေလွှာ (Test Result) ပါရှိမှသာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်**- ၃၀-၁-၂၀၂၀ရက်
၂။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့် ရက်/အချိန်** - ၇-၂-၂၀၂၀ရက်(၁၂:၀၀)နာရီ
၃။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၂-၂၀၂၀ရက် ၁၀:၀၀နာရီ
၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အထူးအဖွဲ့(၂၀)ရေကြည်မြို့

တင်ဒါလျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၊ ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁)တွင် ၃၀-၁-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)**
**ရေကြည်မြို့**
ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၁၀)ကချင်ပြည်နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၀)၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဗန်းမော်ခရိုင်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား လုပ်ငန်းတစ်ရပ်လုံးတင်ဒါခေါ်ယူသွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ရက်
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၃၁-၁-၂၀၂၀ရက် ညနေ ၄:၃၀နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၃-၂-၂၀၂၀ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး) (ပြည်နယ်ဦးစီးမှူးရုံး)ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၂။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ် ရုံး-ဖုန်း-၀၇၄-၂၅၂၀၉၈၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်းအုပ်စု၊ ထနောင်းကုန်းကျေးရွာနေ မသီတာစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ငြိမ်းဖြစ်ပြီး မသီတာစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၉-၁၉၉၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7283 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

ကညန(နေပြည်တော်)

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာနေ မပန်းအိဖြူ ၁/မကန(နိုင်)၂၀၆၄၅၇ ၏ဖခင် ဦးရန်ကွေရီနှင့် ဦးရန်ကွယ်ရင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရန်ကွေရီ(ခ)ဦးရန်ကွယ်ရင့်

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ဒေါ်စောရွယ်မီနှင့် အများသိစေရန် ကြေညာခြင်းတွင် ဒေါ်ထုခိုင်အစား ဒေါ်ထုဆိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မနွယ်နွယ်ဦး ၁၁/စတန(နိုင်)၁၀၀၁၉၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၂၁၂၈၂၉၆

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ဖာနှိုင်းရွာနေ (ခုံအမှတ်၊ စဟ-၉၅၄)တက္ကသိုလ်ဝင် တန်းအောင်မှ မဇင်မေလွင်၏ ဖခင် အမည်မှန်မှာ ဦးမိုးလွင် ၅/ဟမလ(နိုင်)၀၈၀၁၃၅ နှင့် ဦးစံရွှေဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမိုးလွင်(ခ)ဦးစံရွှေဦး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့၊ အမက(၄)တွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်နေသော ဒေါ်မြအေး၏ဖခင် ဦးဖိုးခင်နှင့် ဦးဘိုးခင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဖိုးခင်(ခ)ဦးဘိုးခင်




အရေအတွက်ကန့်သတ်ထားလို့ နီးစပ်ရာဆိုင်မှာ အမြန်ဆုံးဝယ်ယူအားပေးနိုင်ပါသည်။

## တိုက်နှင့်ခြံအမြန်ရောင်းမည်

သဃ်န်းကျွန်း၊ သုဝဏ္ဏဈေးအနီး၊ ကောက်လျှင်လမ်း၊ လမ်းသွယ်(၂)၊ (၃၀×၅၅)ပေ မြေပေါ်ရှိ နှစ်ထပ်တိုက်၊ အိပ်ခန်း(၄)ခန်းပါ၊ ရေမီးစုံ မိသားစု(၂)စု နေထိုင်လို့ရပါသည်။ စာချုပ်စာတမ်းခိုင်မာပြီး သက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

စုံစမ်းရန် - ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၀၁၅၆၄၇

ကလေးနာမည်ပေး ဆရာကြီး
## ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

အားမာန်(မြို့တွင်း/နယ်ဝေး)
အိမ်ပြောင်းဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန် –မန္တလေးကုန်စည်အမြန်ပို့ဆောင်ရေး
Ph :09258 600700 , 09 698600700,
09 , 798600700 , 09 978600700

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၄ဃ/၉၄၃၆၂ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာ ၉/ခအစ(နိုင်)၀၄၂၅၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

## MINGALAR CINEMAS

Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ / မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3 | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ / ရွှေဆောင် ၀၉၄၅၅၇၉၄၂၈၀၀ ၀၉၄၅၅၇၉၄၂၈၀၁ | မင်္ဂလာ(၁) ၀၁-၂၄၃၀၅၇၊၂၄၃၀၅၇ / နေပြည်တော် ၀၉ ၄၇၇၇၄၂၈၂ ၀၉ ၄၇၇၇၄၂၈၃ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၇၃၂၅၄၀၉၁ ၀၉၇၇၃၂၅၄၀၉၂ | GoldClass 09 266660911 09 266660922 09 266660933 | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003 |
| Top Royal ၀၉၄၂၀၁၀၆၂၉၁၂ / တောင်ဒဂုံ 09255333881 ,...2 , ...3 | မင်္ဂလာဝဇီရာ (လှိုင်သာယာ) 09261901155,09261901166 / စိန်ဂေဟာ 09402177771, 09402177772 09402177773 | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂၄၀၃၉၁၂၈၊၀၂၄၀၆၀၂၉ / မြို့မ မန္တလေး ၀၂၄၀၃၉၁၃၆၊၀၂၄၀၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄ | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၅၂၂၇၀၀၁၁ ၀၉၉၅၂၂၈၀၀၁၁ ၀၉၉၅၂၂၉၀၀၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ မင်္ဂလာ ရွှေဟင်္သာ ၀၉၄၂၈၈၃၆၆၉၄ ၀၉၄၂၈၈၃၆၆၉၅-၆ | NEW 3D Cinema တောင်ငူ-icon 09268887881, 09268887882 ,3 | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃ | မင်္ဂလာရွှေပြည်သာ (ပုသိမ်) ၀၉ ၂၆၈၈၈၇၇၅၁ ၀၉ ၂၆၈၈၈၇၇၅၂ | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၁ ၀၉၄၄၁၁၂၂၈၈၂-၃ | မင်္ဂလာ မြစန္ဒာ(မုံရွာ) ၀၉၇၆၆၆၂၅၈၁၊၂၊၃ မင်္ဂလာ Ocean ၀၉၇၆၆၆၂၅၈၅ ၀၉၇၆၆၆၂၅၈၆-၇ |

### မိုက်မဲချစ်
သမ္မတ၊သွင်၊မင်္ဂလာ(၁)(၂)၊TopRoyal၊စံပြ၊ဝဇီရာ၊ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ဘုရင့်နောင်၊ GoldClass၊တောင်ဒဂုံ၊
မန္တလေး-ဝင်းလိုက်၊မန်းနေပြည်တော်၊မင်္ဂလာဒိုင်းမွန်း၊ CentralPoint, ပဲခူး - icon၊ ရွှေဟင်္သာ
ပြည် - ထွန်းသီရိ မကွေး - စံပြ မော်လမြိုင် - ဘုရင့်
တောင်ငူ - NEW 3D, icon
မုံရွာ - မင်္ဂလာမြစန္ဒာ၊Ocean ပုသိမ် - ရွှေပြည်သာ

### ကမ္ဘဖလ
ရွှေဆောင်၊စံပြ၊ ဝဇီရာ၊ ဂမုန်းပွင့်၊စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊ တောင်ဒဂုံ၊
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊CentralPoint
ပဲခူး - icon၊
ပြည် - ထွန်းသီရိ
တောင်ငူ - icon မုံရွာ - Ocean ပုသိမ် - ရွှေပြည်သာ

### IP MAN 4
နေပြည်တော်၊ ဂမုန်းပွင့်၊GoldClass၊

### UNDERWATER
နေပြည်တော်၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ ဘုရင့်နောင်၊ GoldClass၊ ပဲခူး - icon၊
မန္တလေး - ဒိုင်းမွန်း၊ ပြည် - ထွန်းသီရိ

ထာဝရနှောင်ကြိုး – ဂမုန်းပွင့်၊GoldClass၊

### TOOTSIES & THE FAKE
နေပြည်တော်၊ ဂမုန်းပွင့်၊GoldClass၊

### မိန်းမတစ်ယောက်ရဲ့ဖွင့်ဟဝန်ခံချက်
စိန်ဂေဟာ၊မ/ဥက္ကလာ၊ တောင်ဒဂုံ၊
တောင်ငူ - NEW 3D, icon ပုသိမ် - ရွှေပြည်သာ
မန္တလေး - မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊CentralPoint,

### ချည်
ရွှေဆောင်၊မင်္ဂလာ(၂)၊စံပြ၊ဂမုန်းပွင့်၊စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊ GoldClass၊ တောင်ဒဂုံ၊
မန္တလေး - မြို့မ၊မန်းနေပြည်တော်၊ မင်္ဂလာဒိုင်းမွန်း၊ CentralPoint, ပဲခူး - icon၊ တောင်ငူ - icon
ပြည် - ထွန်းသီရိ မကွေး - စံပြ မော်လမြိုင် - ဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊Ocean ပုသိမ် - ရွှေပြည်သာ

## ၉.၁.၂၀၂၀ နေ့မှ ပြသည့်ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

## ရဟန်းဒါယိကာမကြီး
# ဒေါ်ခင်ကြည်
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၃) အခန်း(၁၆)နေ (ဦးထွန်းစိန်-ဒေါ်အေးညွန့်) တို့၏သမီး၊ (ဦးလှဘော်-ဒေါ်တင်ညွန့်)တို့၏သမီးချွေးမ၊ [ဦးသန်း(ကိုသန်း-ကြည့်မြင်တိုင်)]၏ချစ်လှစွာသောဇနီး၊ (ဒေါ်ဥမ္မာသန်း)၊ ဒေါ်အေးအေးသန်း(မြန်မာ့အာမခံလုပ်ငန်း၊ငြိမ်း)၊ ဒေါ်လှိုင်လှိုင်သန်း(သမဝါယမဦးစီး-ငြိမ်း)၊ ဦးဇော်ဇော်သန်း-ဒေါ်သိန်းငွေး၊ (ဒေါ်ဝင်းဝင်းသန်း)၊ (ဒေါ်အေမီသန်း)၊ ဦးဆွေသန်း-ဒေါ်အေးအေးချော (ပြည်သူ့ဆေးရုံ-လှည်းကူး)၊ ဦးထွန်းလှဝင်း (Reffles Shipping)-ဒေါ်ဆွေမာ သန်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မအင်ကြင်းဖူး၊ မောင်မြတ်ဘုန်းပြည့်၊ မခင်မီမီဇော်၊ မောင်မြတ်မင်းဇော်တို့၏ အဘွားသည် ၆-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်မြရွှေ
## (သက္ကလ)
## အသက်(၉၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလကျေးရွာနေ (ဦးစိန်ထွန်း-ဒေါ်နှင်းညွန့်)တို့၏သမီး၊ (ဦးစံညွန့်-ဒေါ်သဲညွန့်)တို့ ၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၉/ခ)၊ ပြည်ထောင်စုလမ်း၊ (င/ခ)ရပ်ကွက်နေ (ဦးမြတ်ထွန်း)၏ချစ်လှစွာသောဇနီး၊ ဦးလွင်ဦး-နော်ဆန်းရှိုင်း(ခေတ္တ-ဆစ်ဒနီ)၊ (ဦးချစ်သာ)-ဒေါ်မို့မို့ဝင်း၊ ဒေါ်သန်းယုဆွေ(ဘေထုတ်)၊ ဦးစိန်လွင်၊ (ဦးလှဟန်)-ဒေါ်ရွှေမြင့်၊ ဒေါ်အုန်းသန့်၊ ဦးအောင်ဇော်မြင့်၊ ဦးသန့်ဇော်ထွေး၊ ဦးကျော်လွင်ထွန်း-ဒေါ်နန်းချန့်အွာအွာ၊ ဦးစောမျိုးမြင့်အောင်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်မြရွှေသည် ၇-၁-၂၀၂၀ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း။

(သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်တင်တင်(ပခုက္ကူ)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ စိမ်းလဲ့အောင်ကွန်ဒို၊ အခန်းအမှတ်(၁၀၃)နေ (ဦးဘလင်း- ဒေါ်အေးညွန့်)တို့၏သမီး၊ (ဗိုလ်မှူး ခင်မောင်ကြီး)(တပ်မတော်-ရေ)၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်နီလာထွန်း၊ ဦးသန့်ဇော်-ဒေါ်ခင်မို့မို့စံ၊ (ဦးသန်း အောင်)-ဒေါ်အေးကျော့၊ Mr.Tan Yin Hoe-ဒေါ်မေသက်ခိုင်(Director, Miracle Tree Travel & Tours)၊ (ဦးကျော်မျိုး)-ဒေါ်လှလှထွေး(ခ)ဒေါ်အိမြတ်မှူး (Managaing Director, Royal Jasmine White Co.,Ltd)တို့၏မိခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်တင်တင်သည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) ည ၈:၁၅ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် (၂)တပ်မတော်ဆေးရုံမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဦးနေမင်း (ဆင်ဖြူကျွန်း)
## အသက်(၇၃)နှစ်

ဆင်ဖြူကျွန်းမြို့နေ ဒေါ်ခင်မာကြည်၏ခင်ပွန်း ဦးနေမင်းသည် ၇-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ၁၉၇၀ပြည့်နှစ် (ရက္ခဗေဒ)ဘွဲ့ရ သူငယ်ချင်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
## ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ
## အသက်(၅၂)နှစ်

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးစိုးစိုးသည် ၃-၁-၂၀၂၀ရက် နံနက်(၉:၅၀)နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုဝင်များနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိနှင့်ရုံးဝန်ထမ်းများ**

# ဦးအေးမင်းသိုက်
## ပုံနှိပ်ကျွမ်းကျင်-၄(စက်)၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
## အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးနီ-ဒေါ်ခင်ဝ)၊ (ဦးညို-ဒေါ်လှကြည်)တို့၏မြေး၊ (ဦးမြင့်ဆွေ)(ကြီးကြပ်ရေးမှူး၊ ငြိမ်း)၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)-ဒေါ်ရင်နွဲ့တို့၏သား၊ (ဦးသန်းမောင်-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်တင်တင်မိုး၏ချစ်လှစွာသောခင်ပွန်း၊ မဇင်ဇင်ထွန်း၊ မကြည်ဖြူထွန်း တို့၏ကျေးဇူးရှင်ဖခင်ဖြစ်သူသည် ၈၂x၈၃ ကြား၊ ၂၀x၂၁ ကြား ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ဝန်ထမ်းအိမ်ရာ၌ ၇-၁-၂၀၂၀ ရက် (အင်္ဂါနေ့) ည ၇ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၀ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# သွေးသည် အသက်
# သင့်သွေးဖြင့် အသက်ကယ်ပါ

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းထွန်း
## အသက်(၈၆)နှစ်

ဒေါ်စန်းကြွယ်ထွန်း( 1994 Sr.Agri)၏ချစ်လှစွာသော ဖခင်ကြီး ဦးသန်းထွန်းသည် ၆-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1994.Sr စိုက်ပျိုးရေးတက္ကသိုလ်**
**စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား/ကျောင်းသူဟောင်းများ**

## ရဟန်း ဒါယိကာမကြီး
# ဒေါ်အေးရီ(ဒါးပိန်)
## အသက်(၈၀)

ဒါးပိန်မြို့နေ(ဦးသိန်း-ဒေါ်ကြင်မြိုင်)တို့၏သမီးကြီး၊ (ဦးရွှေမင်း)၏ဇနီး၊ ဦးဟန်တင့်-ဒေါ်သန်းသန်းဝင်း၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်အေးသန်းမြင့်၊ မတင်တင်အေး၊ ကိုမြင့်ထွေး-မသိုက်သိုက်ညွန့်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွား၊ အမှတ် (၁၂၆၀)၊ အခန်း ၁၀၆၊ သီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်အေးရီသည် ၇-၁-၂၀၂၀ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဦးတင်လှ(ခ)ကိုတိုး
## (မြို့မကျောင်းသားဟောင်း)၊(အမှုဆောင်ဟောင်း)
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်းနေ (ဦးလှမောင်-ဒေါ်တင်အေး)တို့၏သားကြီး၊ (ဦးအေးကြည်-ဒေါ်အေးအေးကြီး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ် ၆၁(လေးလွှာ)နေ ဒေါ်မြသီ၏ခင်ပွန်း၊ ဦးစိန်မြင့်-(ဒေါ်အေးအေး)၊ ဦးဇော်သိန်း-ဒေါ်အေးအေးမြင့်၊ (ဦးစိုးညွန့်-ဒေါ်လှလှဝင်း)တို့၏အစ်ကို၊ ဒေါက်တာသက်တင်ထွန်း-မစုနန္ဒာမွန်၊ မသီနွယ်ထွန်း (မြင့်ထက်ဝေကုမ္ပဏီ)၊ မအေးမို့မို့ထွန်း၊ ကိုကျော်ကျော်လင်း(Skynet)-မထွေးလဲ့လဲ့ထွန်း၊ ကိုရဲလင်း(VJV)-မဝါဝါအောင်တို့၏ဖခင်၊ မချွေးသက်မွန်ထွန်း(တက္ကသိုလ်ဝင်တန်း၊ အထက-၄၊ ပုဇွန်တောင်)၊ မောင်စွမ်းပြည့်ဖြိုးတို့၏အဘိုးသည် ၆-၁-၂၀၂၀ ရက်(တနင်္လာနေ့) ညနေ ၃:၅၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဦးနေဝင်း(ခ)ချွေးကောက်
## (ပြည်တွင်းအခွန်များဦးစီးဌာန-ငြိမ်း)
## အသက်(၇၄)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း၏ ရာသက်ပန်အသင်းဝင်တစ်ဦးဖြစ်သူ ဦးနေဝင်း(ခ)ချွေးကောက်သည် ၁၇-၁၂-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝန်ထမ်းဟောင်းများအသင်း**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊မုခ်ဦး၊ ပိဋကတ်(၃)ပုံ၊ ကြေးပိဋကတ်(၃)ပုံ၊ ဘုန်းကြီးကျောင်းလမ်း၊ သာသနာ့ဒါယိကာမကြီး
# ဒေါ်ညွန့်ညွန့်ရွှေ(ငြိမ်း) အသက်(၆၉)နှစ်
## အင်ဂျင်နီယာဌာန(ရေ/သန့်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် ၂၀/၂(မြေညီထပ်)နေ (အငြိမ်းစား စာတိုက်ဝန် ဦးကျော်ရင်- ဒေါ်ညွန့်ရီ)တို့၏ သမီး၊ (ဒေါ်မေကျော်)၊ (ဗိုလ်မှူးဝင်းကျော်)-ဒေါ်တင်ရွှေ၊ ဒေါ်တင်တင်ရီတို့၏ညီမ၊ ဦးကျော်မင်းဦး၊ ကိုလူဇော်-မအေးသီတာကျော်၊ မောင်မင်းညွန့်စိုးတို့၏ အဒေါ်၊ မဟေမာန်နှင်းသုန်၊ မောင်ကျော်မြတ်ထွဋ်တို့၏ ချစ်လှစွာသော ဘွားလေးသည် ၇-၁-၂၀၂၀ရက် နံနက် ၁၀:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မိညွန့်ညွန့်သိန်း
## အသက်(၆၉)နှစ်

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ဆေးဝါးဗေဒဌာနမှလက်ထောက်ကထိက ဒေါက်တာမိကွန်းကောစံ၏မိခင်ဖြစ်သူ ဒေါ်မိညွန့်ညွန့်သိန်း အသက်(၆၉)နှစ်သည် ၂-၁-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၄:၁၀ နာရီ တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဝါးဗေဒဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

# ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၆၈၉၊ မြေကွက်တည်နေရာအမှတ် ၆၈၉၊ နေမျိုး နော်ရထာလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးသိန်းတန်)( NTT-၀၁၇၉၅၀)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိအရောင်း အဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇာဇာပြုံး ၁၄/ညတန(နိုင်)၁၀၂၃၉၃ က ပါမစ်မူရင်း ပျက်စီးကြောင်း ရပ်ကွက်အုပ် ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျက်စီးဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)
## လေ/၁၃၈၈
## (B.Sc Engineer)
## အသက်(၈၃)နှစ်

မော်လမြိုင်မြို့နယ်၊ ကတိုး/ကော့နပ်ရွာနေ(ဦးဖိုးကင်း-ဒေါ်အေးသီ)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်လှခင်)တို့၏သားသမက်၊ (ဒေါ်အေးမြိုင်)၏ခင်ပွန်း၊ ဗိုလ်မှူးကြီးမောင်မောင်သန့်(ရေ)-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးမင်းညီညီ(Chief Officer-MTM Shipping Co,Ltd) -ဒေါ်လဲ့ယဉ်နွဲ့တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်နေအိမ်၌၇-၁-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၂၀ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးစောရိုဇင်
## မြန်မာနိုင်ငံဆေးဝါးစက်ရုံ(BPI)ငြိမ်း
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၂၅၅)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်နေ(ဦးစောဒေါင်းကလေး-နော်ဖောရှာ)တို့၏သား (Naw Adeline Martin+Paul Joseph Martin)၊ (Naw Adelina Leigh+Colin Leigh)တို့၏မောင်၊ ဒေါ်နော်ခလယ်ဘဲလ်- (ဆရာတော်စောနသာ)တို့၏အစ်ကို၊ ဒေါ်နော်လားစေးဝါး၏ ချစ်လှစွာသောခင်ပွန်း၊ စောအယ်နဲ-နော်ရှီးထာဆဲ၊ စောအယ်ကပေါ်တို့၏ချစ်လှစွာသော ဖခင်၊ စောအယ်ဆဲဝါ၊ စောအယ်ရှီးဝါးတို့၏ချစ်လှစွာသောအဘိုး ဦးစောရိုဇင်သည် ၆-၁-၂၀၂၀ ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ဒေးဗစ်ရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ နံ့သာမြိုင်လမ်းနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

# ဒေါက်တာဒေါ်ခင်သက်နီ(မြစ်ကြီးနား)
## ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
## ဂုဏ်ထူးဆောင်ပါမောက္ခ
## ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်း (၂၀၄)နေ (ဦးနီ-ဒေါ်မြသင်)တို့၏ချစ်လှစွာ သောသမီး၊ Dr.ဦးဝင်းမော်-ဒေါ်သန်းသန်းနီ၊ ဦးညွန့်မောင်-ဒေါ်ရီရီစံ၊ ဒေါ်အုန်းအုန်းနီ၊ ဒေါ်အေးအေးနီ၊ ဦးညွန့်ဝေ-ဒေါ်ညိုညိုမြတ်၊ ဒေါ်ဆွေဆွေနီတို့၏ညီမ၊ ဦးအန်ထော်နီ၊ ဦးတင်မောင်နီ-ဒေါ်နန့်သူဇာနားတို့၏အစ်မ၊ ဦးကျော်စွာဝင်း-ဒေါ်ဂျိမ်းကွာ(S' pore)၊ Dr. ကျော်ထွန်းအေး-Dr.ထက်နွယ်ဝင်း(U.K)၊ ဒေါ်ခိုင်သဇင်ဝင်း(U.S.A)၊ ဒေါ်ထင်လင်းငယ်(Mega Co)၊ Dr.ထွဋ်အောင်ဝေ(U.K)တို့၏ ချစ်လှစွာသော အဒေါ်သည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၁၂:၃၂နာရီတွင် ဘန်ကောက်မြို့ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်း ကျွေး တရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါက်တာ နွယ်နွယ်လတ်(ခ)မနီမိုး
## ပါမောက္ခ၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉ ဘီ) ရပ်ကွက်၊ ဖိုးဝဇီရာလမ်း၊ အမှတ် ၂၄၅နေ ဦးအေးကြည်-ဒေါ်သိန်းသိန်းအောင်တို့၏သမီး၊ ဦးဝင်းနိုင်ဦး-ဒေါ်ဝင်းဝင်းမာတို့၏ညီမ၊ ဦးထွန်းဇော်ဦး-ဒေါ်ခင်စန်းရွှေ၊ ဦးမိုးဦး-ဒေါ်နွယ်နွယ်လင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်ယမင်းသန္တာထွန်းတို့၏အစ်မ၊ ကိုထွန်းမင်းနိုင်-မခင်စုကြည်(လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ အဒေါ်၊ တူ၊ တူမ ငါးယောက်တို့၏ကြီးတော်၊ မြေးတစ်ယောက်၏အဘွားသည် ၆-၁-၂၀၂၀ ရက်(တနင်္လာနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ခရစ်တော်၌အိပ်ပျော်ခြင်း
## Lucy Daw Cing Sian Huai အသက်(၃၁)နှစ်
## Matthias Tg.Thang Sian Sang အသက်(၄)နှစ်
## Philip Tg.Pau Khan Lian အသက်(၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ (ဦးလှသိန်း)-Daw Nem Khan Niang (Naulak)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၂၅၀/ခ၊ အောင်သပြေလမ်း၊ ပန်းခြံ(၁၈) တ(၁၅)ရပ်ကွက်နေ (U Tuan Suan Thang)-Daw Cing Khan Mang(Ngaihte)တို့၏ချွေးမ၊ Pa En Khan Sing ၏ချစ်လှစွာသောဇနီးနှင့်သားများတို့သည် ၁-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မလေးရှားစံတော်ချိန် နံနက် ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(မြေနီကုန်း ဖာတီမာဘုရားကျောင်းမှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)
## ဂုဏ်ထူးဆောင်နာယကကြီး
# ဒေါ်တင်တင်ငွေး(ကြံခင်း)
## အသက်(၈၇)နှစ်

ကြံခင်းမြို့နယ်၊ မဟာဗောဓိလမ်းနေ ဂုဏ်ထူးဆောင် ပါမောက္ခ(ဦးထွန်းမြင့်)(YUFL)(ဆရာကြီးတက္ကသိုလ်မင်းမော်)၏ဇနီး ဆရာမကြီးဒေါ်တင်တင်ငွေးသည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကြံခင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးငွေးအောင်
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၂၁၀နေ (ဦးရမောင်-ဒေါ်တင်မြို့)တို့၏သား၊ (ဦးသိန်း-ဒေါ်သန်းရင်)တို့၏သားသမက်၊ ဒေါ်စန်းလှ၏ခင်ပွန်း၊ (ကိုအေးသန်း)-မသက်သက်ချို၊ မဇင်ဝင်းကြူအောင်၊ မဇင်မာမြင့်၊ ကိုသက်နိုင်-မသင်းသင်းငွေး(ခ)မခင်မတို့၏ဖခင်၊ မောင်အောင်ပြည့်ဇော်၊ မစံရတီတို့၏အဘိုးသည် ၇-၁-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ကျီစု အအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
# နော်စီယို
## အသင်းဝင်အမှတ်-၁၁၆၇
## အသက်(၇၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်(၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် 1/Bနေ ဒုဗိုလ်မှူးကြီး ကျော်ရင်(ငြိမ်း)၏ဇနီးသည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။ (အသင်းမှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

# ဦးတင်ကြွယ်
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊တိုက်-၉၊ အခန်း-၁နေ(ဦးထွန်းရီ-ဒေါ်ရင်မေ)တို့၏သား၊ (ဦးမြသန်း-ဒေါ်ကြွေ)တို့၏သားသမက်၊ ဦးတိုးတိုးဝင်း၊ (ဒေါ်ချိုချိုသင်း)၊ ဦးဇော်မြင့်-ဒေါ်သန်းသန်းမြင့်၊ ဦးဇော်လွင်-ဒေါ်ခင်မြင့်မာ၊ ဦးမင်းသွယ်(ရပ်ကွက်အုပ်ချုပ်ရေးမှူး)တို့၏ညီ/မောင်၊ ဦးမင်းသိန်း-ဒေါ်ခင်မော်လွင်၊ ဦးသန့်ဇင်ထွန်း-ဒေါ်မြင့်မြင့်ဦးတို့၏အစ်ကို၊ ကိုထူးနိုင်လတ်-မဇင်မာထွေး၊ ကိုတင်ထွန်းနိုင်-မဝတ်ရည်နန္ဒာ၊ ကိုဇင်မင်းသက်ထွေး-မဆုပြည့်လှိုင်တို့၏ဖခင်၊ တူ/တူမ ၁၁ယောက်၊ မြေး လေးယောက်တို့၏ အဘိုး ဒေါ်သီတာမြ၏ချစ်လှစွာသော ခင်ပွန်း ဦးတင်ကြွယ် ရွှေဂုံရိပ်မွန် ပရဟိတသူရဲကောင်းသည် ၆-၁-၂၀၂၀ ရက်(တနင်္လာနေ့) ည ၉:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

# အနိစ္စ

# ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲတွင် မြန်မာငွေကျပ် သန်း ၅၉၄၅၉ ဒသမ ၈၀ တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၃၄၉၁ တွဲနှင့် ငွေကျပ် သန်း ၃၆ ဒသမ ၉၂ တန်ဖိုးရှိ ကျောက်မျက်အတွဲ ၉ တွဲ ရောင်းချခဲ့ရ

**နေပြည်တော်  ဇန်နဝါရီ ၇**

နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ စတင်ပြသရောင်းချခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသည် ယနေ့ ညနေပိုင်းတွင် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။

ယနေ့ပြပွဲ ဆဋ္ဌမနေ့ ကျင်းပသည့် နံနက်ပိုင်းမှစ၍ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း တင်ဒါအောင်မြင်သူများစာရင်း စောင့်မျှော်သူများဖြင့် စည်ကားလျက်ရှိသည်။ ယနေ့တွင် ကျောက်စိမ်းအတွဲ အမှတ် ၂၅၀၁ မှ ၃၆၉၅ တွဲအထိ ကျောက်စိမ်းအတွဲ ၁၁၉၅ တွဲမှ တင်ဒါအောင်မြင်သူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာငွေကျပ် ၁၇၀၇၃၆၈၇၀၆၀ တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၁၁၄၁ တွဲကို ရောင်းချခဲ့ရသည်။

ရတနာကုန်သည် ကိုရန်အောင်က "မဏိရတနာကျောက်စိမ်းဝင်းမှာ ကျင်းပတဲ့ ပြသရောင်းချပွဲတိုင်းမှာ လွတ်လွတ်လပ်လပ်ကြည့်ရှုလေ့လာခွင့်ရတယ်။ ဝယ်ယူမယ့်သူ စိတ်ကြိုက်တင်ဒါတင်သွင်းလို့ရတယ်။ အိတ်ဖွင့်တင်ဒါစနစ်ဖြစ်လို့လည်း စိတ်ချမ်းသာတယ်။ ကျောက်စိမ်းအတွဲတွေရဲ့ ကြမ်းခင်းဈေးက ၁၀ သိန်းလို့ သတ်မှတ်ထားပေမယ့် တင်ဒါအောင်မြင်တဲ့ ဈေးနှုန်းတွေကို လေ့လာကြည့်မယ်ဆိုရင် ယူရိုငွေနဲ့ပြသရောင်းချပွဲတွေလိုပဲ ဈေးနှုန်းတွေ မြင့်မြင့်မားမားနဲ့ ရောင်းချနေရတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

*စာမျက်နှာ ၇ ကော်လံ ၄* ❑

# တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော်  ဇန်နဝါရီ ၇

**မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၁၉-၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲများကို ယနေ့ နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိပတ်လမ်း၌ ကျင်းပသည်။**

ယနေ့ ပြိုင်ပွဲများအဖြစ် အမျိုးသမီးမီတာ ၅၀၀၊ အမျိုးသားမီတာ ၁၀၀၀၊ အမျိုးသမီး ၉ ကီလိုမီတာ၊ အမျိုးသား ၁၅ ကီလိုမီတာ ပြိုင်ပွဲများယှဉ်ပြိုင်ကစားကြသည်။ အမျိုးသမီးမီတာ ၅၀၀ စက်ဘီးပြိုင်ပွဲတွင် ပထမ စိုးစန္ဒာဝင်း (တနင်္သာရီ) စံချိန် (၄၃ ဒသမ ၈၅) စက္ကန့်၊ ဒုတိယ လှလှနွယ် (ပဲခူး) စံချိန် (၄၅ ဒသမ ၀၉) စက္ကန့် ၊ တတိယ သင်းကလျာစိုး (မန္တလေး) စံချိန် (၄၅ ဒသမ ၂၅) စက္ကန့်၊ အမျိုးသားမီတာ ၁၀၀၀ စက်ဘီးပြိုင်ပွဲတွင် ပထမ ကောင်းစည်သူ (ပဲခူး) စံချိန် (၁:၀၈ ဒသမ ၇၈) မိနစ်၊ ဒုတိယ ညီညီအောင် (ရန်ကုန်) စံချိန် (၁:၀၉ ဒသမ ၄၅) မိနစ်၊ တတိယ သူရကျော် (မကွေး) စံချိန် (၁:၀၉ ဒသမ ၆၅) မိနစ်ဖြင့် လည်းကောင်း၊ အမျိုးသမီး ၉ ကီလိုမီတာ အသင်းလိုက်စက်ဘီးပြိုင်ပွဲတွင် ပထမ မကွေးတိုင်းဒေသကြီးအသင်း စံချိန် (၁၃:၃၀ ဒသမ ၈၈) မိနစ်၊

*စာမျက်နှာ ၁၃ ကော်လံ ၁* ◆



တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲတွင် အမျိုးသားအားကစားသမားအချို့ ပါဝင်ယှဉ်ပြိုင်နေစဉ်။

## ယနေ့ သတင်းအညွှန်း

တရုတ်နိုင်ငံ CCTV မှ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတို့ မှတ်တမ်းရိုက်ကူး စာ » ၁၂

တောင်ကြီးမြို့၌ လျှပ်စစ်ဟင်းအိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံး စာ » ၁၃

ဒေသတွင်းလက်နက်ကိုင်တပ်ဖွဲ့များက အမေရိကန်ကို လက်တုံ့ပြန်မည်ဟု ပြောကြား စာ » ၁၅

# MNL လူငယ်လိဂ်ပြိုင်ပွဲ ကျင်းပမည့်ပုံစံပြောင်းလဲခဲ့၍ ကစားသမားများ ပွဲကစားခွင့်ပိုမိုရရှိမည်

**ရန်ကုန်  ဇန်နဝါရီ ၇**

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ၂၀၂၀ ရာသီမှ စတင်ကာ MNL ကလပ်အသင်းများအတွက် လူငယ်လိဂ်ပြိုင်ပွဲကျင်းပမည့်ပုံစံကို ပြောင်းလဲခဲ့၍ ကစားသမားများ ပွဲကစားခွင့်ပိုမိုရရှိမည် ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီအထိ လူငယ်လိဂ်ပြိုင်ပွဲများကို MNL ကလပ်အသင်းများအတွက် နှစ်ခု၊ MNL-2 ကလပ်အသင်းများအတွက် နှစ်ခု ခွဲ၍ ကျင်းပခဲ့သော်လည်း ပွဲကစားခွင့်မှာ နည်းပါးနေသောကြောင့် MNL နှင့် MNL -2 ကလပ်အသင်းများကိုပေါင်းကာ ယူ-၂၁ လိဂ်ပြိုင်ပွဲနှင့် ယူ-၁၉ လိဂ်ပြိုင်ပွဲနှစ်ခုသာ ကျင်းပတော့မည်ဖြစ်သည်။ ယင်းအတွက်ကြောင့် ကစားသမားများအနေဖြင့် တစ်ရာသီလျှင် ပွဲ ၄၀ နီးပါး ကစားခွင့်ရရှိတော့မည်ဖြစ်သည်။ ၂၀၂၀ ရာသီ MNL ပြိုင်ပွဲတွင် ၁၂ သင်း၊ MNL-2 ပြိုင်ပွဲတွင် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL-2 တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အသင်းသည် လူငယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်သော်လည်း ယူ-၁၉ လိဂ်တွင် မြန်မာယူ-၁၆ လူငယ်လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် လူငယ်လိဂ်ပြိုင်ပွဲများအနက် ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ၁၉ သင်း၊ ယူ-၁၉ လိဂ်ပြိုင်ပွဲတွင်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍




၂၀၁၉ ရာသီ MNL ယူ-၁၉ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း။ ဓာတ်ပုံ-စိုးညွန့်







**အများအားဖြင့် သာယာ**

နေပြည်တော်  ဇန်နဝါရီ ၇

နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မိုး/ဇလ**

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့

# အသစ်ထွက်ပေါ်လာတဲ့ မင်းဓမ္မဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း



◆ ဇင်လင်းမြင့်၊ ဓာတ်ပုံ - ကေဇင်

အိမ်ရာစီမံကိန်းတွေ အများအပြားဖော်ဆောင်နေတဲ့ ရန်ကုန်မြို့မှာ ပြည်သူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းတွေဟာ အရင်က ထက်မတူအောင် ထွက်ပေါ်လာနေပြီဖြစ်ပါတယ်။ ဝင်ငွေနဲ့ တိုက်ခန်းဝယ်လိုအား ချိန်ဆမှုတွေရှိနေတာကြောင့် အိမ်ရာတိုက်ခန်း ဝယ်ယူမှုတွေ အားနည်းနေပေမယ့် နေစရာအိမ်အခက်အခဲရှိနေတဲ့သူတွေအတွက်တော့ အိမ်ပိုင်ဆိုင်ရေးဟာ အရင်ကထက်တော့ ပိုမိုနီးကပ်လာခဲ့ပြီဖြစ်ပါတယ်။ အခုလည်း ရန်ကုန်မြို့မှာ အိမ်ရာစီမံကိန်းအသစ်တစ်ခု ဖြစ်တဲ့ မင်းဓမ္မဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းဟာ ထွက်ပေါ်လာခဲ့ပြီဖြစ်ပါတယ်။

ရန်ကုန်မြို့ လှိုင်မြို့နယ် မင်းဓမ္မလမ်းနဲ့ ပါရမီလမ်းထောင့်မှာရှိတဲ့နေရာမှာ အဲဒီအိမ်ရာစီမံကိန်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလက စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ Myanmar Imperial Vega ကုမ္ပဏီတို့ပူးပေါင်းပြီး အကောင်အထည်ဖော်

အချပ်ပို (၈) သို့

**မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းမှာ ပြီးစီးသွားတာက မင်းဓမ္မပညာ့ရိပ်သာ ဆရာ ဆရာမများအိမ်ရာ၊ လှိုင်ပညာ့ရိပ်သာဝန်ထမ်းအိမ်ရာနဲ့ သိပ္ပံပစ္စည်းစက်ရုံသစ်တွေပဲ ဖြစ်ပါတယ်။ ဒီအိမ်ရာတွေမှာ ပညာရေးဝန်ထမ်းတွေအတွက်လည်း နေထိုင်ခွင့်ရတဲ့ တိုက်ခန်းတွေပါဝင်**

# ရန်ကုန်မြို့နေရာတိုင်းမှာ လမ်းမီးတိုင်တွေ ထိန်ထိန်လင်းစေဖို့



**ဝေယံဦး**

ရန်ကုန် မြို့ထဲကနေ ညနေပိုင်းမှာ ကိစ္စတစ်ခုရှိတာနဲ့ ပြည်လမ်းကနေပြီး ထောက်ကြန့်ဘက်ကို ကားနဲ့ထွက်လာခဲ့ပါတယ်။ ထူးထူးခြားခြား ပြည်လမ်းတစ်လျှောက်မှာ ထိန်ထိန်လင်းနေတဲ့ လျှပ်စစ်မီးတိုင်တွေ တွေ့ရှိရတာမို့ ညအမှောင်မှာ မြင်ကွင်းကထူးခြားလို့နေပါတယ်။ အရင်ကဆိုရင် ဒီလမ်းတစ်လျှောက်နေရာအတော်များများမှာ လျှပ်စစ်မီးတိုင်တွေ နည်းပါးနေတာမို့ သွားလာရတာ အဆင်မပြေပါဘူး။ အခုတော့ မြင်ကွင်းက ပြောင်းသွားတာကြောင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း လမ်းမကြီးတွေမှာ လျှပ်စစ်မီးတိုင်တွေ စိုက်ထူသွားမယ်ဆိုတဲ့ သတင်းဟာ စတင် အကောင်အထည်ဖော်နေပြီဆိုတာ သတိပြုမိသွားပါတယ်။

"ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ အဓိကလမ်းမကြီးတွေဖြစ်တဲ့ ထောက်ကြန့်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ အင်းစိန်နဲ့ ထန်းတပင်မြို့နယ်ကြီးတွေမှာရှိတဲ့ အဓိကလမ်းမကြီးတွေမှာ လျှပ်စစ်မီးတွေ ထွန်းလင်းနိုင်ဖို့ ရှေ့ပြေးစီမံချက်အနေနဲ့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် မြောက်ပိုင်းခရိုင်မှာဆိုရင် ထောက်ကြန့်မြို့နယ်ဟာ ပြည်ဘက်၊ ပဲခူးဘက်ကဝင်လာတဲ့လမ်းရှိသလို ရန်ကုန်-နေပြည်တော်

အချပ်ပို (၈) သို့

# လေဆိပ်ဝန်းကျင်သန့်ရှင်းသာယာလှပဖို့ ဝိုင်းဝန်းလက်တွဲဖော်ဆောင်စို့

**သစ္စာ၊ ဓာတ်ပုံ - အောင်သန်းဦး**


**နိုင်ငံ**တစ်နိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍတွင် လေကြောင်းပို့ဆောင်ရေးအောင်မြင်မှုသည် ထိုနိုင်ငံ၏ပြည်ပခရီးသွားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပြသခြင်းပင်ဖြစ်သည်။ မြန်မာပြည်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့သည် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးတည်ရှိရာ မြို့ကြီးဖြစ်သောကြောင့် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု အများဆုံးမြို့တော်လည်းဖြစ်သည်။

ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်ကြီးအား နိုင်ငံတကာလေဆိပ်ကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခဲ့ရာ ယနေ့ ရန်ကုန်မြို့၏ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသည် မြန်မာပြည်၏ ဂုဏ်ယူဖွယ်ရာ လေဆိပ်ကြီးတစ်ခုအဖြစ် တွေ့မြင်ရပြီး အရှေ့တောင်အာရှတွင်ရှိသော လေဆိပ်များတွင် နိုင်ငံခြားခရီးသွားများ အသိအမှတ်ပြုရာ လေဆိပ်ကြီးတစ်ခုအဖြစ် ဂုဏ်သတင်း သင်းပျံ့လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ် အဝင်လမ်းတစ်လျှောက်မှာ နိုင်လွန်ကတ္တရာလမ်းခင်းကျင်းထားပြီး လေဆိပ်အဝင်လမ်းအင်္ဂါနှင့်အညီလှပလျက် ကားလမ်းတစ်လျှောက်မှာလည်း သန့်ရှင်းလှပလျက်ရှိသည်။ ကားလမ်းဝဲ/ယာ လူသွားလမ်းမှာလည်း အရိပ်ရအပင်များဖြင့် လှပလျက်ရှိသည်။ လေဆိပ်ရှေ့တွင် ယာဉ်ရပ်နားဝင်းကြီးကို တည်ဆောက်ထားသောကြောင့် လေဆိပ်အလှနှင့် ပနံသင့်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်ပါက ဦးစွာ ပြည်တွင်း ဆိုက်ရောက်/



ပြည်ပဆိုက်ရောက်/ထွက်ခွာရာ ဝင်ပေါက်ရှေ့ကားလမ်းတွင် လေဆိပ်ခရီးသွားများကို ပို့ဆောင်ပေးလျက်ရှိသော YBS ယာဉ်လိုင်းကားများ။



ရန်ကုန်လေဆိပ်ကြီး၏ လူကူးပေါင်းကူးတံတားကြီးကို တွေ့ရစဉ်။

ထွက်ခွာရာ လေဆိပ်ပေါက်ကိုတွေ့ရမည်ဖြစ်ပြီး ယင်းနှင့်ကပ်လျက်တွင် ပြည်ပဆိုက်ရောက်/ ထွက်ခွာရာ လေဆိပ်ကိုတစ်ဆက်တည်း တွေ့မြင်ရမည်ဖြစ်သည်။

**ရန်ကုန်မြို့ပြ၏ ခရီးသွားပို့ဆောင်ရေး**

ယင်းရှေ့တွင် လေဆိပ်မှ ခရီးသွားများ ယာဉ်ရပ်နားဝင်းသို့ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရန် လူကူးခုံးကျော်ပေါင်းကူးတံတားကြီးကို လေဆိပ်အလှနှင့် လိုက်ဖက်ညီစွာ တည်ဆောက်ထားလျက်ရှိသည်။ ပြည်ပဆိုက်ရောက်/ထွက်ခွာရာ ဝင်ပေါက်ရှေ့တွင်ရှိသော ကားလမ်းမကြီးပေါ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ရန်ကုန်မြို့တွင်းသို့ လွယ်ကူမြန်ဆန်စွာသွားလာနိုင်ရန် လေဆိပ်-ဆူးလေ YBS မှန်လုံယာဉ်လိုင်းမှ စောင့်ဆိုင်းပြေးဆွဲလျက်ရှိရာ လေဆိပ်ခရီးသွားများအနေဖြင့် ခရီးသွားလာမှုအဆင်ပြေ ချောမွေ့လျက်ရှိပြီး လေဆိပ်ပို့ဆောင်ရေးကဏ္ဍနှင့် ရန်ကုန်မြို့ပြ၏ ခရီးသွားပို့ဆောင်ရေး ကဏ္ဍတို့မှာ ဟန်ချက်ညီလျက်ရှိသည်။

တစ်ချိန်က မင်္ဂလာဒုံလေဆိပ်နှင့် ယနေ့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးမှာ ပြောင်းလဲခြင်းများစွာဖြင့် တိုးတက်ပြောင်းလဲလာသော အသီးအပွင့်ကို ယနေ့ ရန်ကုန်မြို့နေပြည်သူများ ခံစားရရှိလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှုပုံရိပ်ကို လေဆိပ်အဆောက်အဦမှ ထွက်ခွာသည်နှင့် တွေ့မြင်ရသည်မှာ နိုင်ငံသားတိုင်းအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ အထူးသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသည် မြန်မာနိုင်ငံ လျင်မြန်စွာပြောင်းလဲတိုးတက်လာမှုကိုတွေ့မြင်ရသော ရှေ့ဦးပြယုဂ်တစ်ခုဆိုလျှင်လည်း မမှားပေ။

သို့သော် မြင်ကွင်းအချို့က မတင့်တယ်လှသည်ကို တွေ့ရသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး ပြည်တွင်း ဆိုက်ရောက်/ ထွက်ခွာရာ ဝင်ပေါက် အဆောက်အဦထိပ် လူသွားလမ်းပေါ်တွင် နေ့စဉ်ရောင်းချလျက်ရှိသည့် ဈေးသည်များကို တွေ့မြင်ရမည်ဖြစ်သည်။ လေဆိပ်၏ ပြည်တွင်း ဆိုက်ရောက်/ ထွက်ခွာရာ ဝင်ပေါက်နှင့် ကပ်လျက် ကားလမ်းပေါ်တွင် အငှားယာဉ်များ ရပ်တန့်လူခေါ်လျက်ရှိသည့်နည်းတူ အဖြူ၊ အနီခြယ်သထားသော လူသွားလမ်းပလက်ဖောင်းတစ်လျှောက်တွင်လည်း ယာဉ်များရပ်တန့်ထားသောကြောင့် ခရီးသည်များကို လာရောက်ကြိုဆိုကြသည့် ပြည်သူတို့အနေဖြင့် အခက်အခဲ ရှိစေလျက်ရှိသည်။ လေဆိပ်ရှေ့တွင်ရှိသော ကားလမ်းမကြီးတွင်လည်း မည်သည့်အကြောင်းနှင့်မျှ ယာဉ်များရပ်တန့်ခြင်းမပြုရန် စာရေးသားဖော်ပြထားသော်လည်း ယာဉ်များ ရပ်တန့်ပြေးဆွဲသောကြောင့် လေဆိပ်လမ်းမကြီးပေါ်တွင် သွားလာသော ယာဉ်များအတွက် အခက်အခဲများစွာရှိနေ လျက်ရှိသည်။

လေဆိပ်ထွက်ပေါက် ပေါင်းမိုးအောက်တွင်ရှိသော ခရီးသည်ကြို/ပို့ကားလမ်းပေါ်တွင် အငှားယာဉ်နှင့် အိမ်စီးယာဉ်များ ရပ်တန့်ထားမှုသည် လေဆိပ်ကြီး၏ ဝင်လမ်း၊ ထွက်လမ်းကို အနှောင့်အယှက်ဖြစ်စေလျက်ရှိသည်။ ဝီစီသံဖြင့် ရှင်းလင်းဆောင်ရွက်နေသော်လည်း ဂရုပြုမှုမရှိဘဲ ယာဉ်များ ရပ်တန့်ထားလျက်ရှိသည်။ သတ်မှတ်ထားသောကားဝင်းတွင် စည်းကမ်းရှိစွာ စောင့်ဆိုင်းထားရှိခြင်းသည် လေဆိပ်ကြီး၏ တင့်တယ်လှပမှုကို ဂုဏ်ပြုရာရောက်စေသည့်အပြင် နိုင်ငံသားတစ်ဦးအနေဖြင့် သတ်မှတ်စည်းကမ်းကို လေးစားလိုက်နာရာရောက်စေသည်။

**လမ်းပေါ်မှကွမ်းတံတွေးများ**

ပြည်တွင်း ဆိုက်ရောက်/ ထွက်ခွာရာ ဝင်ပေါက်ကားလမ်းပေါ်နှင့် ပလက်ဖောင်းပေါ်တွင်လည်းကောင်း၊ လေဆိပ်ရှေ့ကားလမ်းပေါ်နှင့် ပလက်ဖောင်းပေါ်တွင် လည်းကောင်း၊ ပြည်ပဆိုက်ရောက်/ ထွက်ခွာရာဝင်ပေါက်အနီး ပေါင်းမိုးအောက်ကားလမ်းနှင့် ပလက်ဖောင်းတွင် လည်းကောင်း၊ လေဆိပ်ရှေ့ ကားလမ်းမနှင့် လူသွားလမ်းပလက်ဖောင်းပေါ်တို့တွင် လည်းကောင်း ကွမ်းတံတွေးများ နီလျက်ရှိနေသည်ကို တွေ့မြင်ရသည်မှာ မြန်မာပြည်၏အထင်ကရ ရန်ကုန်လေဆိပ်ကြီးအတွက် စိတ်မကောင်းဖွယ်၊ မတင့်တယ်ဖွယ်ရာဖြစ်သည်။

ရန်ကုန်မြို့တွင်း ကားလမ်းမကြီးများပေါ်တွင်သာမက လေဆိပ်အဆောက်အဦ ကားလမ်းမနှင့် ပလက်ဖောင်းပေါ်တို့တွင် ကွမ်းတံတွေးများ နီလျက်ရှိနေသည်မှာ မိမိမြို့ပြ၏အလှကို ကိုယ်တိုင်ဖျက်ဆီးရာရောက်စေလျက်ရှိသည်။ လမ်းပေါ်တွင် ပစ်ချလိုက်သောကွမ်းတံတွေးထုပ်နှင့် ထွေးလိုက်သော ကွမ်းတံတွေးတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးနှင့် အလှမ်းဝေးနေမှုကို ထိုလမ်းမများပေါ်က ပြသလျက်ရှိသည်။ ကွမ်းတံတွေးနှင့်အတူ ကားလမ်းပေါ်သို့ ပစ်ချလိုက်သော အမှိုက်များမှာလည်း ထို့နည်းတူပင်ဖြစ်သည်။

မြို့ပြများ အသီးသီးသန့်ရှင်းသာယာလှပပြီး အေးချမ်းသာယာပါက မြန်မာပြည်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြို့တိုင်းတွင် ထိုမြို့အတွက် ဂုဏ်ယူဖွယ်ပြယုဂ်များရှိနေသောကြောင့် မိမိတို့မြို့၏ဂုဏ်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ထိုမြို့၏ဂုဏ်သည် ထိုနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံများသို့ သင်းပျံ့စေမည်ဖြစ်သည်။ စည်းကမ်းလိုက်နာခြင်းသည် တိုင်းပြည်ချစ်စိတ်ရှိခြင်းပင်ဖြစ်သည်။ နိုင်ငံ၏ဂုဏ်ကိုထိခိုက်စေခြင်းကို နိုင်ငံသားတစ်ဦးအနေဖြင့် ရှောင်ကြဉ်ရမည်သာဖြစ်သည်။

**လေဆိပ်ဝန်းကျင်သာယာရေးပူးပေါင်း**

ယနေ့ရန်ကုန်မြို့သည် ဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးမြို့တစ်မြို့အဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ထို့နည်းတူ ရန်ကုန်လေဆိပ်ကြီးမှာလည်း ရန်ကုန်မြို့နှင့် ဟန်ချက်ညီစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတကာလေဆိပ်ကြီး သန့်ရှင်းသာယာလှပရန် ဖော်ဆောင်နေမှုကို မြန်မာပြည်သူ ပြည်သားအပေါင်း အသိအမှတ်ပြု ဂုဏ်ယူရမည်ဖြစ်ပြီး လေဆိပ်ရှေ့မှ ကားလမ်းနှင့် လူသွားလမ်းပလက်ဖောင်းများတွင် ကွမ်းတံတွေးများကင်းစင်ရန်နှင့် လေဆိပ်ဝန်းကျင် သန့်ရှင်းသာယာလှပရန် ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်ကြပါစို့ဟု ရေးသားလိုက်ရပါသည်။ ။



လေဆိပ်ရှေ့ကားလမ်းပေါ်တွင် တွေ့ရသည့် ကွမ်းတံတွေးများ။

**ရန်ကုန်မြို့နေရာတိုင်းမှာ လမ်းမီးတိုင်တွေ ထိန်ထိန်လင်းစေဖို့...မှ**


အမြန်လမ်းက ဝင်လာတာလည်းရှိတယ်။ အဲဒီတော့ ဒီလမ်းကြီးတွေကို အရင်ဆုံး လင်းအောင် လုပ်ရမယ်ဆိုပြီး ထောက်ကြန့် ဆိုရင် ထောက်ကြန့်လမ်းမကြီးကို မီးလင်းအောင် ဆောင်ရွက်ပါတယ်။ ပြီးတော့ အမှတ်(၃)လမ်းမကြီး အဝေးပြေး၊ မြောက်ဥက္ကလာပ အထိသွားတဲ့လမ်းမကြီးဆိုလည်း လျှပ်စစ်မီးလင်းအောင်နဲ့ လှိုင်သာယာမြို့နယ်မှာလည်း လူဦးရေထူထပ်တဲ့အတွက် အဓိကလမ်းမတွေမှာ လျှပ်စစ်မီးလင်းအောင် ဦးစားပေးဆောင်ရွက်တာဟာ ၉၅ ရာခိုင်နှုန်းလောက် လင်းနေပြီဖြစ်ပါတယ်” လို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ပြောထားပါတယ်။

**လမ်းမီးထွန်းထားမှုအားနည်း**

ရန်ကုန်မြို့ကို နိုင်ငံတကာမြို့ကြီးတွေလို လျှပ်စစ်မီးတွေ ထွန်းနိုင်အောင်၊ လမ်းမကြီးတိုင်း အလင်းအားကောင်းမွန်ပြီး အမြင်တင့်တယ်တဲ့ လျှပ်စစ်မီးတိုင်တွေ စိုက်ထူနိုင်အောင်၊ မီးလုံးအလှတွေတပ်ဆင်နိုင်အောင် တိုင်းဒေသကြီးအစိုးရကြီးကြပ်မှုနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အရင်က ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးလမ်းတွေမှာ လမ်းမီးတိုင်တွေ ထွန်းထားမှုအားနည်းခဲ့ပါတယ်။ ရန်ကုန်-ပြည်လမ်းမှာဆိုရင် အရင်က မီးတိုင် ၄၆ လုံးပဲ တပ်ဆင်ထားတာဖြစ်တဲ့အတွက် ထောက် ကြန့်ဘက်မှာရော အမှတ်(၃)လမ်းမ ဘက်မှာရော မှောင်နေတာဖြစ်ပါတယ်။

“ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဘတ်ဂျက်လွှဲပေးတဲ့အချိန်မှာ ကျပ် ၁ ဒသမ ၀၈ မီလီယံကို (Deposit Point) အနေနဲ့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို လွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒီ လွှဲပြောင်းပေးတဲ့အပေါ်မူတည်ပြီးတော့ ဒီလမ်းမကြီးတွေကို တင်ဒါခေါ်ယူပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ထွန်းညှိခဲ့ပါတယ်။ မီးသီး စုစုပေါင်း အလုံး ၅၀၀၀ ဖြစ်ပြီး ၆၀ ဝပ်၊ ၁၀၀ ဝပ်၊ ၁၅၀ ဝပ်အား မီးသီးတွေဖြစ်ပါတယ်။ အဲဒီမီးသီးတွေအားလုံး ထွန်းညှိပေးခဲ့ပြီးဖြစ်ပါတယ်”ဟု ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ဆက်လက်ပြောပါတယ်။

**“ရန်ကုန်မြို့ကို နိုင်ငံတကာမြို့ကြီးတွေလို လျှပ်စစ်မီးတွေ ထွန်းနိုင်အောင်၊ လမ်းမကြီးတိုင်း အလင်းအားကောင်းမွန်ပြီး အမြင်တင့်တယ်တဲ့ လျှပ်စစ်မီးတိုင်တွေ စိုက်ထူနိုင်အောင်၊ မီးလုံးအလှတွေတပ်ဆင်နိုင်အောင် တိုင်းဒေသကြီးအစိုးရကြီးကြပ်မှုနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်”**



ပြည်သူတွေ စိတ်ချမ်းသာစွာ သွားလာနိုင်ဖို့နဲ့ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အဓိကလမ်းမကြီးတွေမှာ မီးတိုင်တွေ ဆောင်ရွက်ပေးထားတာဟာ လျှပ်စစ်ကို ပြည်သူတွေအတွက် ပိုမိုသုံးစွဲနိုင်ခြင်းအဖြစ် လက်တွေ့ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။ ပြည်သူများ နေ့စဉ်သွားလာနေတဲ့ လမ်းမကြီးတွေမှာ ညဘက်ယာဉ်အန္တရာယ်နဲ့ အခြားမမြင်နိုင်တဲ့ အန္တရာယ်တွေက ကင်းဝေးစေဖို့အတွက် လမ်းမီးတိုင်တွေ ထိန်လင်းနေဖို့ အထူးလိုအပ်တာတော့ အမှန်ပါပဲ။

**လုယက်မှုခံရတာတွေ ကြုံတွေ့**

“မင်္ဂလာဒုံမြို့နယ်ရဲ့ ပြည်လမ်းမှာပေါ့။ ပြည်လမ်းမှာဆိုရင် ကျွန်မတို့ ညဘက်အခြမ်းမှာ လမ်းမီးတိုင်က အားလုံးပေါင်းမှ ၄၆ တိုင်နဲ့ လမ်းမီးတိုင်မီးလုံးက ၄၆ လုံးပဲ ရှိသေးတယ်။ အမှတ်(၃) လမ်းမကြီးမှာဆိုရင် မီးတိုင်မရှိခဲ့တဲ့အချိန်မှာ နေ့စဉ်တိုင်းလိုလို လမ်းသွားလမ်းလာ ပြည်သူတွေအနေနဲ့ လုယက်မှုခံရတာတွေ ကြုံတွေ့ခဲ့ကြရတယ်” လို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမိုးက ပြောပြပါတယ်။

**ညဘက်မီးလင်းဖို့ ပြည်သူတွေလိုလား**

ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်လို့ ခေါ်ဝေါ်နေကြသလို စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုဇုန်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်ရုံအလုပ်ရုံတွေ၊ အထပ်မြင့်ဟိုတယ်တွေနဲ့ ရှော့ပင်းမောကြီးတွေ တည်ရှိနေတာဖြစ်လို့ နေ့ရောညပါ သွားလာလှုပ်ရှားမှုတွေ၊ ရောင်းဝယ်ဖောက်ကားမှုတွေ ရှိနေတာဖြစ်ပါတယ်။ အချိန်နဲ့အမျှ စီးပွားရေးအလုပ်အကိုင်၊ လူမှုရေး၊ ကျန်းမာရေးတွေကအစ နေ့ညမရွေးသွားလာကြတဲ့အခါ လမ်းမီးတိုင်တွေဟာ မဖြစ်မနေထွန်းလင်းနေဖို့၊ နေရာအနှံ့ ဆင်ခြေဖုံးမြို့နယ်တွေအထိ လမ်းမကြီးတွေပါမကျန် မီးတိုင်တွေ မီးလင်းနေဖို့တော့ ပြည်သူတွေ လိုလားနေကြတာ ဖြစ်ပါတယ်။

“အရင်က လမ်းမီးတွေမရှိတော့ ပြည်လမ်းမကြီးမှာ မှောင်နေတယ်။ ကားမောင်းရတာ အဆင်မပြေဘူး။ မိုးရွာရင် ပိုဆိုးတယ်။ တစ်ခါတလေ လူတွေက ဖြတ်ပြေးတယ်။ ဆိုင်ကယ်တွေဖြတ်မောင်းတယ်။ လမ်းမီးမရှိတော့ ရုတ်တရက် အဝေးက လှမ်းပြီးမမြင်ရဘူး။ ကျွန်တော်တို့ တက္ကစီသမားတွေ ယာဉ်တိုက်မှုတွေကြုံရတယ်။ အန္တရာယ်များတယ်။ အခုလို လမ်းမီးတိုင်တွေ များများစိုက်ထူပေးစေချင်ပါတယ်” လို့ တက္ကစီယာဉ်မောင်း ဦးမောင်ဝင်းက ပြောပြပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း ထောက်ကြန့်လမ်းမကြီးမှာ မီးတိုင်များ ထွန်းလင်းပေးထားနိုင်ပြီ ဖြစ်သလို အမှတ်(၃) လမ်းမကြီးကိုလည်း မီးတိုင်များ ထွန်းညှိပေးထားပြီး ဖြစ်ပါတယ်။ ယခုအခါ အောင်မင်္ဂလာအဝေးပြေးဂိတ်၊ မြောက်ဥက္ကလာပအထိသွားတဲ့ လမ်းမကြီးမှာလည်း မီးတိုင်များ မီးလင်းအောင် ဖော်ဆောင်နေပြီဖြစ်ပါတယ်။

“လမ်းမီးတိုင်တွေ မီးလင်းတော့ သွားလာရတာ အဆင်ပြေလာတယ်။ ရာသီဥတုကောင်းတဲ့အချိန်မှာ ညဘက်ဆိုရင်တောင် ပလက်ဖောင်းကလည်း ကောင်းလာတော့ လမ်းလျှောက်ထွက်ရင်လည်း ထွက်နိုင်တယ်။ ခိုးဆိုးလုယက်မယ့်သူတွေ အတွက်လည်း အဟန့်အတားဖြစ်စေတာပေါ့၊ နောက်ပြီး မဖြစ်မနေ လမ်းဖြတ်ကူးတဲ့အခါဆိုရင်လည်း မီးတိုင်တွေရှိတော့ လွတ်ကင်းရာ လွတ်ကင်းကြောင်း ကြည့်ရှုကူးနိုင်တာပေါ့” လို့ ထောက်ကြန့်မြို့မှာနေထိုင်တဲ့ ဦးမောင်သန်းက ပြောပြပါတယ်။

လမ်းမီးတိုင်တွေ ဆက်လက်ဆောင်ရွက်ဖို့ ကြိုးစားနေပြီး ထောက်ကြန့်မြို့နယ်မှာဆိုရင် တိုးချဲ့ဖော်ဆောင်ဖို့ အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ အရင်ကဆိုရင် ထောက်ကြန့်မြို့နယ်ရဲ့ လမ်းမတွေ အတော်များများဟာ လမ်းမီးတိုင်ထွန်းညှိနိုင်မှု အားနည်းချက်တွေ ရှိခဲ့ပါတယ်။

**ဖျက်ဆီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်း**

“ထောက်ကြန့်မြို့နယ်ရဲ့ ဘိုခြံလမ်းမှာလည်း ထပ်ပြီး လမ်းမီးတိုင်တွေ ဆက်လက်ထွန်းညှိသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ မြို့ရှောင်လမ်း မိုင်တိုင်အစကနေပြီးတော့ ထောက်ကြန့်လမ်းဆုံအဝင်အထိကိုလည်း လမ်းမီးတွေကို ဆက်လက်ထွန်းညှိသွားပါ့မယ်။ ပြည်သူတွေအနေနဲ့ အခုလို ထွန်းလင်းပေးထားတဲ့လမ်းမီးတွေကို အခြားမသမာသူတွေ ဖျက်ဆီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်” လို့ ထောက်ကြန့်မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနိုင်လင်းအောင်က ပြောပြပါတယ်။

အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ အဓိကလမ်းမကြီးတွေမှာ ညဘက်ဆိုရင် မီးလုံးတွေ တပ်ဆင်ထားတဲ့လမ်းမီးတွေနဲ့ ထိန်ထိန်လင်းနေတာတွေ တွေ့မြင်ရပြီ ဖြစ်ပါတယ်။ ဒီလိုပဲ ရန်ကုန်မြို့ရဲ့ အခြားဆင်ခြေဖုံးမြို့နယ်တွေမှာ လမ်းမီးတွေ ထိန်ထိန်ညီးညီး သာသာယာယာ ရှိနေရင် နေထိုင်ရေး၊ သွားလာရေးနဲ့ စီးပွားရေးတွေလည်း လုပ်ကိုင်ရတာ အဆင်ပြေလာပါလိမ့်မယ်လို့ ယုံကြည်မှုနဲ့အတူ မျှော်လင့်ချက်တွေလည်း ဖြစ်ပေါ်နေတာတော့ အမှန်ပါပဲ။ ။

**အသစ်ထွက်ပေါ်လာတဲ့ မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း... မှ**

တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် အဲဒီအိမ်ရာစီမံကိန်းနဲ့ အဓိကတည်ဆောက်ရေးအစိတ်အပိုင်းအများအပြားပြီးစီးခဲ့လို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**နေထိုင်ရေးအဆင်ပြေစေဖို့**

ထူးခြားတာကတော့ အဲဒီမင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းမှာ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားတဲ့ အိမ်ရာတိုက်ခန်းတွေကို ပညာရေးဝန်ကြီးဌာနရဲ့ တက္ကသိုလ် ဆရာဆရာမတွေအတွက် နေထိုင်ခွင့်ပေးမယ့်အစီအစဉ်ပဲဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တက္ကသိုလ် ဆရာ ဆရာမတွေအနေနဲ့ ရန်ကုန်မှာ တာဝန်ဆောင်နေတဲ့ကာလမှာ နေထိုင်ရေးအဆင်ပြေစေဖို့ ဖြစ်တယ်လို့ ဆိုပါတယ်။

မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းမှာ ပြီးစီးသွားတာက မင်းဓမ္မပညာ့ရိပ်သာ ဆရာဆရာမများ အိမ်ရာ၊ လှိုင်ပညာ့ရိပ်သာဝန်ထမ်းအိမ်ရာနဲ့ သိပ္ပံပစ္စည်းစက်ရုံသစ်တွေပဲ ဖြစ်ပါတယ်။ ဒီအိမ်ရာတွေမှာ ပညာရေးဝန်ထမ်းတွေအတွက်လည်း နေထိုင်ခွင့်ရတဲ့ တိုက်ခန်းတွေ ပါဝင်ပါတယ်။

မင်းဓမ္မပညာ့ရိပ်သာမှာတော့ ဆရာဆရာမတွေအတွက် အကျယ်စတုရန်းပေ ၁၂၀၀ ရှိတဲ့ အိမ်ခန်းပေါင်း ၇၈၈ ခန်းပါဝင်သလို အကျယ်အဝန်းစတုရန်းပေ ၈၀၀ ရှိတဲ့ အိမ်ခန်းပေါင်း ၁၁၂ ခန်းလည်း ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒါကြောင့် မင်းဓမ္မပညာ့ရိပ်သာမှာ အိမ်ခန်းစုစုပေါင်း ၉၀၀ ပါဝင်တဲ့ ၁၂ ထပ်တိုက်ကိုးလုံးနဲ့ ရှစ်ထပ်တိုက် အဆောက်အအုံနှစ်လုံး ပါဝင်နေပါတယ်။ ဒါ့အပြင် အဲဒီမှာ ကားပါကင်အဆောက်အအုံ၊ ရေကူးကန်နဲ့ အားကစားခန်းမ၊ ကွန်မြူနတီစင်တာအပြင် ဈေးအဆောက်အအုံနှစ်လုံးလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။

**အဆင့်အတန်းရှိရှိ နေထိုင်နိုင်မှာဖြစ်**

ဒါကြောင့်မို့ မင်းဓမ္မပညာ့ရိပ်သာမှာ နေထိုင်ကြမယ့် ဆရာ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်းတွေအတွက်ကတော့ လူနေမှုအဆင့်အတန်းရှိရှိ နေထိုင်နိုင်မှာဖြစ်ပါတယ်။ သန့်ရှင်းသပ်ရပ်တဲ့လမ်းတွေ၊ အထပ်မြင့်အဆောက်အအုံတွေ၊ ဈေးဝယ်စင်တာနဲ့ သွားလာရေးအဆင်ပြေမှုတွေက နေထိုင်တဲ့ ပညာရေးဝန်ထမ်းတွေအတွက်တော့ ကောင်းမွန်တဲ့ လူမှုဘဝဝန်းကျင်တစ်ခုကို ရရှိစေမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကားပါကင်ထားဖို့ အဆောက်အအုံလည်း ထည့်သွင်းထားတာကြောင့် မော်တော်ယာဉ်တွေ စနစ်တကျရပ်နားနိုင်တဲ့ အခွင့်အရေးလည်း ရှိနေပါတယ်။ လမ်းတွေပေါ်မှာ မော်တော်ယာဉ်တွေ ညအိပ်ရပ်ထားစရာမလိုတာမို့ သတ်မှတ်တဲ့ငွေကြေးနဲ့အတူ အဆင်ပြေစွာနဲ့ ကိုယ်ပိုင်ကားတွေ၊ ရုံးကားတွေထားရှိနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ အထပ်မြင့်အိမ်ရာ အဆောက်အအုံတွေရဲ့ အဓိက စိန်ခေါ်မှုအဖြစ်ရှိနေတဲ့ ကားပါကင်နေရာအခက်အခဲကိုလည်း တစ်ခါတလေ ဖြေရှင်းပေးတဲ့အနေနဲ့ ထည့်သွင်းတည်ဆောက်ထားတာဟာ ယာဉ်မတော်တဆဖြစ်မှုတွေအပြင် လမ်းပိတ်ဆို့မှုကိုလည်း ကင်းရှင်းစေမှာ ဖြစ်ပါတယ်။

**အခန်းပေါင်း ၅၂၀ ပါဝင်**

မင်းဓမ္မဥယျာဉ်အိမ်ရာ စီမံကိန်းမှာပါဝင်တဲ့ လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာမှာတော့ ဆရာ ဆရာမတွေအတွက် အခန်းအကျယ် စတုရန်းပေ ၁၈၀၀ ရှိတဲ့အခန်းတွေ၊ အခန်းအကျယ်စတုရန်းပေ ၉၀၀ ရှိတဲ့အခန်းတွေ၊ အခန်းအကျယ် စတုရန်းပေ ၆၀၀ ရှိတဲ့အခန်းတွေ ပါဝင်ပါတယ်။ အဲဒီအိမ်ရာမှာတော့ အခန်းပေါင်း ၅၂၀ ပါဝင်တည်ဆောက်ထားတာ ဖြစ်ပါတယ်။

ဒီလိုတည်ဆောက်တဲ့အခါ လောလောဆယ်မှာတော့ အခန်းပေါင်း ၅၂၀ ပါဝင်တဲ့ ရှစ်ထပ်တိုက်ခုနစ်လုံး အပြီးအစီး တည်ဆောက်ရမှာဖြစ်ပေမယ့် လက်ရှိမှာ ရှစ်ထပ်တိုက်သုံးလုံး တည်ဆောက်ပြီးဖြစ်လို့ အိမ်ခန်းပေါင်း ၁၈၄ ခန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့အခန်းတွေ ထပ်မံထွက်ပေါ်လာဖို့ ရှစ်ထပ်တိုက်အဆောက်အအုံတွေကိုဆက်လက်တည်ဆောက်နေပါတယ်။

ဒါ့အပြင် အဲဒီလှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာမှာ လေးထပ်တိုက်ကွန်မြူနတီစင်တာတစ်လုံး၊ မြေအောက်ထပ်အပါအဝင် သုံးထပ်သိပ္ပံပစ္စည်း စက်ရုံတစ်ရုံ တည်ဆောက်ပြီးစီးနေပြီဖြစ်လို့ ဖွင့်လှစ်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ အဲဒီ လှိုင်ပညာ့ရိပ်သာ ဝန်ထမ်းအိမ်ရာမှာ ဆရာ ဆရာမတွေအနေနဲ့ စိတ်အေးချမ်းသာစွာနေထိုင်ပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ နိုင်ငံတော်က ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။

မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းမှာ ပါဝင်တဲ့ ပါရမီပညာ့ရိပ်သာ(၁)မှာတော့ အိမ်ခန်းအကျယ်အဝန်း စတုရန်းပေ ၃၆၀၀ ရှိပြီး အိမ်ခန်း ၁၀ ခန်း ပါဝင်တဲ့ နှစ်ခန်းတွဲ ငါးထပ်တိုက် အဆောက်အအုံတစ်လုံး၊ သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်မယ့် နှစ်ထပ်ခွဲ အဆောက်အအုံနှစ်လုံးတို့ကတော့ ပြီးစီးသွားပြီဖြစ်လို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။

မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းမှာ တည်ဆောက်ဖို့ ကျန်ရှိနေသေးတဲ့ အိမ်ခန်းပေါင်း ၁၂၈၀ ပါဝင်တဲ့ ရှစ်ထပ်တိုက်လေးလုံး၊ ၁၂ ထပ်တိုက် ၁၁ လုံးကို သတ်မှတ်ကာလ ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်တွေမှာ အပြီးတည်ဆောက်ပြီး အပ်နှံနိုင်ဖို့ ကြိုးစားတည်ဆောက်နေပါတယ်။ ဒါကလည်း အချိန်မီပြီးစီးဖို့အတွက် သက်ဆိုင်ရာ အစိုးရဌာနတွေ၊ တည်ဆောက်နေတဲ့ ကုမ္ပဏီတွေက ဆက်လက်အားထည့်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

တကယ်တော့ မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းဟာ ပညာရေးဝန်ကြီးဌာနက လုပ်ငန်းအပ်နှံသူဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်ငန်းကြီးကြပ်စီမံခန့်ခွဲသူအဖြစ် ပါဝင်ကာ ကုမ္ပဏီနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ဒီစီမံကိန်းတစ်ခုလုံးပြီးစီးသွားရင် အဆင့်မြင့်အိမ်ခန်းပေါင်း ၂၄၀၀ ခန့်ရှိလာမှာဖြစ်လို့ အိမ်ရာတိုက်ခန်းနဲ့ပတ်သက်ပြီး အခက်အခဲရှိနေတဲ့ ပညာရေးဝန်ထမ်းတွေအတွက် အဆင်ပြေသွားမှာ ဖြစ်ပါတယ်။

**အိမ်ရာစီမံကိန်းတွေ ဝေဝေဆာဆာရှိနေ**

ရန်ကုန်မြို့မှာ မြို့သစ်စီမံကိန်းတွေ၊ ဥယျာဉ်မြို့တော်စီမံကိန်းသစ်တွေ၊ အထူးစက်မှုဇုန်နဲ့ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းစီမံကိန်းတွေကို နေရာအနှံ့အပြားမှာ ဖော်ဆောင်နေတာမို့ ပြည်သူတွေအတွက် အိမ်ရာစီမံကိန်းတွေကတော့ ဝေဝေဆာဆာရှိနေပြီဖြစ်ပါတယ်။ အခု မင်းဓမ္မဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းကလည်း ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေထဲက အသစ်တွေထွက်ပေါ်လာတဲ့ ပုံရိပ်သစ်တစ်ခုပဲ ဖြစ်ပါတယ်။ ။

# ရန်ကုန်ဒေသထဲက ဂျပန်လမ်း သို့မဟုတ် သန်လျင် – သီလဝါ စီမံကိန်းလမ်း

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ–သန်းဝင်း(သန်လျင်)

အဖေအိပ်ပျော်နေလား...၊ တံတားပေါ်က ဆင်းလာပြီး သန်လျင်–သီလဝါဆိပ်ကမ်း လမ်းမကြီးကို မြင်နေရပြီအဖေ...။

ဦးအောင်ဝေ... ညက မန္တလေး –ရန်ကုန် အဝေးပြေးယာဉ်ကြီးဖြင့် ရန်ကုန်သို့ ပြန်ခဲ့ခြင်းဖြစ်သည်။

မြောက်ဥက္ကလာပ အောင်မင်္ဂလာ အဝေးပြေးကွင်းသို့ နံနက်လင်းအားကြီးချိန်တွင် ရောက်ခဲ့ပြီး သမီးလာကြိုသည့်ကားလေးဖြင့် ပြန်လာခဲ့ရာ လမ်း၌ မှေးခနဲအိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။

မျက်လုံးကိုပွတ်သပ်ပြီး ရှေ့နှင့်ဝဲယာကို ကြည့်မိသည်။ ဝဲယာအားလုံးက ပြောင်းလဲမှုများစွာမရှိပေ။ ရှေ့တွင် မြင်တွေ့နေရသည်က မည်းနက်ရှည်လျားသော မြွေကြီးတစ်ကောင် လမ်းမပေါ်တွင် လဲလျောင်းနေသည့်နှယ်။

သမီးဖုန်းထဲကနေ ပြောပြောနေတာ အခုမှပဲ ကိုယ်တိုင်မြင်ရတော့တယ်။ လမ်းမကြီးက ချောနေတာပဲ။ ကျယ်လည်းအတော်ကျယ်တာပဲ။ "အဖေ သန်လျင်က မသွားခင်နဲ့ အတော့်ကို ပြောင်းလဲသွားတာပဲ"၊ ဦးအောင်ဝေကလည်း ဆောက်လုပ်ရေးဌာနမှ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ တာဝန်အရ မန္တလေးမြို့သို့ သွားရောက်တာဝန်ထမ်းဆောင်နေရသည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်သည်။ လမ်းအနေအထားကိုမြင်၍ အချင်းကိုပါ မှန်းဆပြောခြင်းဖြစ်သည်။

သမီးက "အဖေ အပြောမစောနဲ့ဦး။ သမီးကားပေါ်ကစီးရတဲ့ခံစားမှုကို ခံစားကြည့်ဦး။ ရေသနပ်ဘူးဖွင့်ထားရင်တောင် မဖိတ်ဘူး၊ ငြိမ်နေတာပဲ အဖုအထစ်လှိုင်းဆိုတာ လုံးဝမရှိဘူး။"

သမီးက အဆိုပါ သန်လျင်သီလဝါလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် ကိုယ်တိုင်ပါဝင်ခွင့်ရနေသည့် လူငယ်အင်ဂျင်နီယာ မြောက်မြားစွာထဲက တစ်ဦးဖြစ်သည်။ လူငယ်ပီပီ ကိုယ်တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းအောင်မြင်ခြင်းအပေါ် ဂုဏ်ယူနေခြင်းပင်ဖြစ်သည်။

သီလဝါတံတားအဆင်းမှ သီလဝါစက်မှုဇုန်အထိ ၅ ဒသမ ၄ မိုင် ရှည်လျားသည်။ လမ်းဟောင်းကြီးကို အဆင့်မြှင့် ပြန်တည်ဆောက်ရန်အတွက် ဂျပန်နှင့် မြန်မာတို့ ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်ကတည်းက သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အကျယ်အားဖြင့် ၄၆ ပေရှိမည်ဖြစ်ပြီး လေးလမ်းသွား နိုင်လွန်လမ်းမကြီးဖြစ်သည်။ ၂၀၁၇ ခုနှစ် မြေပြင်စီမံကိန်းစတင်ချိန်၌ ဦးအောင်ဝေ သန်လျင်မြေတွင် မရှိတော့ပေ။

**လျှပ်စစ်မီးကြိုး လမ်းအောက်ကသွား**

သမီးက "ဒီမြေပြင်တည်ဆောက်ခြင်း လုပ်ငန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ရဲ့ အတိုးမဲ့ ချေးငွေဒေါ်လာ ၄၁ ဒသမ ၅၂ သန်း အသုံးပြုခဲ့တာ။ လမ်းဟောင်းကြီးကို အနက် ရှစ်ပေလောက်အထိ ပြန်တူးပစ်တာ၊ မြန်မာတစ်ပြည်လုံး လမ်းဟောင်းတွေ ပြန်ပြင်တဲ့အခါ အဲဒီလောက်အနက်ကို ဘယ်လမ်းမှာမှ ပြန်မတူးခဲ့ဖူးတဲ့။ နောက်ရေပိုက်လိုင်းတွေ၊ ဆက်သွယ်ရေးကြိုးလိုင်းတွေ၊ လျှပ်စစ်မီးကြိုးတွေအားလုံးကို လမ်းအောက်ကနေသွားတဲ့စနစ်နဲ့ လုပ်ထားတာ။ အဲဒီတော့ တိုင်တွေပေါ်မှာ ကြိုးတွေ ရှုပ်ရှုပ်ယှက်ယှက် လုံးဝမရှိတော့ဘူးပေါ့။ မြေအောက်စီမံကိန်းမှာ ချေးငွေနဲ့ သုံးချိုး တစ်ချိုးလောက်ကို အသုံးပြုထားတာတွေ့ ရတယ်အဖေ" ဟု ကားမောင်းလျက် သူ့ အတွေ့အကြုံများကို ပြောသည်။

"စနစ်ကတော့ အတော့်ကိုကောင်းတာ။ လုပ်ငန်းမစတင်ခင်ကတည်းက ပတ်ဝန်းကျင် ထိခိုက်မှုတွက်ချက်ပြီး လမ်းအန္တရာယ် ကင်းရှင်းရေးဒီဇိုင်းကို ဆွဲခဲ့တာ။ နည်းနည်းလေးမှ အလွဲမခံဘူး။ ပတ်ဝန်းကျင်ကိုလည်း အတော်ကို ဂရုစိုက်တာ"ဟု ဆိုသည်။

**လမ်းအရည်အသွေးအဆင့်ဆင့်စစ်ဆေး**

သမီး၏ပြောပြမှုအရ လမ်းအရည်အသွေးကို တည်ဆောက်စဉ်၌ပင် အဆင့်ဆင့် အကဲဖြတ်စစ်ဆေးမှုများရှိခဲ့ပြီး အဆင့်မမီသည့် နေရာအချို့ကို ချက်ချင်းပြန်လည်ပြင်ဆင်ခဲ့သည်ဟု သိရသည်။

သန်လျင်–သီလဝါလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Tekker ကော်ပိုရေးရှင်းနှင့် အကြံပေးအဖြစ် Nippon Koei ကုမ္ပဏီက လုပ်ဆောင်ခွင့်ရခဲ့ပြီး ပြည်တွင်းမှ Max Myanmar ကုမ္ပဏီကတစ်ဆင့် ကန်ထရိုက်အဖြစ် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

"အဖေ...ဘေးမှာတွေ့လား...၊ လူသွားပလက်ဖောင်းတွေ၊ ရောင်စုံကာလာနဲ့ လှတယ်နော်...၊ အကျယ်ကြီးပဲ လမ်းလျှောက်ခရီးသွားတွေ နောက်ကျော လုံလုံနဲ့ စိတ်ချ လက်ချ သွားလို့ရအောင် လုပ်ပေးထားတယ်။ ရေဆင်းဖို့တူးတာတောင် ခြောက်ပေလောက်အထိကို တူးပစ်တာ၊ အခုလမ်းကြီးပြီးနေပြီ၊ ရေလုံးဝမတင်ဘူး..."ဟု ပြောလာသည်။

စီမံကိန်းတွင် လမ်းအရှည် ၅ ဒသမ ၄ မိုင်ကို ယာဉ်သွားလမ်းအကျယ် ၄၆ ပေအထိ ခင်းရမည်ဖြစ်ပြီး လေးလမ်းသွားဖြစ်သည်။ လမ်းဘေးမှ လမ်းပခုံးသားနှစ်ဖက်ရှိ ရေမြောင်းနှင့် ကေဘယ်(လ်)ကြိုး၊ လိုင်းကြိုးများထည့်ရန် Box များ ရှိမည်ဖြစ်သည်။ ပလက်ဖောင်းနှစ်ဖက်အကျယ်မှာ ၂၆ ပေရှိသည်ဟု သိရသည်။

လမ်းတည်ဆောက်ခြင်းအနေဖြင့် ယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် အသွားအပြန်လမ်းအလယ်၌ Guard– Roll သံတန်းများ တပ်ဆင်နေပြီဖြစ်သည်။ လမ်းအမှတ်အသား၊ လိုက်နာရမည့်အမှတ်အသားများကို ရေးဆွဲနေပြီဖြစ်သည်။

စည်းကမ်းသည် လူ့တန်ဖိုးဖြစ်သည်။ မည်သို့သော အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ပေး ဆောင်ရွက်ပေး၊ မော်တော်ယာဉ်များ၊ စက်တပ်ယာဉ်အသုံးပြုသူများ၊ ခရီးသွားများက လမ်းညွှန်အမှတ်အသားများကို အထူးလိုက်နာရန် လိုအပ်ပေသည်။ မော်တော်ဆိုင်ကယ်မြို့တော်ဖြစ်၍ မော်တော်ဆိုင်ကယ်မောင်းနှင်သူများက ပို၍အာရုံစိုက်သင့်ပေသည်။



အဆင့်မြှင့်တင်ဖောက်လုပ်ထားသည့် သန်လျင်-သီလဝါစီမံကိန်းလမ်းကို တွေ့ရစဉ်။

> " စည်းကမ်းသည် လူ့တန်ဖိုးဖြစ်သည်။ မည်သို့သော အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ပေးဆောင်ရွက်ပေး၊ မော်တော်ယာဉ်များ၊ စက်တပ်ယာဉ်အသုံးပြုသူများ၊ ခရီးသွားများက လမ်းညွှန်အမှတ်အသားများကို အထူးလိုက်နာရန် လိုအပ် "

**စည်းကမ်းမဲ့တွေ့ရ**

သမီးကားပေါ်မှ လိုက်လာလျက်က လမ်းလယ်တစ်နေရာတွင် ခရီးသွားတစ်ဦး၏ စည်းကမ်းမဲ့မှုကို ရုတ်တရက်တွေ့လိုက်ရသည်။ လမ်းအလယ်၌ အသစ်စက်စက် သံတန်းအား ခွကျော်၍ တစ်ဖက်ကမ်းသို့ ကူးသွားခြင်းဖြစ်သည်။ မဖြစ်ထိုက်၊ မလုပ်ထိုက်ပေ။

ဤကဲ့သို့ စည်းကမ်းမဲ့မှုမျိုးကို ယခုကတည်းက တိတိကျကျအရေးယူမှုများ ပြုလုပ်သင့်ပေသည်။ စီမံချက်များ ရေးဆွဲ၍ ထိန်းသိမ်းသင့်ပေသည်။

အဖေနှင့်သမီးနှစ်ဦးသား စကား တပြောပြောနှင့် မောင်းလာခဲ့သည်မှာ ကျိုက်ခေါက်စေတီတော်ကြီးရှေ့သို့ ရောက်လာခဲ့ပြီဖြစ်သည်။ ထိုကျမှ ဦးအောင်ဝေက "သမီး လောကကြီးမှာ အရာရာတိုင်းပြည့်စုံနေတယ်ဆိုတာ မရှိဘူး၊ တစ်ခုမဟုတ်တစ်ခုကတော့ လိုအပ်နေစမြဲပဲ၊ နိုင်ငံခြားက ပညာရှင်တွေရော၊ သမီးတို့ ပြည်တွင်းကုမ္ပဏီက အတတ်ပညာရှင်တွေပါ တော်ကြပါတယ်။ မြန်မာပြည်ရဲ့ လက်ရှိပကတိအခြေအနေကိုလည်း ကြည့်ဖို့ လိုတယ်၊ သမီး၊ ဒါကြောင့် သတိမမူလို့ ဂူကို မမြင်တာလား၊ ပညာရှင် သတိဖြစ်ခဲဆိုသလို လိုအပ်သွားတာလားတော့ မသိဘူးပေါ့နော်...၊ အခု လမ်းရှည်ကြီးတစ်လျှောက်လုံးမှာ အကြောင်းတစ်ခုခုကြောင့် ခေတ္တယာဉ်ရပ်နားဖို့ နေရာမတွေ့ခဲ့ဘူး...၊ မြို့တွင်း တည်ဆောက်ရေးမှာ အဝေးပြေးလမ်းမကြီးလို တည်ဆောက်ထားတာဖြစ်တယ်။

ရန်ကုန်မှာက ကားတွေ အတော်များနေပြီ၊ အဖေတို့ သန်လျင်တောင် အရင်နဲ့တူသေးလား၊ ကားတွေက တဖြည်းဖြည်းနဲ့ လမ်းအပြည့်မောင်းနေကြရပြီ၊ ခေတ္တရပ်နားဖို့ နေရာရှာမတွေ့ခဲ့ဘူး..၊ နောက် သန်လျင်မှာက မော်တော်ဆိုင်ကယ် အသုံးပြုတဲ့သူတွေ အလွန်များတယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီ စီးနေကြသလို... စည်းကမ်းမလိုက်နာဘဲ ကားကြိုကားကြားထဲကနေ ဖြတ်ခနဲ ဖြတ်ခနဲ ထွက်လာကြတာ ဆိုင်ကယ်စီးသူရော ကားမောင်းသူပါ အန္တရာယ်များတယ်...၊ အဲဒါကြောင့် နေပြည်တော်မြို့တွင်းလမ်းတွေလို ကားလမ်းဘေးတစ်ဖက်တစ်ချက်စီမှာ ဆိုင်ကယ်၊ စက်ဘီး သီးသန့်သွားဖို့ လမ်းဘေးလုပ်ပေးသင့်တယ်" ဟု အကြံပြုစကား ဆိုမိလိုက်သည်။

ထိုစကားဆိုတော့ သမီးက ကားမောင်းလျက်က မျက်လုံးလေးနှင့် စွေကြည့်လာသည်။ သမီးစိတ်ထဲတစ်ခုခုတော့ဖြင့် ပြန်ပြောချင်ပေလိမ့်မည်။ ပြန်မပြောခင်မှာပင် "ဒါပေမယ့် သမီးရဲ့....၊ အဖေတို့ ရန်ကုန်မြို့ကြီးမှာ အရင်က ပြည်လမ်းဆိုတာ အကောင်းဆုံးပဲ။ ပြည်လမ်းမှာ ကားမောင်းရရင် ကားချောင်ရင် အလွန်မောင်းလို့ ကောင်းခဲ့တာပေါ့... အဲဒီတုန်းက လမ်းက ချောနေတာပဲ။ မြန်မာပြည်ရဲ့ စံ လမ်းတစ်ခုပေါ့။ အခုတော့ အဖေ ဝန်ခံပါတယ်။ သမီးတို့ခေတ်မှာ အခုတည်ဆောက်တဲ့ သန်လျင် သီလဝါလမ်းကြီးကတော့ မြန်မာတစ်ပြည်လုံးနဲ့ ယှဉ်ပြောတာနော်။ အကောင်းဆုံးလမ်းကြီးပါပဲလို့ အဖေ ဝန်ခံလိုက်ပါပြီ။ "ဂျပန်လမ်းကြီး"လို့ အမည်ပေးလို့ရရင် ပေးလိုက်ချင်တယ်" ဟု ပြောမိပါတော့သည်။ ။